# သားတော်မြတ်စွာရာဟုလာ

ဝဏ္ဏသိရီ



စာမူခွင့်ပြုချက်အမှတ် (၁၂၅/၂၀၀၂) (၃)
မျက်နှာဖုံးခွင့်ပြုချက် (၂၁၀/၂၀၀၂) (၄)

# ဝဏ္ဏသိရိ

(စာရေးသူ၏ မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရေးဌာန

စာပေဖြန့်ချိရေး

အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)

* သားတော်မြတ်စွာ ရာဟုလာ၏ ဘဝခရီးအစမှ...

* သားတော်ရာဟုလာ ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေဖြစ်လာပြီး...

* ရာဟုလာအရှင်မြတ် အရဟတ္တဖိုလ် ပေါက်မြောက်၍၊ ရဟန္တာဖြစ်တော်မူပြီးနောက် ...

* ဘဝဇာတ်သိမ်း ခန္ဓာဝန်ငြိမ်း၍ နိဗ္ဗာန်စံဝင်သည်အထိ...

ကြေကွဲဖွယ်၊ လွမ်းဆွတ်ဖွယ်၊ ကြည်နူးဖွယ်၊ သနားကရုဏာသက်ဖွယ်ကို
ရသစာပေအဖွဲ့အနွဲ့တို့ဖြင့် ရေးသားထားသည့်...

# သားတော်မြတ်စွာ ရာဟုလာ

ဝဏ္ဏသီရိ

ရေးသားပြုစုသည်

ပထမအကြိမ်၊ ၂၀၀၂-ခုနှစ်၊ မေလ
အုပ်ရေ (၂၀၀၀)

**မျက်နှာဖုံးပန်းချီ**
ပန်းချီဝေမွန်လင်း

---

**အတွင်းသရုပ်ဖော်**
ကာတွန်း တင်ထွန်းကျော်

---

**မျက်နှာဖုံးဖလင်ခွဲ**
STAR

---

**အတွင်းအော့ဖ်ဆက်ဖလင်**
အောင်သိန်းစိုး

---

**ကွန်ပျူတာစာစီ**
ဂျင်မီသောင်းကြူ

---

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးမြသောင်း (၀၁၇၈၄) ခေတ္တရာပုံနှိပ်တိုက်
အမှတ် ၁၂၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

---

**အတွင်းပုံနှိပ်သူ**
ဦးဝင်းမြိုင် (၀၂၄၈၆) သိဒ္ဓိမြိုင်ပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

---

**ထုတ်ဝေသူ**
ဦးသန်းဆွေ (၀၁၄၇၃) စစ်သည်တော်စာပေ
အမှတ် ၁၁၃၁/က၊ ဥယျာဉ်လမ်း၊ (၁၉)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း။

# မာတိကာ


| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားဦး | ၁ |
| ၁။ | ဖတဆိုးကလေး ဖြစ်သွားပြီ | ၅ |
| ၂။ | လွမ်းလေသူ ယသော်ဓရာ | ၉ |
| ၃။ | ဘိုးတော် ဘွားတော်တို့၏ ရာဟုလာ | ၁၄ |
| ၄။ | နေပြည်တော်က မျှော်ကြပြီ | ၁၇ |
| ၅။ | ရှင်တော်မြတ်စွာ ပြန်ကြွလာပြီ | ၁၉ |
| ၆။ | ဖူးရ မြင်ရ ထိုအလှ | ၂၂ |
| ၇။ | ခတ္တိယမျိုးနွယ်နှင့် ဘုရားမျိုးနွယ် | ၂၇ |
| ၈။ | စီးဆင်းလာသည့် စကားလုံးများ | ၃၀ |
| ၉။ | ရာဟုလာနှင့် သူ၏ခမည်းတော် | ၃၄ |
| ၁၀။ | အမွေပေးပါ အမွေပေးပါ | ၃၉ |
| ၁၁။ | ရာဟုလာ အမွေရပြီ | ၄၄ |
| ၁၂။ | ဘိုးတော်မင်းတရားကြီး ပန်သောဆု | ၄၈ |
| ၁၃။ | သနားစရာလေး ချမ်စရာလေး | ၅၁ |
| ၁၄။ | ဘထွေးတော်များ လိုက်လာကြပြီ | ၅၄ |
| ၁၅။ | သဘောကောင်းသည် မနောကောင်းသည် | ၅၇ |
| ၁၆။ | ဘိုးတော်မင်းတရားကြီး ချုပ်ငြိမ်းခြင်း | ၅၉ |
| ၁၇။ | သောဝစဿတာ မင်္ဂလာ | ၆၂ |
| ၁၈။ | ကျက်စရာမှတ်စရာ အဘိုအထွာ | ၆၇ |

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | အသံတိတ် မုသား ပယ်ရှားနိုင်စေ | ၇၁ |
| ၂၀။ | သာသနာ့ဘောင်မှာ ပျော်ပါစေ | ၇၅ |
| ၂၁။ | မြေးအဘွားတို့ ဆုံဆည်းရာ | ၇၉ |
| ၂၂။ | သာသနာတော်တွင်းက သားအမိ | ၈၃ |
| ၂၃။ | ရွှေလောင်းကြီးနှင့် ရွှေလောင်းငယ် | ၈၈ |
| ၂၄။ | အမွန်မြတ်ဆုံး အမွေ | ၉၂ |
| ၂၅။ | ထိုတစ်နေ့ကို မမေ့နိုင်ပါ | ၉၉ |
| ၂၆။ | ဧတဒဂ် ဆုပေးပွဲကြီး | ၁၀၆ |
| ၂၇။ | ရှေးဆုတောင်းနှင့် ပါရမီ | ၁၁၀ |
| ၂၈။ | တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာ | ၁၁၆ |
| ၂၉။ | ပရိနိဗ္ဗာန် | ၁၂၂ |
| ၃၀။ | ကျမ်းညွှန်း |  |

# စကားဦး

ကျွန်တော်သည် ၁၉၈၂ ခု၊ ဒီဇင်ဘာလတုန်းက "မြတ်ဗုဒ္ဓ၏ သားတော် ရာဟုလာ" ဟူသော စာအုပ်ကလေးတစ်အုပ် ရေးသားခဲ့ဖူးပါသည်။ စပယ်ဦးစာပေက ထုတ်ဝေဖြန့်ချိပေးခဲ့ပါသည်။

ထိုစာအုပ်ကလေးမှာ လူငယ်စာဖတ်ပရိသတ်အတွက် ရည်ရွယ်ထားသဖြင့် စာတစ်ဘက်၊ ရုပ်ပုံတစ်ဘက် ဖော်ပြခဲ့ပါသည်။ အခန်းတစ်ခု တစ်ခုကို တစ်မျက်နှာတည်းနှင့် အပြီးရေးရသဖြင့် အခန်းနှင့် သက်ဆိုင်သည့်အကြောင်းအရာတို့ကို အကျဉ်းချုပ်၍ ရေးသားခဲ့ရပါသည်။

ထိုစာအုပ်ကလေးကို အခြေပြု၍ ယခုစာအုပ်ကို ရေးသားရာတွင် ရှေ့ပိုင်းက အခန်းအချို့ကို စာအိုင်နေမည်စိုး၍ ဖြုတ်ချထားလိုက်ရပါသည်။ အချို့အခန်းများကို ပေါင်းယှက်လိုက်ပါသည်။ ရုပ်ပုံတစ်ဘက်၊ စာမျက်နှာတစ်ဘက် မဟုတ်တော့သဖြင့် အခန်းအလိုက်

# စကားဦး

သတ်မှတ်ရွေးချယ်ထားသည့် အကြောင်းအရာတို့ကို လွတ်လပ်စွာ၊ ချောင်ချိစွာ ရေးနိုင်လာပါသည်။ သည်စာအုပ်ကလေးတုန်းက မပါခဲ့သည့် အခန်းများကိုလည်း ထပ်ဖြည့်ပေးလိုက်ပါသည်။

သားတော် ရာဟုလာနှင့် ပတ်သက်သော အကြောင်းအရာများကို ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း စာအုပ်ကြီးထဲက ထုတ်ယူထားပါသည်။ သို့ရာတွင် သူ့အတိုင်း တိုက်ရိုက်ထုတ်ယူ၍တော့ မရပါ။ တစ်သက်တာမှတ်တမ်းကြီးတုန်းက ညီတော်အာနန္ဒာ၏ နေရာက ဝင်ရောက်ပူးကပ်ကာ ကျွန်ုပ် နာမ်စားဖြင့် ရေးသားခဲ့ပါသည်။ ယခုစာအုပ်မှာမူ ကျွန်ုပ်နာမ်စားနှင့် မဟုတ်တော့သဖြင့် အရေးအသားပုံစံ ပြောင်းလိုက်ရပါသည်။ တစ်သက်တာမှတ်တမ်းကြီးတုန်းက အလျဉ်းမသင့်သဖြင့် ရေးကွက်မဝင်သောကြောင့် ကျန်နေခဲ့ရသော အကြောင်းအရာများကို ဤစာအုပ်ကျမှ ဖြည့်စွက်ခွင့်ရလာပါသည်။ အခန်းတစ်ခုနှင့်တစ်ခုကို ဆက်စပ်မှု ရှိစေရန် အစီအစဉ် ပြုလုပ်ထားပါသည်။ တစ်ခန်းနှင့်တစ်ခန်း အကူးအပြောင်းကိုလည်း ချောမောပြေပြစ်အောင် ဂရုတစိုက် ရေးသားထားပါသည်။ စာရှုသူများ စိတ်ဝင်တစား ဖတ်ရှုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

"သားတော် ရာဟုလာ"ဟု ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်ပရိသတ်အများစုမှာ ခမည်းတော်ထံမှ အမွေတောင်းနေသည့် ရုပ်သွင်ကလေးကို ပြေး၍ မြင်မိကြပါလိမ့်မည်။ ထိုသို့ မြင်နိုင်အောင် ရုပ်စုံဗုဒ္ဓသာသနာဝင် စာအုပ်ကြီးထဲက ပန်းချီဆရာကြီး ဦးဘကြည်၏ ရာဟုလာ အမွေတောင်းနေပုံ ကလေးက ကောင်းကောင်းကြီး အထောက်အကူ ပြုခဲ့ပါလိမ့်မည်။

# စကားဦး

သားရှင်ပြု အလှူမင်္ဂလာပွဲများ၌ ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ ရာဟုလာ အမွေတောင်းခန်း ဟောပြောချက်ကို ကြားနာခဲ့ကြရပါ လိမ့်မည်။

သို့ရာတွင် သားတော် ရာဟုလာ၏ အရည်အသွေးများ ပိုမို၍ ထောက်ပြောင်လာသည်မှာ သာသနာတော်တွင်း ရောက်လာပြီးမှ ဖြစ်ပါသည်။ ကပိလဝတ်နန်းတော်ကြီးထက်မှာ တွတ်တီးတွတ်တာ ပြောဆိုနေသည့် ရာဟုလာမင်းသားကလေး ချစ်စရာကောင်းသည် ထက် ရှင်ရာဟုလာအဖြစ်ဖြင့် ကြည်ညိုဖွယ်ကောင်းတာက ပိုမို၍ အလေးစီးနေပါသည်။ ရှင်ရာဟုလာအား လမ်းမှားသို့ ရောက်မသွား စေရန် ဘုရားရှင် ဟောကြားတော်မူခဲ့သည့် ဒေသနာတော်များသည် ဤစာအုပ်၏ အနှစ်သာရ ဖြစ်ပါသည်။

သားတော်မြတ်စွာ ရာဟုလာသည်ကား သောဝစဿတာ မင်္ဂလာ၏ စံပြပုဂ္ဂိုလ် ဖြစ်ပါသည်။ ကျမ်းပြုပုဂ္ဂိုလ် အသီးသီးတို့ သောဝစဿတာမင်္ဂလာ၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုလေတိုင်း ရှင်ရာဟုလာ၏ စံနမူနာကို ထုတ်ဆောင်ရမြဲ ဖြစ်ပါသည်။

ဤစာအုပ်တွင် ထိုစံနမူနာ၊ ထိုအရည်အသွေးများ ထောက် ပြောင်၍ ထင်ရှားစေရန် ကြိုးစား၍ ရေးသားထားပါသည်။ ရှင်ရာဟုလာ၏ စံနမူနာကို အားကျကာ လိုက်နာကျင့်သုံးသော အားဖြင့် သောဝစဿတာ မင်္ဂလာရှိလာကြစေရန် ရည်သန်ပါသည်။

ဤစာအုပ်ပါ ရေးသားချက်များကို မူရင်းကျမ်းဂန်များနှင့် တိုက်ဆိုင်ကြည့်လိုသူများအတွက် စာကိုယ်အဆုံးတွင် ကျမ်းညွှန်း ထည့်ပေးထားပါသည်။ တချို့ကျမ်းညွှန်းမှာ တစ်ခန်းလုံးအတွက် ဖြစ်၍ တချို့ကျမ်းညွှန်းမှာ တစ်စိတ်တစ်ပိုင်းအတွက်သာ ဖြစ်ပါ သည်။

# စကားဦး

သားတော်မြတ်စွာ ရာဟုလာ၏ ဘဝအစိတ်အပိုင်းများကို ဆက်စပ်တင်ပြရာတွင် အချို့နေရာ၌ ဇာတ်ကွက်လည်စေရန် စာရေးသူ အနေနှင့် ဤသို့ဖြစ်တန်ကောင်း၏ဟူသော တွေးဆချက်ဖြင့် ကြားခံ ဆက်စပ်ပေးရသည့် အရေးအသားများလည်း ရှိပါသည်။ ထိုအရေး အသားများအတွက်တော့ ကျမ်းညွှန်းဖော်ပြစရာမရှိပါ။

စာရှုသူအပေါင်းတို့ သောဝစသဿတာ အစရှိသော မင်္ဂလာ ပန်းများ ဆင်မြန်းနိုင်ကြပါစေ။

ဝဏ္ဏသီရိ

မုံရွာမြို့။
၂၉-၁၀-၂၀၀၁



## ၁။ ဖတဆိုးကလေး ဖြစ်သွားပြီ

ထိုနေ့သည်ကား မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့။

ထိုနေ့သည်ကား သားတော်လေး ရာဟုလာ၏ မင်္ဂလာရှိသော မွေးနေ့။

သူ၏ခမည်းတော် သိဒ္ဓတ္ထမင်းသားသည် ဤသို့သော ဝါဆိုလပြည့်နေ့တွင် မယ်တော် မဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေခဲ့၏။ သူ၏သားတော် ရာဟုလာသည်ကား ဤဝါဆိုလပြည့်တွင်ပင် မျက်နှာသန့်စင် ဖွားမြင်လာခဲ့ပေသည်။

မင်္ဂလာအပေါင်း ခ,ညောင်းလျက်ရှိသော ထိုဝါဆိုလပြည့်နေ့ညတွင် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် ကောင်းကျိုးချမ်းသာဖြစ်စေနိုင်သော မင်္ဂလာတစ်ပါး တိုးပွားလာစေရန် မြင်းထိန်းအမတ် မောင်ဆန်နှင့် တိုးတိုးတိတ်တိတ် စီစဉ်လျက်ရှိ၏။ ထိုအချိန်ထိ သူသည် ဖွားမြင်ထားသည့် သားတော်

ကလေး၏ မျက်နှာကို မရှုမြင်ရသေးပေ။ ညနေခင်းအချိန်၊ ဥယျာဉ်တော်အတွင်းက ကျောက်ဖျာထက်၌ တစ်ဦးတည်း ထိုင်နေစဉ်တုန်းကပင် ယသော်ဓရာ မိဖုရားမှ သားတော်လေး ဖွားမြင်လာသည့် သတင်းစကားကို ကြားသိခဲ့ရ၏။

ထိုစဉ်တုန်းက သိဒ္ဓတ္ထမင်းသားသည် အို နာ သေရေး ဒုက္ခဘေးတို့မှ လွတ်မြောက်နိုင်ရန်အတွက် အလေးအနက်စဉ်းစားနေမိ၏။ ယခင်တုန်းကတော့ အို နာ သေရေး ဒုက္ခဘေးတို့ကို တွေးတောကာ စိတ်မသက်မသာဖြစ်ရုံနှင့် လမ်းဆုံးခဲ့ရ၏။ ယနေ့နံနက် ဥယျာဉ်တော်သို့ ထွက်လာသည်တွင်ကား လွတ်ရာလမ်းစကို တွေ့လာခဲ့ရပေပြီ။ ရထားပေါ်က မူးခဲ့ရသော ရဟန်းတစ်ပါးသည်ပင် မိမိ၏ လမ်းပြပုဂ္ဂိုလ်ဖြစ်နေပေပြီ။ ထိုသူတော် သူမြတ်ကဲ့သို့ပင် မိမိသည်လည်း ဆံကေသာပယ်ဖြတ်၍ ဖန်ရည်ဆိုးသော အဝတ်ဖြင့် ရဟန်းဝတ်မှ ဖြစ်ပေတော့မည်။

ဤသို့ ရဟန်းပြုရန် ကြံစည်နေတုန်းမှာမှ သားတော်လေး ဖွားမြင်လာသည့် သတင်းစကားကို ကြားလိုက်ရသဖြင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရ၏။ စိတ်ထဲမှာ မြိုသိပ်မထားနိုင်လောက်အောင် အနှောင့်အယှက်က ကြီးမားလှသဖြင့်-

"လမင်းကြီးကို ရာဟုဖမ်းသကဲ့သို့ ငါ့ကို ဖမ်းဆီးမည့်သူ ပေါ်လာပါပေါ့ကလား"ဟု ရေရွတ်ခဲ့မိ၏။

ထိုကဲ့သို့ ရေရွတ်ခဲ့သည်ကိုပင် အကြောင်းပြုကာ ဆွေတော်မျိုးတော်အပေါင်းက ဖွားမြင်လာသည့် သားကလေးကို ရာဟုလာဟု အမည်ပေးခဲ့ကြပေသည်။

ယခုတော့ သည်သားကလေး ရာဟုလာကို ကိုယ်တိုင်သွား၍ ရှုစားရပါဦးမည်။

ထက်ကောင်းကင် ဗဟိုချက်မ၌ လမင်းကြီး ထိန်ထိန်သာ နေသည့်အချိန်တွင် သူ၏ အစီအစဉ်များအားလုံး ပြီးစီးနေပေပြီ။ မြင်းထိန်းအမတ် မောင်ဆန်သည် စီးတော်မြင်း ကဏ္ဍကကို ကကြိုးတန်ဆာပြည့်စုံစွာ ဆင်ယင်လျက် နန်းတော်လှေကားရင်း၌ ချည်ကာ တိုးတိတ်စွာ စောင့်စားလျက် ရှိနေပေပြီ။ ခမည်းတော်၊ မယ်တော်၊ ဆွေတော် မျိုးတော်များနှင့်တကွ ကပိလဝတ်နန်းတော်ကြီးတစ်ခုလုံး တစ်စုံတစ်ရာကြောင့်ကြမှုမရှိဘဲ နှစ်ခြိုက်မွေ့လျော် အိပ်ပျော်၍နေကြပေပြီ။ မိမိစီစဉ်ထားသည့် လုပ်ငန်းကြီးအတွက် အဆင်အပြေဆုံး အကောင်းဆုံး အခွင့်အခါပင် ဖြစ်ပေသည်။

ထိုကဲ့သို့သော အခါကောင်းတွင် သိဒ္ဓတ္ထမင်းသားသည် ယသော်ဓရာ၏ ခန်းမဆောင်သို့ အသာအယာ လျှောက်လာခဲ့၏။ ညဉ့်လုံးပေါက် ထွန်းညှိထားသည့် နံ့သာဆီမီးရောင်ဖြင့် ရွှေသလွန်ထက်တွင် နှစ်ခြိုက်စွာ အိပ်စက်နေကြသည့် သားအမိကို မြင်လိုက်ရ၏။ ဖွားမြင်ပြီးစ သားငယ် နိတာထွေးကို ရင်ခွင်မှာထားလျက် ယသော်ဓရာ့မျက်နှာသည် ပြုံးရောင်သန်းလျက် ရှိနေ၏။ အာဝေဏိက ဒုက္ခဝေဒနာဒဏ် ခံစားရသည့်ကြားကပင် ဤမျှလောက် ချစ်စရာကောင်းသည့် သားသားလေးကို ဖွားမြင်ခဲ့ရသည့်အတွက် နှစ်သိမ့်ကြည်နူးနေဟန် ရှိပေသည်။ ဤသားကလေးကို အကြောင်းပြုကာ သူ့ဖခင်၏ ကြည်လင်ရွှင်လန်းလာသည့် ရုပ်သွင်ကို မြင်ယောင်နေဟန် ရှိပေသည်။

သိဒ္ဓတ္ထမင်းသားသည် သလွန်တော်အနားသို့ အသာအယာ ချဉ်းကပ်လာ၏။ သားအမိနှစ်ယောက်ကို လွှမ်းအုပ်ထားသည့် ဇာခြင်ထောင်ပါးပါးကို အသာအယာ မ,လိုက်၏။ ပူပန်ကြောင့်ကြမှုဟူ၍ လုံးဝမရှိ။ ပကတိအေးချမ်းစွာ အိပ်စက်နေကြသည့် သားအမိကို

ကြည့်ရင်း ကရုဏာစေတသိက်များ ဖြစ်ပွားလာကြ၏။ ကရုဏာစေတသိက်တို့၏ စေ့ဆော်ချက်ဖြင့် သူ၏လက်နှစ်ဖက်သည် သားတော်လေး ရာဟုလာကို ပွေ့ချီရန် ဟန်ပြင်လာကြ၏။ သားတော်လေးကို ရင်ခွင်မှာ ပွေ့ထားလျက် အားပါးတရ နှုတ်ဆက်နမ်းနမ်းရန်ပင် ဖြစ်ပါ၏။

ထိုစဉ်ခိုက်မှာပင် သူ၏ သတိတရားက ပိုင်နိုင်စွာ ထိန်းချုပ်လိုက်သဖြင့် သူ၏လက်နှစ်ဖက်တို့ ရုပ်သိမ်းသွားကြရ၏။ သူ၏စိတ်ဆန္ဒများကို ပယ်ဖျောက်လိုက်ရ၏။ သားအမိနှစ်ဦးသားတို့ကို စူးစူးစိုက်စိုက်ကြည့်ရှုနေသည့် မျက်လုံးအစုံသည် သက်ပြင်းချသံတစ်ခုနှင့်အတူ ယတိပြတ်လွှဲဖယ်သွားခဲ့၏။

မယ်တော်၏ ရင်ခွင်၌ အိပ်စက်လျက်ရှိသော ရာဟုလာသည် ထိုသည့်တစ်ခဏလေးအတွင်း၌ မိမိ ဖတဆိုးသားလေးတစ်ယောက်ဖြစ်သွားလေပြီဆိုသည့်အကြောင်းကို သိနိုင်ရှာမည် မဟုတ်ပါတကား။

■■



## ၂။ လွမ်းလေသူ ယသော်ဓရာ

"ဘုရားကျွန်တော်မျိုး၏ အရှင် မင်းသားသည် ကဏ္ဍက မြင်းတော်ကို စီးလျက် ညတွင်းချင်း ခရီးပြင်းနှင်တော်မူရာ အနော်မာ မြစ်သို့ ဆိုက်ရောက်ခဲ့ပါသည်။ အနော်မာမြစ်ကမ်းက သဲခုံထက်ဝယ် ဥဿျောင်တော်ကို လက်စွဲတော် သန်လျက်ဖြင့် ကိုယ်တော်တိုင် ရိတ်ဖြတ်၍ ရဟန်းပြုလိုက်ပါပြီ ဘုရား"

နောက်နေ့တွင် မြင်းထိန်းအမတ် မောင်ဆန် ပြန်ရောက်လာ ကာ ညတုန်းက ဖြစ်ကြောင်းကုန်စင်ကို ခမည်းတော်မင်းတရားကြီးထံ တင်လျှောက်၏။ တစ်နေ့တာလုံး အကြိမ်ကြိမ်အဖန်ဖန် ဆင်နွှဲနေ ခဲ့ကြရသည့် ငိုပွဲကြီးများပေါ်တွင် နောက်တစ်ပွဲ ထပ်ဆင့်လာ ပေသည်။

အနော်မာမြစ်၏ သဲခုံထက်တွင် သိဒ္ဓတ္ထမင်းသားသည် ခန္ဓာ မခြားဘဲ ဘဝခြား၍ သွားခဲ့၏။ သူ့ကို ကျောပေါ်မှာ သယ်ဆောင်၍

ပါရမီဖြည့်ခဲ့ရသော ကဏ္ဍကမြင်းတော်သည် ထိုသဲခုံထက်မှာပင် ခန္ဓာစဲ၍ သေပွဲဝင်ခဲ့ရရှာပေသည်။ ဘဝတစ်လျှောက်လုံး ချစ်ခင်လေးစားလာခဲ့ရသည့် အရှင်သခင်နှင့် ကွေကွင်းရသည့်ဒဏ်ကို သူ့နှလုံးသားက ခံနိုင်ရည်မရှိတော့၍ပင် ဖြစ်ပေသည်။

လင်ပစ်မလေးတစ်ယောက်အဖြစ် မျက်နှာမငယ်ပါစေနှင့်တော့ဟူ၍ ဒေဝဒဟ မိဘဆွေမျိုးများက မိဘရပ်ဌာန်ပြန်လာဖို့ ကမ်းလှမ်းကြပါ၏။ လူကိုယ်တိုင်လာ၍ ခေါ်ကြပါ၏။ ယသော်ဓရာကား ကပိလဝတ်မြို့တော်က လုံးဝမခွာလို။ မောင်တော်သိဒ္ဓတ္ထက မိမိနှင့်တကွ သားတော်လေး ရာဟုလာကိုပါ မတွယ်မတာ စွန့်ခွာ၍ သွားခဲ့နိုင်သော်ငြားလည်း မိမိဘက်ကတော့ မစွန့်နိုင်သေးပါ။ မခွာနိုင်သေးပါ။ မိမိကိုယ်ကို မောင်တော်သိဒ္ဓတ္ထ ပိုင်ဆိုင်နေဆဲဟူ၍သာ မှတ်ထင်နေ၏။

တစ်ဦးသောသူက မပိုင်ချင် မဆိုင်ချင်တော့၍ လွတ်ရာကျွတ်ရာသို့ မျက်နှာလွှဲ၍ သွားခဲ့၏။ တစ်ယောက်သောသူကတော့ ထိုသူရှိရာသို့ မျက်နှာမူကာ ထိုသူနှင့် တစ်စုံတစ်ရာပတ်သက်နေသေးသကဲ့သို့ တွေးမြင်ခံစားနေဘိ၏။

အလောင်းတော်မင်းသားသည် ဝတ်ကြောင်ပုဆိုးကို ပယ်စွန့်ကာ ဖန်ရည်ဆိုးအဝတ်များ ဝတ်ဆင်နေပြီဟု ကြားသိရသည့်အချိန်မှစ၍ သူကလည်း ဖန်ရည်ဆိုးအဝတ်များကို ဝတ်လာခဲ့၏။

အလောင်းတော်မင်းသားသည် ညစာမစားဘဲ နံနက်စာတစ်ထပ်တည်းသာ စားတော့သည်ဟု ကြားသိရသည်တွင် သူကလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသည့် ညစာကို မျက်နှာလွှဲ၍ နေခဲ့၏။

အလောင်းတော်မင်းသားက ခုတင်ညောင်စောင်းမပါ၊ မြေပေါ်မှာ အိပ်စက်နေတော့သည်ဆိုသဖြင့် သူကလည်း ကြမ်းပြင်ပေါ်မှာ အိပ်စက်ခဲ့၏။

အလောင်းတော်မင်းသားသည် ပန်းနံ့သာလိမ်းကျံခြင်းအမှုကို မပြုတော့သဖြင့် သူကလည်း မိန်းမသားတို့၏ သည်းခြေကြိုက် လိမ်းစရာ ခြယ်စရာများကို ပယ်စွန့်၍ ထားလိုက်၏။

သူ့အတုကိုလိုက်ပြီး ယခုလိုအဆင်းရဲ အပင်ပန်းခံနေခြင်းဖြင့် သူနှင့် တစ်စုံတစ်ရာ အဆက်အစပ်ရှိနေသေးသည်ဟု ယသော်ဓရာ ခံစား၍ ရနေပါ၏။ သည်ခံစားချက်ဖြင့်ပင် မိမိ၏လွမ်းစိတ်များကို ဖြေဖျောက်၍ နေရပါ၏။ ဤလိုနေရင်းက သားတော်လေး ရာဟုလာ၏ ပြုံးမျက်နှာကို မြင်လိုက်ရသည်တွင် မိမိ၏ခံစားချက်များသည် ပိုမို၍ ထက်သန်လာကြပေတော့သည်။

သုဒ္ဓေါဒနမဟာရာဇာနှင့် မဟာပဇာပတိ ဂေါတမီတို့သည် လင့်အပစ်ပယ်ခံ ချွေးမတော်ကလေးအား နှစ်သိမ့်စကား၊ အားပေးစကား များ ပြောဆိုကြရ၏။ စိတ်သက်သာခွင့်ရတန်သလောက် ရပါစေရန် ဖေးဖေးမမ ပြုကြရ၏။ သမီးရင်းကလေးနှင့်မခြား ကြင်ကြင်နာနာ ဆက်ဆံကြရ၏။ အိုကြီးအိုမ မိနှင့်ဖကိုမှ ခွဲရက်လေသူ သွားလေသူ အတွက် ကျလုကျခင် မျက်ရည်စများကို ချုပ်တည်းကာ ယသော်ဓရာတို့ သားအမိရှေ့က မားမားမတ်မတ် ရပ်ပေးကြရ၏။

ဤသို့ ကိုယ်ရေးကိုယ်တာ ခံစားချက်တို့ကို မြိုသိပ်ကာ နိုင်ငံတော်၏တာဝန်ကိုလည်း မပျက်မကွက် ထမ်းဆောင်ရသေး၏။

မဟာရာဇာတို့၏ ဣန္ဒြေကို ထိန်းမြဲထိန်းကာ ရာဇပလ္လင်ပေါ် တက်ရသေး၏။

ရာဇပလ္လင်ထက်မှာနေ၍ စိမ်ခန့်ခွဲဖွယ် ကိစ္စအဝဝကို စိမ်ရင်းခန့်ခွဲရင်းကပင် သားတော်ဆီက သတင်းစကားတို့ကို နားစွင့်နေမိ၏။

အထောက်တော်များမှတစ်ဆင့် သားတော်ရဟန်းမြတ်သည် အနုပိယ သရက်တောမှတစ်ဆင့် ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူကြောင်း ကြားသိရ၏။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းသည် ရဟန်းမြတ်ကို မြင်လျှင်မြင်ချင်း ချစ်ခင်ကြည်ညိုလှသဖြင့် မိမိနှင့်အတူ စည်းစိမ်ချမ်းသာများ ခံစား၍ နေရန် ပန်ကြားရာတွင် ရဟန်းမြတ်က ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့၏။

သကျတို့၏ နိုင်ငံငယ်ငယ်ကလေးက မင်းသားတစ်ပါးသည် အဝှမ်းကျယ်လှစွာသော မဂဓတိုင်းကြီးရှင်၏ ဖိတ်ကြားချက်ကို လက်မခံပါချေ။ ဤသည်မှာ မိမိနိုင်ငံနှင့်အမျိုးကို ဂုဏ်တင်ပေးရာ ရောက်သဖြင့် ခမည်းတော် မယ်တော်တို့မှ မျက်ရည်စက်လက်နှင့် ကျေနပ်ကြရပေသည်။

အနော်မာသဲခုံထက်၌ မောင်တော်မင်းသား ရဟန်းပြုသွားပြီဟု ကြားလိုက်ရသည့်အချိန်ထိ ယသော်ဓရာသည် မိမိ၏မျှော်လင့်ချက်ကို မစွန့်လွှတ်နိုင်သေးပါ။ ရဟန်းဘောင်တွင် မပျော်မွေ့ပါက တစ်နေ့ကျလျှင် မိမိတို့သားအမိထံ ပြန်ရောက်လာမည်ဟု မျှော်လင့်ထားခဲ့၏။ ယခုတော့ ဗိမ္ဗိသာရမင်း၏ ဖိတ်ကြားချက်ကို ငြင်းငယ်လိုက်ပြီတဲ့။ ဤမျှလောက် စိတ်နှလုံးထားပြတ်သားနေမှတော့ မောင်တော်

အရှင်မြတ်သည် လောကီ လူ့ဘောင်သို့ လုံးဝပြန်လာတော့မည့် မဟုတ်ပါ။ သို့ရာတွင် မောင်တော်မြတ်အပေါ်မှာ မိမိထားရှိခဲ့သည့် စေတနာ မေတ္တာတို့ကိုကား မောင်တော်မြတ်ကိုယ်တိုင်က အသိအမှတ် မပြုဘဲ မနေနိုင်ပါ။ တစ်နေ့နေ့ကျလျှင် အသိအမှတ်ပြုကို ပြုရမည်သာဟု ခိုင်မြဲစွာ ယုံကြည်ထားပေသည်။

❖



## ၃။ ဘိုးတော် ဘွားတော်တို့၏ ရာဟုလာ

သားတော်ကြီးသိဒ္ဓတ္ထ တောထွက်သွားချိန်တွင် သားတော်ငယ်နန္ဒမှာလည်း လူလားကောင်းကောင်းမြောက်နေပြီဖြစ်၍ ခမည်းတော်၊ မယ်တော်နား ကပ်သည်မရှိတော့ပေ။ သူ့အခြေအရံ၊ သူ့အလုပ်တာဝန်များနှင့်သာ သူ့ဘာသာ အချိန်ကုန်နေတတ်၏။ ထို့ကြောင့် သုဒ္ဓေါဒနမဟာရာဇာနှင့် မဟာပဇာပတိဂေါတမီတို့မှာ မြေးတော်ရာဟုလာလေးကိုသာ အတိုးချ၍ ချစ်နေကြရပေသည်။

ရာဟုလာသည် နို့ဆာသည့်အခါလောက်သာ မယ်တော့်ရင်ခွင်မှာ နေရ၏။ အခြားအချိန်များတွင်မူ ဘိုးတော်လက်မှာတစ်လှည့်၊ ဘွားတော်လက်မှာတစ်လှည့် ကူးချည်သန်းချည်ပြုနေရ၏။ ညီလာခံသဘင် ဆင်ယင်ကျင်းပသည့်အခါများတွင်လည်း ရာဇပလ္လင်ထက်တွင် သုဒ္ဓေါဒနမဟာရာဇာနှင့်အတူ မြေးတော်လေး ရာဟုလာကိုပါ မှူးတော်၊ မတ်တော်တို့က ဦးခိုက်ကြရပေသည်။

ကပိလဝတ်နန်းတော်ကြီးတစ်ခုလုံး၏ မေတ္တာကို ခံယူလျက် ရာဟုလာသည် တစ်စတစ်စ ကြီးထွားလာခဲ့၏။ ဘိုးတော် ဘွားတော်များထံမှ မယ်တော့်ထံသို့၊ မယ်တော့်ထံမှ ဘိုးတော် ဘွားတော်များထံသို့ တတောက်တက်တက် ကူးတတ်သန်းတတ်လာ၏။ မပီကလာ ပီကလာဖြင့် တီတီတာတာပြောတတ်လာ၏။ သူကလေး၏မျက်နှာပေါ်ဝယ် သူကလေးကိုယ်ခန္ဓာတစ်ခုလုံးဝယ် သူ့ခမည်းတော်၏ သွင်ပြင်လက္ခဏာများက တစ်နေ့စ်ထက်တစ်နေ့စ် ထင်ရှားလာကြ၏။ သို့ဖြစ်၍ ဘိုးတော် ဘွားတော်နှင့် မယ်တော်တို့မှာ အလွမ်းပြေရ မလိုလို၊ ပို၍ပင် လွမ်းရမလိုလို ဖြစ်ကြရလေသည်။

ဤသို့ မြေးတော်လေးဘက်က တစ်နေ့စ်ထက်တစ်နေ့စ် အားတက်စရာ ဖြစ်လာချိန်တွင် သူ၏ခမည်းတော်အတွက်ကား အားပျက်စရာ ဖြစ်လာပါ၏။

သားတော် ရဟန်းမြတ်သည် ဥရုဝေလ တောကြီးအတွင်း၌ သူတကာတို့ ကျင့်သုံးရန် ခဲယဉ်းလှစွာသော ဒုက္ကရစရိယာအကျင့်များကို ကျင့်သုံးတော်မူနေ၏။ ထက်ဝယ်ဖွဲ့ခွေထိုင်နေသည့် ဣရိယာပုထ်တစ်ခုတည်းဖြင့် အချိန်ပြည့်နီးပါး တရားအားထုတ်ရုံသာမက ထွက်သက် ဝင်သက်များကို ချုပ်တည်းထားသဖြင့် အလွန့်အလွန် ဆင်းရဲပင်ပန်းသည့်ဒဏ်ကို ခံစားတော်မူရ၏။ စောစောတုန်းကတော့ ပဉ္စဝဂ္ဂီရဟန်း ငါးပါးတို့ ဆက်ကပ်သည့် ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးတော်မူပါသေး၏။ နောက်ပိုင်းတွင်မူ ဆွမ်းဘောဇဉ်ကို ပယ်စွန့်ကာ ပဲနောက်ပြုတ်ရေ လက်တစ်ခုပ်စာလောက်သာ ဘုဉ်းပေးတော်မူပေသည်။

ဤသို့ အတ္တကိလမထတစ်ဖက်စွန်းဖြင့် အစွမ်းကုန်ကျင့်သုံးတော်မူသဖြင့် ကိုယ်တော်၏ အသွေးအသားဟူသမျှ ခန်းခြောက်ကာ

မျက်ကွင်းဟောက်ပက် ဖြစ်လာရတော့၏။ အရိုးပဒေသာဖြင့် တုန်တုန်ရီရီ လှမ်းကြွရင်း စကြံဦးမှာ လဲကျတော့မူရ၏။

ဤကဲ့သို့ အားပျက်စရာ သတင်းစကားတွေ ဆက်ကာဆက်ကာ ကြားလာရသော်ငြားလည်း ခမည်းတော်မင်းတရားကြီးမှာ အားလျော့မသွားပါ။ သူ၏သားတော် ရဟန်းမြတ်သည် သူရည်မှန်းထားသည့် တရားထူး တရားမြတ်ကို မျက်ဝါးထင်ထင် မသိရ မမြင်ရသေးသမျှ လုံးဝမသေနိုင်ဟူ၍ ခိုင်ခိုင်မြဲမြဲ ယုံကြည်လျက်ပင် ရှိနေပေသည်။

■■



## ၄။ နေပြည်တော်က မျှော်ကြပြီ

မြေးချစ် ရာဟုလာ၏ ဆည်းလည်းသံများကို နာခံရင်း ဘိုးတော် ဘွားတော်တို့သည် သားတော်မြတ်ထံမှ သတင်းစကားတို့ကို နားစွင့်လျက် နေခဲ့ကြလေသည်။

မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့တွင် ရာဟုလာ၏ ခမည်းတော်သည် အရိပ်အာဝါသကောင်းလှစွာသော မဟာဗောဓိပင်ရိပ်၌ သစ္စာလေးတန် တရားမှန်ကို သိတော်မူ၏။ ဆရာ မရှိ၊ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသဖြင့် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူပေသည်။

ဤသတင်းကောင်းကို ကြားလိုက်ရသည့်နေ့မှစ၍ ခမည်းတော် မယ်တော်တို့သည် သားတော်မြတ်ကို အမျှော်ကြီး မျှော်ခဲ့ကြ၏။ သို့ရာတွင် သားတော်မြတ်ကတော့ နေပြည်တော်ဆီသို့ ခြေဦးလှည့်တော်မမူသေးပါ။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မိမိအား ခြောက်နှစ်တိုင်တိုင် ပြုစုလုပ်ကျွေးလာခဲ့ကြသည့် ပဉ္စဝဂ္ဂီ ငါးဦးတို့ရှိရာ မိဂဒါဝုန်တောသို့ ကြွရောက်တော်မူ၏။ ပဉ္စဝဂ္ဂီရဟန်း ငါးပါးတို့အား ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ္တန်တရားတော်များ ဟောကြားကာ မိဂဒါဝုန်တောမှာပင် ပထမဝါ ကပ်တော်မူလေသည်။

ထိုမှတစ်ဖန် ဒုတိယဝါဆိုချိန် နီးလာသည့်အခါတွင်လည်း ဗိမ္ဗိသာရမင်းအား ပေးထားခဲ့သည့် ကတိစကားအရ ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူ၏။ ဗိမ္ဗိသာရမင်းကြီး လှူဒါန်းသည့် ဝေဠုဝန်ကျောင်းတော်ကို အလှူခံတော်မူပြီးလျှင် ဝေဠုဝန်ကျောင်းတော်၌ ဒုတိယ ဝါကပ်တော်မူလေသည်။

မိမိတို့ ကပိလဝတ်မြို့တော်သို့ သားတော်ဘုရား ကြွလာတော်မမူသဖြင့် သက်ကြီးရွယ်အို ခမည်းတော်နှင့် မယ်တော်တို့မှာ ကိုယ်ရောစိတ်ပါ နွမ်းရိုညှိုးခွေလာကြရ၏။

မယ်တော်ကြီး ဂေါတမီမှာ သားတော်များ၊ တူတော်များနှင့် ဆုံမိလေတိုင်း အားလျော့စကားများချည်း ပြောနေမိ၏။

ထိုအချိန်၌ မြေးတော်လေး ရာဟုလာသည် ခုနစ်နှစ်သားအရွယ် ရှိနေပေပြီ။ ဘိုးတော် ဘွားတော်တို့၏ စိတ်တွင်း ခံစားချက်ကို အကုန်အစင် မသိတတ်သေးသော်ငြားလည်း ဘိုးတော် ဘွားတော်တို့၏ မျက်နှာနေ မျက်နှာထားကိုကား ကောင်းကောင်းကြီး အကဲခတ်တတ်နေပါပြီ။

ထို့ကြောင့်လည်း မရွှင်လန်းသည့် မျက်နှာများကိုကြည့်ရင်း ကြည့်ရင်း သူ့မျက်နှာလေးပါ ညှိုးနွမ်း၍ သွားရရှာလေသည်။

■■



## ၅။ ရှင်တော်မြတ်စွာ ပြန်ကြွလာပြီ

သားတော်ဘုရားကို ဖူးတွေ့ချင်လှသဖြင့် သုဒ္ဓေါဒနမဟာရာဇာသည် ဝေဠုဝန်ကျောင်းတော်သို့ အခြွေအရံများနှင့်တကွ အမတ်တစ်ယောက်ကို စေလွှတ်ခဲ့၏။ လွှတ်လိုက်သော အမတ်နှင့် အခြွေအရံများသည် ဘုရားရှင်ရှေ့တော်မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားကြပါ၏။ သူတို့ရောက်သွားသည့်အချိန်၌ ဘုရားရှင်သည် ရဟန်းရှင်လူ ပရိသတ်လေးပါးတို့အား တရားဟောနေခိုက်ဖြစ်၍ ပရိသတ်အစွန်အဖျားက ဝင်၍ တရားနာကြ၏။ ထိုတရားပွဲအပြီးတွင် ထိုအမတ်နှင့်တကွ နောက်လိုက်နောက်ပါ အမှုထမ်းအားလုံး ခန္ဓာမခြားဘဲ ဘဝခြားသွားကြတော့၏။ ပုထုဇဉ်ဘဝမှ လွန်မြောက်ကာ ကိလေသာမခြားသော မဂ်လေးဆင့်ဖြင့် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်သွားကြတော့၏။

ထိုရဟန္တာပုဂ္ဂိုလ်များသည် လူ့ဘောင် လူ့ဘဝတုန်းက သံယောဇဉ်ဟူသမျှကို ပယ်စွန့်ထားလိုက်ကြပြီဖြစ်၍ အရှင်သခင်

ဟောင်း သုဒ္ဓေါဒနမင်းတရားကြီး၏ အမှာစကားကိုပါ လျစ်လျူ ရှုထားလိုက်ကြပေတော့သည်။

ဤတွင် သုဒ္ဓေါဒနမင်းကြီးသည် နန်းတော်မှာ ကျန်နေသေးသည့် အမတ်များကို တစ်ယောက်ပြီးတစ်ယောက် စေလွှတ်ရပြန်၏။

အမတ်ကိုးယောက်တိုင်တိုင် စေလွှတ်၍ တုံ့ပြန်ချက်မရသော အခါ သုဒ္ဓေါဒနမင်းကြီးသည် ငယ်ကျွန်ရင်းဖြစ်သော ကာဠုဒါယီ အမတ်ကို စေလွှတ်ရလေတော့သည်။

ကာဠုဒါယီအမတ်ကမူ မသွားခင်ကပင် ကြိုတင်၍ ရဟန်းပြုခွင့်တောင်းခံခဲ့၏။ သုဒ္ဓေါဒနမင်းကြီးကလည်း သားတော်ဘုရားကို ဖူးမြင်ခွင့်ရဖို့သာ အဓိကဖြစ်နေ၍ လက်ရုံးအလား အားထားလာခဲ့ရသည့် အမှုထမ်းကောင်းတစ်ယောက်ကို လက်လွှတ်ခံကာ ရဟန်းပြုခွင့်ပေးလိုက်ရပေသည်။

ကာဠုဒါယီသည်ကား ငယ်ကျွန်တော်ရင်းဖြစ်ခဲ့သည်နှင့်အညီ ခမည်းတော် မယ်တော်ကြီးတို့၏ သားတော်ဘုရားနှင့် ပတ်သက်သော ခံစားချက်တို့ကို စာနာထောက်ထားနိုင်၏။ ထို့ကြောင့် ဘုရားရှေ့တော်မှောက် ရောက်၍ ရဟန္တာအဆင့်ရောက်သွားသည့်တိုင်အောင် ယူထားခဲ့သည့် တာဝန်ဝတ္တရားကို လျစ်လျူမရှုရက်ပေ။

ထို့ကြောင့် ဆောင်းလအကုန် နွေလအပြောင်း တပေါင်းလ ရာသီတွင် သစ်ပင်တောတောင်တို့၏ ရှုချင့်စဖွယ်တင့်တယ်လှပပုံ၊ ခရီးစဉ်တစ်လျှောက်လုံး သာသောင့်သာယာရှိပုံတို့ကို ဂါထာပေါင်း ခြောက်ဆယ်မျှဖြင့် သီကုံးလျှောက်ထား၏။

ဘုရားရှင်ကလည်း ကာဠုဒါယီ၏ လျှောက်ထားချက်ကို လက်ခံတော်မူကာ နောက်ပါ ရဟန်းများနှင့်တကွ တပေါင်းလပြည့်

နေ့မှ စတင်၍ မနှေးမမြန် ကြွချီတော်မူခဲ့ရာ ကဆုန်လပြည့်နေ့တွင် ကပိလဝတ်မြို့တော်သို့ ဆိုက်ရောက်တော်မူလေသည်။

သကျအမျိုးသားတို့၏ နှစ်သက်ကြည်နူးခြင်းကို တိုးပွားစေသော ဘုရားရှင်အား သကျမင်းညီမင်းသားအပေါင်းက သောင်းသောင်းဖျဖျ ကြိုဆိုကြပြီးလျှင် နိဂြောဓမင်းသား၏ ဥယျာဉ်သို့ ပင့်ခေါင်ကြလေသည်။

ထိုကဲ့သို့ သောင်းသောင်းဖျဖျ ကြိုဆိုကြသည့်အထဲတွင် ယသော်ဓရာတို့ သားအမိကား မပါဝင်ပါ။ ယသော်ဓရာသည် သားတော်လေး ရာဟုလာကို တင်းတင်းပါအောင် ဖက်ထားရင်းက သောင်းသောင်းဖျဖျ ကြိုဆိုရန် သွားလာလှုပ်ရှားနေကြသည့် ဆွေတော်မျိုးတော်များကို လေသာပြတင်းမှ တငေးတမောကြည့်ရှု၍ နေမိလေသည်။

■■



## ၆။ ဖူးရမြင်ရ ထိုအလှ

ငွေလရောင် ထိန်ထိန်သာနေတုန်းကပင် နန်းတော်အမှုထမ်းတို့သည် ဆွမ်းနှင့် ဆွမ်းဟင်းများ ချက်ပြုတ်ကြော်လှော်ခဲ့ကြ၏။ နံနက်လင်းလာချိန်တွင် ဆွမ်းနှင့် ဆွမ်းဟင်းများ အရံသင့်ဖြစ်နေကြပေပြီ။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ပြင်ဆင်ထားပြီးသော ဆွမ်းပွဲများကိုတစ်လှည့်၊ မင်းလမ်းမဆီသို့တစ်လှည့် ကြည့်နေမိ၏။ မင်းလမ်းမကြီးအတိုင်း သားတော်မြတ်စွာ ကြွရောက်လာပါက လိုလေသေးမရှိ ကျွေးမွေးဆက်ကပ်နိုင်ရန် အမှုထမ်း အကြီးအကဲတို့အား တဖွဖွမှာကြားနေမိ၏။

သမ္မာသမ္ဗုဒ္ဓ ဟူသော ဘွဲ့နာမတော်ဖြင့် တရားစည်မောင်းရိုက်ညောင်းနှိုးဆော်နေသည့် အတုမရှိ အရှင်မြတ်ကြီးတစ်ဆူဖြစ်တော်မူနေသည့်တိုင်အောင် သုဒ္ဓေါဒနမင်းကြီးကမူ သူ၏သားတော်၊ ချစ်လှစွာသော သားတော်ဟူ၍သာ မှတ်ယူထားဆဲဖြစ်၏။

ရှိရှိသမျှ သကျမျိုးနွယ်ဝင်ဟူသမျှတွင် သူ၏သားတော်သည် ဘုန်းကံအကြီးမားဆုံး ဖြစ်၏။ အဆင့်အတန်းအမြင့်ဆုံး ဖြစ်၏။ ထို့ကြောင့် ကျွေးစရာ မွေးစရာအကြောင်းရှိလာလျှင် သူကသာ သူများကို ဖိတ်ခေါ်၍ ကျွေးလိမ့်မည်။ သူကတော့ သူများအိမ်သို့ သွား၍ မစားခဲ့ပေ။ ဖွားမြင်လာသည့်အချိန်မှာစ၍ တောထွက်သွားသည့်အချိန်ထိ မိမိနန်းဆောင်ထက်မှာသာ သုံးဆောင်လာခဲ့၏။

ဤကဲ့သို့ အစဉ်အလာရှိခဲ့သော သားတော်မြတ်သည် နံနက်လင်း၍ စားချိန် သောက်ချိန် ရောက်လာလျှင် ဤနန်းတော်သို့သာ ကြွလာရပေလိမ့်မည်။ ယခင်ကအတိုင်း နန်းတော်ထက်မှာပင် မြိန်မြတ်သည့် ခဲဖွယ်ဘောဇဉ်တို့ကို ဘုဉ်းပေးတော်မူပေလိမ့်မည်။

ဤသို့သော ခံယူချက်ဖြင့် ယမန်နေ့တုန်းက နိဂြောဓဉယျာဉ်မှ ပြန်လာချိန်တွင် နန်းတော်သို့ ဆွမ်းဘုဉ်းပေးကြွရန် ပင့်လျှောက်ခြင်း မပြုခဲ့ပေ။

ဤသို့ ပင့်လျှောက်သူမရှိသဖြင့် ဘုရားရှင်ကလည်း ရှေးရှေးက ပွင့်တော်မူခဲ့ကြပေကုန်သော ဘုရားရှင်တို့၏ ကျင့်ထုံးကို နှလုံးမူကာ နောက်ပါ ရဟန်းများနှင့်တကွ ကပိလဝတ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ ရှေးရှေးက ဘုရားရှင်တို့နည်းတူ ကပိလဝတ်မြို့စွန်မြို့ဖျား အိမ်ကလေးများက စတင်ကာ အိမ်စဉ်ရှိသမျှ တစ်အိမ်ဝင် တစ်အိမ်ထွက် ဆွမ်းခံဝင်တော်မူလေသည်။

ဘုရားအမှူးရှိသော ဆွမ်းခံ သံဃာတန်းကြီးသည် တဖြည်းဖြည်းနှင့် မြို့လယ်ပိုင်းသို့ ရောက်လာကြ၏။ နန်းတော်ဆီသို့ ဦးတိုက်လာနေသည့် မင်းလမ်းမကြီးပေါ် ရောက်လာကြ၏။

ယသော်ဓရာသည် လေသာပြတင်းမှနေ၍ မင်းလမ်းမကြီးပေါ် လှမ်းမျှော်၍ ကြည့်လိုက်ရာ ရဟန်းအပေါင်းကို ဦးဆောင်၍ ဆွမ်းခံ

ကြွနေသည့် ဘုရားရှင်ကို ဖူးမြင်လိုက်ရ၏။ ယခင်နှင့်မတူ အသွင်ထူးနေသည့် ကိုယ်တော်မြတ်ကို မမှိတ်မသုံ ဖူးမျှော်နေလေရာ သားတော် ရာဟုလာက "မယ်မယ်ဘုရား၊ မယ်မယ်ဘုရား" ဟု ခေါ်နေသည်ကိုပင် ပြန်မထူးမိပေ။ ထို့ကြောင့် သားတော်လေး ရာဟုလာက သူ့မယ်တော်ရှိရာ ပြတင်းပေါက်နားသို့ လိုက်သွားရပေတော့သည်။

လွန်ခဲ့သော ခုနစ်နှစ်တာ ကာလတုန်းက သားတော်လေး ရာဟုလာကို သူ့ခမည်းတော်က ခြင်ထောင်လှပ်၍ ကြည့်ရှုခဲ့ဖူး၏။ ယခုတော့ သားတော်လေး ရာဟုလာက သူ့ခမည်းတော်ကို လေသာပြတင်းမှ ဖူးမျှော်နေပါပြီ။ သို့ရာတွင် သူ့ခမြာ ထိုပုဂ္ဂိုလ်မြတ်နှင့် မိမိတို့ မည်သို့မည်ပုံ တော်စပ်နေသည့်ဖြစ်အင်ကိုကား မသိရှာသေးပါ။

မိမိကိုယ်တိုင် မျက်ဝါးထင်ထင် မဖူးမြင်ရသေးခင်တုန်းက ယသော်ဓရာသည် ကိုယ်တော်မြတ်၏ ရုပ်သွင်ကို အမျိုးမျိုးပုံဖော်ကြည့်နေခဲ့ရ၏။

ဟိုယခင်က အရှင့်သားသည် မည်းနက်တောက်ပြောင်သော ဥဿျှောင်တော်မှာ ရတနာမျိုးစုံဖြင့် ပြိုးပြိုးပြက်မျှ ခြယ်လှယ်ထားခဲ့၏။ ယခုမူ ထိုဥဿျှောင်တော်ကြီးမရှိတော့ပြီဟု ဆိုကြ၏။ ဦးပြည်းကတုံးနှင့် အရှင့်သားသည် ယခင်ကလို နှစ်လိုဖွယ်ကောင်းပါဦးမည်လော။

ဟိုယခင်က သိဒ္ဓတ္ထမောင်တော်သည် အဖိုးထိုက် အဖိုးတန် ပိုးဖဲကတ္တီပါ အဝတ်တန်ဆာတို့ကို ဝတ်ဆင်ခဲ့၏။ ယခုတော့ ဖန်ရည်

ဆိုးသော အဝတ်များကို ဝတ်ရုံနေပြီဟု ဆိုကြ၏။ သက်နုံးဝါဝါနှင့် အရှင့်သားသည် ယခင်ကလို ကြည်သိုဖွယ်မှ ကောင်းပါဦး မည်လော။

ဟိုယခင်တုန်းက မောင်မောင်ဘုရားသည် ဟိုနား သည်နား ခရီးထွက်လျှင် ရထားသော်လည်းကောင်း၊ ဝေါသော်လည်းကောင်း၊ မြင်းသော်လည်းကောင်း ခံ့ခံ့ကြီး စီး၍ သွားနေကျဖြစ်၏။ ယခု ဝေါမပါ၊ ယာဉ်မပါ၊ ခြေလျင်ကြွတော်မူနေရသည့် အရှင့်သားသည် ယခင်ကလို တန်ခိုးအရှိန်အဝါတွေ ရှိပါဦးမည်လော။

ဟိုယခင်က မိမိ၏ အရှင်သခင်သည် အရံသင့်ပြင်ဆင်ထား ပြီးသော ခဲဖွယ်ဘောဇဉ်များကို စိတ်တိုင်းကျ စားသောက်ခဲ့ရ၏။ ယခုတော့ ထမင်းတစ်လုပ်အတွက် အိမ်ပေါက်စေ့ လှည့်လည်၍ တောင်းစားနေရပြီဟု ဆိုကြ၏။ တစ်ဆုပ်တစ်ခဲ သူတကာစွန့်ကြဲမှ စားရသော အရှင့်သားသည် ယခင်ကလို ဂုဏ်ကျက်သရေရှိပါဦး မည်လော။

ဤသို့ တွေးတွေးဆဆ စိတ်ဒွိဟတွေ ပွားနေရာက ဟော- ယခုတော့ စိတ်ဒွိဟတွေ ကင်းစင်သွားပါပြီ။ နေလာလျှင် အလင်း ပေါက်၍ နှင်းပျောက်ရသကဲ့သို့ ဘုရားရှင်တည်းဟူသော နေမင်းကြီး ထွန်းလင်းတော်မူလာသဖြင့် ယသော်ဓရာ၏ သံသယနှင်းမြူတို့ လွင့်ပျောက်၍ သွားကြရပါတော့သည်။

ဟိုယခင်အလှက မာန်မာနနှင့်ယှဉ်သော အလှ။ ပြုနိုင်ပြင်နိုင် ဝတ်ဆင်နိုင်မှ လှသောအလှ။

ယခု အလှက ကိလေသာမယှဉ်၊ ကြည်လင်အေးမြ ဘေးမခ သည့် ကျက်သရေတော်၊ မပြုမပြင် ပင်ကိုယ်အတိုင်း ရှုချင့်စဖွယ် တင့်တယ်၍ နေပေသည်။

နဖူးတော်မှသည် ခြေဖျားသို့၊ ခြေဖျားမှသည် နဖူးတော်သို့ အပြန်ပြန်အလှန်လှန်၊ ကြိမ်ဖန်များစွာ ဖူးမြင်နေရပါလျက်၊ သုံးသပ်နေရပါလျက် ယသော်ဓရာမှာ အားရသွားပြီ၊ တင်းတိမ်သွားပြီဟု မဆိုနိုင်သေးပါ။ ကိုယ်တော်မြတ်၏ ရုပ်သွင်တော်က တိုက်တစ်လုံး အကွယ်သို့ ရောက်သွား၍သာ လက်လျှော့လိုက်ရပါတော့သည်။

■■



## ၇။ ခတ္တိယမျိုးနွယ်နှင့် ဘုရားမျိုးနွယ်

ယသော်ဓရာ၏ ကြည်ညိုစိတ်များ တိုးပွားလာစေသည့် ထိုရုပ်သွင်တော်သည် ခမည်းတော်မင်းတရားကြီးဘက်က ကြည့်လိုက်လျှင်ကား တစ်မျိုးလုံး တစ်ဆွေလုံး၏ ဂုဏ်ကျက်သရေကို အကြွင်းမဲ့ ချိုးဖဲ့ဖျက်ဆီးရာရောက်နေ၏။

ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးသည် ထိုရုပ်သွင်တော်ကို လှမ်း၍ မြင်လျှင်မြင်ချင်း နန်းတော်ထက်မှ ဒရောသောပါး ဆင်းလာခဲ့၏။ ကိုယ်ပေါ်က အဝတ်အစားများကိုသော်မှ မနိုင့်တနိုင်သိမ်း၍ ကိုင်လာခဲ့ရ၏။ အမျက်ဒေါသ မာန်မာနတို့၏ တွန်းအားဖြင့် အရွယ်နှင့် မလိုက်အောင် ပြင်းပြင်းထန်ထန် လှမ်းလာခဲ့သော ခြေလှမ်းများသည် သားတော်ဘုရား၏ ရှေ့တော်မှောက်သို့ ရောက်ခါမှ ရပ်တန့်သွားကြ၏။

"အရှင်ဘုရား၊ တပည့်တော်ကို အရှက်ကွဲအောင် ပြုပါသလား၊ သည့်လောက်များပြားသည့် ရဟန်းများအတွက် တပည့်တော်ဆီမှာ ဆွမ်းမရနိုင်ဟု ထင်မှတ်နေပါသလား"

လက်အုပ်ချီဖို့၊ ရှိခိုးဖို့ပင် သတိမရနိုင်ဘဲ စိတ်ထဲက အကျိတ်အခဲများကိုသာ သွန်ချလိုက်ရ၏။

ခမည်းတော်မင်းတရားကြီး၏ စကားဆုံးသွားခါမှ သားတော်ဘုရားက အေးချမ်းညင်သာသည့် အသံတော်ဖြင့်–

"မင်းကြီး၊ နားဆင်လေလော့။ ဤသို့ အိမ်စဉ်တွေ့သမျှ မခြွင်းမချန် ဆွမ်းခံဝင်ခြင်းသည် သင်မင်းကြီးတို့ကို အရှက်ရစေရန် မဟုတ်ပါ။ အသင်မင်းကြီး၏ နန်းတော်တွင် ဤရဟန်းများအတွက် ဆွမ်းမပြည့်စုံနိုင်ဟု ထင်မှတ်၍လည်း မဟုတ်ပါ။ ဤသို့ အိမ်စဉ်တွေ့သမျှ မခြွင်းမချန် ဆွမ်းခံဝင်ခြင်းမှာ အမျိုးအနွယ်၏ ကျင့်ဝတ်ပင် ဖြစ်ပေသည်"

လူ့ဘောင်လောက၏ သံယောဇဉ်ဟူသမျှကို အပြီးအပိုင် ဖြတ်တောက်ဖယ်ရှားထားခဲ့ပြီဖြစ်၍ ခမည်းတော်မင်းတရားကြီးကိုပင် ခမည်းတော်ဟု မခေါ်တော့ပါ။ သွေးမတော်သားမစပ်သည့် ဗိမ္ဗိသာရမင်းနှင့် မခြား တစ်သားတည်းထား၍ မိန့်ကြားတော်မူလိုက်ပေပြီ။

မိန့်ကြားလိုက်သည့်စကားများထဲက အမျိုးအနွယ်ဟူသော စကားလုံးသည် ခမည်းတော်ကြီးရင်ထဲသို့ အရှိန်ပြင်းပြင်းနှင့် စူးဝင်သွား၏။ ထို့ကြောင့် အထူးသတိထား၍ ထိန်းထိန်းသိမ်းသိမ်းလုပ်လာခဲ့သည့်ကြားကပင် သူ့အသံက တင်းမာလာကာ–

"အရှင်ဘုရား၊ တပည့်တော်တို့ အမျိုးအနွယ်က မင်းစဉ်မင်းဆက် မပျက်မကွက် ဆင်းသက်ဆက်ခံလာခဲ့ကြသည့် အသမ္ဘိန္နခတ္တိယမျိုးနွယ်ဖြစ်ပါသည်။ သည်အမျိုးအနွယ်ထဲမှာ ယခုလို အိမ်ပေါက်စေ့ တောင်းစားသူဟူ၍ ရှိခဲ့ဘူးပါသလော" ဒေါသအပြည့် မာန်အပြည့်ဖြင့် လျှောက်ထားလိုက်လေရာ–

"မင်းကြီးသည် ဤခတ္တိယအမျိုးအနွယ်ဟူသည်ကား သင်မင်းကြီးတို့၏ အမျိုးအနွယ်သာ ဖြစ်ပေသည်။ ငါတို့၏ အမျိုးအနွယ်ဟူသည်ကား ရှေးရှေးက ပွင့်တော်မူခဲ့ကြပေကုန်သော ဘုရားရှင်ကိုယ်တော်မြတ်တို့၏ အမျိုးအနွယ် ဖြစ်ပေသည်။ ရှေးရှေးက ဘုရားရှင်ကိုယ်တော်မြတ်များသည်လည်း ဤကဲ့သို့ပင် အိမ်ပေါက်စေ့ဆွမ်းခံ၍ အသက်မွေးတော်မူခဲ့ကြပေသည်"

"ငါ့အမျိုး၊ ငါ့အနွယ်၊ ငါ့သား၊ ငါ့ဘုရား"ဟူ၍ တစ်ငါတည်းငါနေ၍ နေခဲ့သော ခမည်းတော်ကြီး၏ အတ္တစွဲကို ချေချွတ်တော်မူလိုက်ခြင်းဖြစ်ပေသည်။ မိမိက ငါ့အမျိုး၊ ငါ့အနွယ်၊ ငါ့သား၊ ငါ့ဘုရားဟူ၍ မည်မျှပင် စွဲလမ်း၍နေပါသော်ငြားလည်း သားတော်ဘုရားကိုယ်တော်တိုင်က အစွဲအလမ်း မခံတော့ပါကလား။ ဤသို့သော အသိဉာဏ်အလင်းရောင်ကို လက်ဆင့်ကမ်း၍ ပေးတော်မူလိုက်ပေသည်။

■■



## ၈။ စိုးဆင်းလာသည့် စကားလုံးများ

အစွဲအလမ်းလွတ်ရာ နိဗ္ဗာန်တရားတော်ကို မျက်မှောက်ပြု ထားသောအားဖြင့် သောတာပတ္တိဖိုလ်ဉာဏ်၌ တည်လေပြီးသော ခမည်းတော်မင်းကြီးသည် ဘုရားရှင်နှင့်တကွ နောက်ပါ ရဟန်း အပေါင်းအား နန်းတော်ထက်သို့ ပင့်ဆောင်ပြီးလျှင် အသင့်ချက်ပြုတ် ပြင်ဆင်ထားပြီးသော ဆွမ်းဘောဇဉ်များ ဆက်ကပ်လေသည်။

ထိုဆွမ်းကပ်ပွဲ၌ ယသော်ဓရာတို့သားအမိ မပါဝင်ပေ။ နန်း တော်ထက်သို့ ဘုရားရှင်ကြွရောက်တော်မူလာသည်တွင် အခြွေအရံ များက ခန်းမဆောင်မှ ထွက်၍ ကြိုဆိုရန် ပူဇော်ကန်တော့ရန် လျှောက်တင်ကြပါ၏။ ယသော်ဓရာကတော့ သူတို့တစ်တွေ၏ လျှောက်တင်စကားကို လက်မခံပါချေ။

မောင်တော်မြတ်အပေါ်၌ မိမိထားရှိလာခဲ့သော စေတနာ မေတ္တာ အထုအထည်ကို မောင်တော်မြတ်ကိုယ်တိုင်က မေ့မေ့ ပျောက်ပျောက် ဖျောက်ဖျက်ထားမည်မဟုတ်ပါ။ သူကိုယ်တိုင်က

စေတနာရှင် မေတ္တာရှင်ဖြစ်သကဲ့သို့ပင် မိမိ၏ စေတနာ မေတ္တာတရားတို့ကို တန်ဖိုးထားနိုင်ပါလိမ့်မည်။ အသိအမှတ်ပြုနိုင်ပါလိမ့်မည်။ ဤသို့ တန်ဖိုးထားသောအားဖြင့် အသိအမှတ်ပြုသောအားဖြင့် စေတနာရှင် မေတ္တာရှင်ကိုယ်တော်တိုင်က မိမိ၏ခန်းမဆောင်သို့ အရောက်ကြွတော်မူလာပါလိမ့်မည်။

ယသော်ဓရာ၏ တွက်ကိန်းသည် တစ်သဝေမတိမ်း မှန်လှပါ၏။ ခမည်းတော်နှင့် မယ်တော်ကြီးတို့ ဆက်ကပ်သည့် ဆွမ်းဘောဇဉ်များ ဘုဉ်းပေးပြီးချိန်တွင် ဘုရားရှင်ကိုယ်တော်တိုင် ယသော်ဓရာ၏ ခန်းမဆောင်သို့ ကြွတော်မူလာ၏။ ဘုရားရှင်၏ သပိတ်တော်ကို ခမည်းတော်မင်းတရားကြီးက ရိုသေစွာ သယ်ဆောင်လာ၏။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ကလည်း နောက်တော်ပါးက ပါလာကြ၏။

ဤနေ့သည်ကား ရက်ပေါင်းများစွာ၊ လ,ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ယသော်ဓရာ မျှော်လင့်လာခဲ့သော နေ့ပင်ဖြစ်၏။ ဤအချိန်သည်ကား ယသော်ဓရာ မျှော်လင့်လာခဲ့သော အချိန်ပင်ဖြစ်၏။ ဤနေ့ ဤအချိန်၌ ဤလိုအကြောင်းဆုံဆည်းမှု ပေါ်ပေါက်လာပါက မိမိဖက်က ပြုမူဆောင်ရွက်ရမည့် အစီအစဉ်များကို ကြိမ်ဖန်များစွာ စဉ်းစားထားပြီးဖြစ်၏။

မောင်တော်ဘုရား တောထွက်သွားသည့် ညမှ စတင်၍ လွမ်းခဲ့ရလေသမျှ၊ ဆွေးခဲ့ရလေသမျှ၊ အားငယ်ခဲ့ရလေသမျှ ဖြစ်သမျှ ဇာတ်လမ်းစုံကို အကုန်ဖွင့်ကာ စိတ်ရှိလက်ရှိ လျှောက်ထားရန် စိစဉ်ထားခဲ့၏။ လွတ်လပ်သည့်နန်းဆောင်ထဲတွင် ကြိမ်ဖန်များစွာ အလေ့အလာပြုထားပြီးပြီမို့ မောင်တော်မြတ်ကိုယ်တော်တိုင်ကပင် မျက်ရည်ကျလာလောက်သည်ဟု ထင်မှတ်ထားခဲ့၏။

ဤသို့ဖြင့် ဘုရားရှင်ကိုယ်တော်မြတ် ခန်းမဆောင်တွင်းသို့ ရောက်တော်မူလာပါပြီ။ ခင်းထားအပ်သောနေရာထက်ဝယ် တည်ကြည် ငြိမ်သက်သော ဣန္ဒြေတော်ဖြင့် ခြေဆင်းလဲလူ ထိုင်တော်မူနေပါပြီ။

ထိုနေရာသို့ ယသော်ဓရာ သော့သော့လျှင်လျှင် လှမ်းလင့်၍ လာပါပြီ။

လေးစားအပ်၊ မြတ်နိုးအပ်၊ ချစ်ခင်အပ်သော အရှင်မြတ်၏ ခြေအစုံရှေ့ဝယ် ပုဆစ်ဒူးတုပ် ထိုင်လိုက်ပါပြီ။

လက်ယာရံ၊ လက်ဝဲရံ အရှင်မြတ်ကြီး နှစ်ပါးတို့သည် ယသော်ဓရာ၏ ပြုမူလှုပ်ရှားပုံများကို မမှိတ်မသုန်ကြည့်ရှုနေကြ၏။ ဥပေက္ခာရှေ့သွားရှိသော ကရုဏာတရားဖြင့် အကြည်အသာကြည့်ရှု နေကြ၏။

“ယသော်ဓရာမင်းသမီးသည် သူနှစ်သက်သလို ရှိခိုးပူဇော် ပါစေ၊ နှစ်သက်သလိုဖူးမျှော်ကန်တော့ပါစေ၊ သူ့ကို ဘယ်သူမှ မတားမြစ်ကြကုန်လင့်”

ဤသို့ ဘုရားရှင်ကိုယ်တော်တိုင်က ကြိုတင်၍ မိန့်ကြားထား ခဲ့သည့် အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်လျက် ရှိနေကြပေသည်။

ဘိုးအေကြီးရှိရာ ချဉ်းကပ်လာသည့် ရာဟုလာလေးမှာလည်း ခမည်းတော် မယ်တော်တို့ ဆုံဆည်းလာကြသည့်ဖြစ်အင်ကို နားမလည် ရှာသေးသဖြင့် မျက်စိလေးအပြူးသား၊ ပါးစပ်လေးအဟောင်းသား ဖြစ်နေရှာလေသည်။

ခန်းမဆောင်နှင့်အပြည့် ရှိနေကြသည့် ပရိသတ်များကလည်း ယသော်ဓရာ၏ ပြုမူလှုပ်ရှားပုံများကို အာရုံစူးစိုက်နေကြ၏။ ယသော်ဓရာ လျှောက်တင်မည့် စကားစဉ်တို့ကို တစ်လုံးမကျန် ကြားနာခွင့်ရအောင် နားစွင့်ထားကြ၏။

သို့ရာတွင် ရှိရှိသမျှ ပရိသတ်များသည် ထိုနေ့ ထိုအခါန် တုန်းက ယသော်ဓရာ လျှောက်တင်သည့် စကားစဉ်တို့ကို သောတ ဒွါရဖြင့် မကြားလိုက်ကြရပါ။ စက္ခုဒွါရမှတစ်ဆင့်သာလျှင် မျှဝေ ခံစားနိုင်ကြ၏။

ဖြူစင်ပြည့်ဖြိုးသည့် ခြေဖမိုးအစုံထက်ဝယ် မဆည်နိုင် မတန့်နိုင် ဖြိုင်ဖြိုင်ကျဆင်းလာကြသည့် မျက်ရေပေါက်များသည်ပင် ရင်ထဲမှာ ကြိတ်မှိတ်သိုမှီးထားခဲ့လေသမျှ အားရအောင် လျှောက်တင်လိုက်သည့် စကားစဉ်များ ဖြစ်ကြပါကုန်၏။

■■



## ၉။ ရာဟုလာနှင့် သူ၏ ခမည်းတော်

ထိုနေ့တုန်းက ညီမဖြစ်သည့် ဇနပဒကလျာဏီအတွက် ကရုဏာသက်ခဲ့ရသော ယသော်ဓရာသည် မိမိကိုယ်တိုင် သည့်ထက် ပို၍ ကရုဏာသက်ခံရမည့်အရေးကိုကား မတွေးမိခဲ့ပါ။ သူ့အတွေး ထဲမှာ ကရုဏာသက်ရသည့် အရိပ်အယောင်လေးမျှ မပါခဲ့ပါ။

ထီးမွေးခံ နန်းမွေခံ နန္ဒမင်းသား နောင်တော်ကြီးနောက် လိုက်ပါသွားရသဖြင့် နန်းတော်ကြီးတစ်ခုလုံး ဟာလာဟင်းလင်းဖြစ် သွားသည် ထင်ရ၏။ သိသိသာသာကြီး အသံတိတ်ဆိတ်နေ၏။

နန်းတော်ရှိ အဆောင်ပေါင်းစုံအောင်၊ အခန်းပေါင်းစုံအောင် ပြေးလွှားကစား၍နေခဲ့သော ရာဟုလာသည်ပင် ယနေ့ အငြိမ်သက်ကြီး ငြိမ်သက်နေ၏။ ဘိုးတော်၊ ဘွားတော်များ ရင်ခွင်၌ တီတီတာတာ ပြောနေဆိုနေကျ စကားသံလေးများပင် တိတ်ဆိတ်နေကြ၏။

ခမည်းတော် မင်းတရားကြီးမှာ လက်ရုံးနှစ်ဖက်လုံး အဖြတ် ခံရလိုက်ရပြီဖြစ်၍ လုံးဝမလှုပ်ချင် မရှားချင်လောက်အောင် ဖြစ်သွား

ရှ၏။ မယ်တော်ကြီး မဟာပဇာပတိဂေါတမိမှာလည်း သားအတွက် ရော သမီးအတွက်ပါ ရင်နာ၍ မဆုံးနိုင်အောင် ဖြစ်နေရ၏။ သား ဖြစ်သူမှာ နောင်တော်မြတ်၏ အမိန့်အာဏာသံကို မလွန်နိုင်၍ ရဟန်းဘောင် ဝင်ရောက်သွားရ၏။ ခမည်းတော် မယ်တော်တို့မှာ ရဟန်းဝတ်နှင့် သား၏ ရုပ်သွင်ကလေးသော်မျှ မဖူးရ မမြင်ရသေးပါ။ သူ့နောင်တော်ကြီး ဘုရားနှင့် ရဟန်းများ နန်းတော်သို့ ဆွမ်းဘုဉ်း ပေး ကြွမြန်ကြွလာရာတွင် ရဟန်းအသစ်စက်စက် အရှင်နန္ဒကား ပါမလာခဲ့ပါ။ ဧကန်ဒီ၌ သူ့နောင်တော်ကြီးဘုရား၏ အစီအမံသာ ဖြစ်ပါလိမ့်မည်။ ချိတ်ရုပ်ကလေး မြန်မြန်မာသွားလေအောင် မီးနှင့် ဝေးဝေးထားလိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။

ရင်နှင့်အမျှ သောကဝေဒနာတွေ ကိုယ်စီကိုယ်င ခံစား၍ နေကြရပါသော်လည်း ခမည်းတော်နှင့် မယ်တော်ကြီးတို့မှာ ဆွမ်း လုပ်ကျွေးခြင်းအလုပ်ကိုကား အားခဲ၍ လုပ်နေကြပါ၏။ ပျော်ပျော် ရွှင်ရွှင်ကြီး မဟုတ်တော့သော်ငြားလည်း သားတော်မြတ်အပေါ် ထားရှိလာခဲ့သော မတုန်လှုပ်သော သဒ္ဓါတရားဖြင့် ဆွမ်းကပ်ပွဲကြီးကို ဦးဆောင်ဦးရွက် ပြုနေကြပါ၏။

ယသော်ဓရာသည် မိမိ ခန်းမဆောင် တံခါးဝမှာနေလျက် ဆွမ်းကပ်ပွဲကို လှမ်းမျှော်ကြည့်ရှုနေ၏။ ရင်ခွင်ထဲဝယ် မှီတွယ်နေသည့် ရာဟုလာ၏ နဖူးဆံစကလေးများကို ပွတ်သပ်ပေးနေ၏။ တိတ်ဆိတ် နေသည့် နန်းတော်ကြီးနှင့် လိုက်လျောညီထွေစွာ သူတို့သားအမိထံမှ လည်း ပြောသံ ဆိုသံ ခရာသံများ တိတ်ဆိတ်နေကြပေသည်။

ရဟန်းအပေါင်း၏ အလယ်၌ တင့်တယ်လှစွာသော အသရေ တော်ဖြင့် ဆွမ်းဘုဉ်းပေးနေသည့် ဘုရားရှင်ကို တစ်လှည့်၊ ရင်ခွင်ထဲက သားတော်ကလေးကို တစ်လှည့်၊ တစ်လှည့်စီ တစ်ပြန်စီ ကြည့်ရှုရင်း

ကြည်ညိုရင်း ယသော်ဓရာ၏ရင်ထဲဝယ် အတွေးစတွေ ဖြာဖြာဝေ
နေကြ၏။

ဤကလေး၏ ခမည်းတော်သည် မိမိအပေါ် မေတ္တာထားသည်
ကရုဏာပွားသည်ကား မှန်ပါ၏။ သို့ရာတွင် ငြိကပ်တွယ်တာခြင်းကား
မရှိတော့ပါချေ။ ခြေဖမိုးတော်ထက်ဝယ် မျက်ရည်မိုးတွေ ရွာသွန်း
နေစဉ်ကတည်းက မည်သို့မျှ ထူးခြားမလာသော၊ မည်သို့မျှ တုံ့ပြန်
မလာသော ခြေတော်အစုံကို ပွတ်သပ်ဆုပ်နယ်ရင်း ဤအကြောင်းကို
ကောင်းကောင်းကြီး သိထားလိုက်ရပါပြီ။

ဤသို့ဆိုလျှင် ဤကလေး၏ ခမည်းတော်နှင့် ပတ်သက်၍
မိမိမျှော်လင့်ချက်အားလုံးကို စွန့်လွှတ်လိုက်ရတော့မည်လော။

"မစွန့်လွှတ်နိုင်သေးပါ၊ မစွန့်လွှတ်နိုင်သေးပါ"

စိတ်ထဲက မေးလိုက်သည့်မေးခွန်းကို စိတ်နှင့်ပင် အဖြေပေး
လိုက်ရ၏။ ဤကဲ့သို့သော ခတ္တိယသွေး၊ ခတ္တိယစိတ်ဓာတ်ဖြင့်ပင်
မိဘမောင်ဖွားများ လာခေါ်စဉ်က ငြင်းပယ်ထားခဲ့သည် မဟုတ်ပါလား။

ဤသွေးနှင့် ဤစိတ်ဓာတ်ကို အခြေပြု၍ ယောက္ခမများ၏
နန်းတော်ထက်ဝယ် ဣန္ဒြေမပျက် နေလာခဲ့၏။ ဤသခင်၊ ဤအရှင်
ကြွရောက်လာသည့်နေ့ကတည်းက အများနည်းတူ သွားရောက်ကြိုဆို
ဖူးမျှော်လိုပါလျက် မိမိခန်းမဆောင်ထဲ ရောက်မလာမချင်း အောင့်အည်း
၍ နေနိုင်ခဲ့၏။

ဤမျှလောက် ယုံကြည်မှုစွမ်းအား မြင့်မားလာခဲ့သည့်
ယသော်ဓရာသည် မိမိဘက်က စစ်မျက်နှာတစ်ခု ဆုံးရှုံးသွားရုံကလေး
နှင့် လုံးဝ လက်မြှောက်လိုက်ရတော့မည်လော။ မယားစစ်မျက်နှာ
ဘက်က အရှုံးပေးလိုက်ရသည့်တိုင်အောင် သားဘက်က စစ်မျက်နှာ

ဖွင့်လိုက်ရလျှင် ထိုအရှုံးကို ကောင်းကောင်းကြီး ထေလိုက်နိုင်သေးသည် မဟုတ်ပါလား။

ထို့ကြောင့် ယသော်ဓရာသည် ရာဟုလာ၏ ကျောနွေးနွေးလေးကို ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်ပြီးလျှင် ရာဟုလာ၏ လက်ယာလက်ကလေးကို ဆွဲဖြန့်ကာ ဆွမ်းပွဲဆီသို့ ဆန့်တန်းပေးကာ–

"သားတော်၊ သားတော်လေး ရာဟုလာ"

အနူးညံ့ဆုံး အညင်သာဆုံးအသံဖြင့် ခေါ်လိုက်ရာတွင်–

"မယ်မယ်၊ မယ်မယ်၊ သားတော် မယ်မယ့်အတွက် ဘာလုပ်ပေးရပါမည်လဲ"

"လုပ်ပေးစရာ မလိုပါဘူး သားတော်၊ ဟောဟိုမှာ လှမ်းကြည့်လိုက်စမ်းပါ၊ ရဟန်းအပေါင်း၏ အလယ်မှာ မျက်လွှာချပြီး ဆွမ်းဘုဉ်းပေးနေသည့် ရဟန်းမြတ်ကို မြင်သည်မဟုတ်လော"

"မြင်ရပါသည် မယ်မယ်၊ သူ့ကို ဘိုးတော်၊ ဘွားတော်တို့က အလွန်တရာ ဂရုစိုက်နေကြပါသည်။ သူတို့နှင့် မည်သို့တော်စပ်ပါသလဲ မယ်မယ်"

"ထိုရဟန်းမြတ်က သူတို့၏ သားတော်ဖြစ်သည်။ သည်တော့ သူတို့ကလည်း ရဟန်းမြတ်၏ ခမည်းတော် မယ်တော်များ ဖြစ်ကြသည်"

"သည်လိုဆိုလျှင် ထိုရဟန်းမြတ်နှင့် သားတော်တို့ကော ဘယ်လို တော်စပ်ကြပါသလဲ မယ်မယ်"

"အလိုလေး၊ မေးတတ်လိုက်သည့် သားကလေးပါကလား၊ မယ်မယ် ပြောပြပါမည် သားတော်၊ သားတော်သည် ထိုရဟန်းမြတ်၏ သား၊ ထိုရဟန်းမြတ်သည် သားတော်၏ ခမည်းတော်"

"သားတော်၏ ခမည်းတော်"

"ဟုတ်သည် သားတော်၊ ဟုတ်သည်"

"ခမည်းတော်၊ ခမည်းတော်"

သည်ကနေ့မှ ရွတ်ဆိုခွင့်ရလာသည့် ဝေါဟာရအသစ်အဆန်း တစ်ခုကို ရာဟုလာသည် ထပ်ကာထပ်ကာ ရွတ်ဆို၍နေပါ၏။

"ခမည်းတော်၊ ခမည်းတော်"

■■



## ၁၀။ အမွေပေးပါ၊ အမွေပေးပါ

"ခမည်းတော်၊ ခမည်းတော်"

ရာဟုလာအဖို့ သည်အခေါ်သည် ခေါ်၍ကောင်းလှ၏။ ပါးစပ်ထဲမှာ ရွတ်ဆို၍ကောင်းသလောက် စိတ်ထဲမှာလည်း အရသာရှိလှပါဘိ။

ဟိုစဉ်တုန်းက တစ်ခြားမင်းသားများ၏ ခမည်းတော်များကို ရှုမြင်ကာ မိမိမှာလည်း ခမည်းတော်ရှိပါသလားဟု မေးခဲ့ဖူး၏။ မယ်တော်သည် ထိုအမေးကို ဖြေရမည့်အစား မိမိကိုသာ တင်းတင်းပါအောင် ပွေ့ဖက်ထားခဲ့၏။ မိမိ၏မျက်နှာပေါ်သို့ မျက်ရည်ပေါက်ပူပူများသာ ကျဆင်းလာကြ၏။

မယ်မယ့်ကို ချစ်လှသော၊ မယ်မယ့်မျက်နှာရိပ် မျက်နှာကဲကို ကြည့်တတ် သိတတ်လာပြီဖြစ်သော ရာဟုလာသည် ထိုနေ့ကစ၍ ထိုမေးခွန်းကို မမေးတော့ပါ။ သည်နေ့ကျမှသာ မယ်တော်ကိုယ်တိုင်က လိုလိုလားလား ပြောပြလာသဖြင့် ရာဟုလာ၏ တိတ်တခိုးတောင့်ကချက်ကလေး ပြည့်စုံလာတော့၏။

"ခမည်းတော်၊ ခမည်းတော်"

အကြိမ်ပေါင်း မည်မျှပင်ခေါ်ခေါ်၊ သည်အခေါ်က ရာဟုလာ အတွက် ရိုးသွားမည်မဟုတ်ပါ။

ဘိုးတော် ဘွားတော်များကိုယ်တိုင်က အရေးတယူ အလေး မူရသော ခမည်းတော်၊ ကပိဝလတ်နန်းတော်ကြီးတစ်ခုလုံးက ရှိခိုး ဦးခိုက်ကြရသည့် ခမည်းတော်၊ အခြားရဟန်းများနှင့် အသွင်ချင်း တူနေပါလျက် သီးသီးခြားခြား ပေါ်လွင်နေသည့် ရုပ်သွင်တော်။ ထိုရုပ်သွင်တော်သည် မိမိ၏ရုပ်သွင်နှင့် တူလှသည်တဲ့။ အသားအရေ မှာရော၊ ကိုယ်လက်အင်္ဂါမှာရော၊ မျက်နှာသွင်ပြင်မှာရော တစ်ထေရာ တည်း တူလှသည်တဲ့။

ခမည်းတော်မြတ်၏ မျက်နှာတော်ကို လှမ်းကြည့်ရင်း နှုတ် ကလည်း တတွတ်တွတ် ရွတ်ဆိုရင်း ရာဟုလာ၏ ရင်တခိုဝယ် ခမည်းတော်တည်းဟူသော ချစ်ခြင်းမေတ္တာများ ပေါက်ဖွားလာကြ၏။ ပေါက်ဖွားရာက တစ်နေ့တစ်ခြား ပွားစီးလာကြ၏။

ဤနေ့သည်ကား ကပိလဝတ်မြို့တော်သို့ သူ့ခမည်းတော်မြတ် ရောက်လာ၍ ခုနစ်ရက်မြောက်သောနေ့၊ ခမည်းတော်၊ ခမည်းတော် ဟူ၍ ခေါ်ဆိုခွင့်ရလာခဲ့သည့် လေးရက်မြောက်နေ့။ ဤယနေ့တွင် ရာဟုလာ့ မယ်တော် ယသော်ဓရာသည် ဆင်နွဲရမည့် စစ်မျက်နှာသစ် အတွက် ခြေတစ်လှမ်းတိုးလိုက်ပါတော့သည်။

"မယ်မယ့်သားလေး ရာဟုလာ၊ သားတော်လေး၏ ခမည်း တော်မှာ ရွှေအိုးကြီးလေးလုံး ရှိခဲ့ဖူးသည်။ ခမည်းတော် တောထွက် သွားသည်နှင့် တစ်ပြိုင်နက် ရွှေအိုးကြီးများ ပျောက်ကွယ်သွားတော့ သည်။ သားတော်လေး လူလားမြောက်လာတော့ စိတ်တိုင်းကျ သုံးစွဲ ရအောင် ထိုရွှေအိုးကြီးများ တောင်းချေပါလော့။ ခမည်းတော်ထံ သားတော် သွား၍ အမွေတောင်းချေပါလော့"

ဤသို့ တိုက်တွန်းပြီးလျှင် ယဉ်ယဉ်ကျေးကျေး၊ ချေချေငံငံ ပြောရဆိုရမည့်စကားတို့ကို စိတ်ရှည်လက်ရှည် သင်ကြား၍ ပေးလိုက်လေသည်။

လက်အုပ်ကလေးကို ဦးထိပ်ထက် တင်ကာ ညင်သာသော ခြေလှမ်းများဖြင့် ရာဟုလာ လှမ်းလာခဲ့၏။ ခမည်းတော်မြတ်၏ ဒူးတော်တစ်ဖက်နားတွင် ပိပိရိရိကလေးထိုင်လျက် ဦးသုံးကြိမ်ချ၏။ ထို့နောက် သူ့ခမည်းတော်မြတ်၏ မျက်နှာတော်ကို မော့၍ဖူးပြီးလျှင်–

"အရှင်ဘုရား၊ အရှင်ဘုရား၏ အရိပ်သည် အေးမြလှပါ၏။ အရှင်ဘုရား၏ အရိပ်သည် ချမ်းသာလှပါ၏"

ပင်ကိုယ်အားဖြင့် ချိုသာသည့်အသံ၊ ချောင်လှသော စကားအသုံးအနှုန်းတို့ဖြင့် ခမည်းတော်မြတ်ကို နှုတ်ခွန်းဆက်လိုက်ပါ၏။

ကပိလဝတ် နန်းတော်သူ နန်းတော်သား အားလုံးသည် ယသော်ဓရာ၏ အစီအစဉ်ကို ကြိုတင်၍ ရိပ်မိထားပြီးဖြစ်ပါလျက် မျက်မြင်ကိုယ်တွေ့ကြုံလိုက်ရသည့်အခါတွင် တအံ့တသြဖြစ်ကုန်ကြရ၏။ သည်သားတော်နှင့် သည်ခမည်းတော်တို့ ဤယနေ့ကျခါမှ မျက်နှာချင်းဆိုင် ဆုံမိကြသည့်ဖြစ်အင်ကို မမှိတ်မသုန် ကြည့်နေမိကြ၏။

ဘိုးတော်မင်းတရားကြီးနှင့် ဘွားတော် မဟာပဇာပတိဂေါတမီတို့လည်း မြေးတော်ကလေး၏ ရဲရဲဝံ့ဝံ့၊ ချေချေငံငံ ပြောတတ်ဆိုတတ်ပုံကို ကြည့်ကာ အံ့သြခြင်းတစ်ဝက်၊ ကြည်နူးခြင်းတစ်ဝက်ဖြင့် မိန်မိန့်ကြီး ပြုံးနေကြ၏။

ရာဟုလာ၏ ခမည်းတော်မြတ်ကလည်း မျက်လွှာတော် တစ်ချက် ပင့်၍ ကြည့်ရှုတော်မူကာ တိတ်ဆိတ်စွာပင် ဆက်လက်၍ ဆွမ်းဘုဉ်းပေးတော်မူ၏။

"အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ခမည်းတော် ဖြစ်ပါ၏။ တပည့်တော်သည် အရှင်ဘုရား၏ သားတော်ဖြစ်ပါ၏။"

သားတော်ရာဟုလာ လျှောက်ထားသည့်စကားကို ခမည်းတော် မြတ်က မျက်လွှာချလျက် နားဆင်တော်မူ၏။

"အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရား၏ သားတော် ဖြစ်ပါ၍ ခမည်းတော်၏ အမွေကို ဆက်ခံလိုပါသည်။ တပည့်တော် အား အမွေပေးတော်မူပါ ဘုရား"

ရသင့်ရထိုက်သည့် အမွေကို တောင်းဆိုလိုက်ပါပြီ။ ထို တောင်းဆိုချက်ကို သူ့ခမည်းတော်မြတ်က မည်သို့များ တုံ့ပြန်တော် မူမည်နည်းဟု ပရိသတ်အားလုံးက နားစွင့်နေကြ၏။

အမွေတောင်းခံရသည့် ဘုရားရှင်ကမူ သူ့တောင်းဆိုချက်ကို ငြင်းပယ်ခြင်းလည်း မပြု၊ ဝန်ခံခြင်းလည်း ပြုတော်မမူဘဲ ဆွမ်းကိုသာ ဆက်၍ ဘုဉ်းပေးတော်မူနေ၏။

"အရှင်ဘုရား၊ တပည့်တော်အား အမွေပေးပါ၊ အရှင်ဘုရား၊ တပည့်တော်အား အမွေပေးပါ"

ခမည်းတော်မြတ်ထံမှ တုံ့ပြန်ချက် မထွက်ပေါ်သေးသဖြင့် ရာဟုလာက ဆက်ကာဆက်ကာ တောင်းဆိုနေရ၏။

ဤသို့ဖြင့် ဘုရားရှင်သည် ဆွမ်းဘုဉ်းပေး၍ပြီးသဖြင့် နေရာမှ ထတော်မူ၏။ ခင်းထားသည့်နေရာထက်မှ ဆင်းသက်တော်မူပြီးလျှင် အသာအယာ လှမ်းကြွတော်မူ၏။

"အရှင်ဘုရား၊ တပည့်တော်ကို အမွေပေးပါ၊ အရှင်ဘုရား၊ တပည့်တော်အား အမွေပေးပါ"

ရာဟုလာကလည်း ခမည်းတော်မြတ်၏ သင်္ကန်းစတစ်ဖက်ကို ဆွဲကိုင်လျက် ထက်ကြပ်မကွာလိုက်ပါရင်း အမွေတောင်းလာခဲ့၏။

သူ့ခမည်းတော်မြတ် ကိုယ်တော်တိုင်က ကြိမ်းမောင်းခြင်း၊ တားမြစ်ခြင်း လုံးဝပြုတော်မမူသဖြင့် ပရိသတ်အားလုံးမှာ သည်အတိုင်းကြည့်နေလိုက်ကြရ၏။

ဤသို့ဖြင့် ဘုရားရှင်သည် ညီလာခံခန်းမဆောင်မှ ထွက်ကာ မင်္ဂလာလှေကားမှ ဆင်းသက်တော်မူ၏။ သားတော်လေး ရာဟုလာကလည်း သက်န်းစကို ဆွဲရင်း၊ အမွေတောင်းစကားများကို တတွတ်တွတ် ရွတ်ဆိုရင်း ထက်ကြပ်မကွာ လိုက်ပါသွား၏။

သည်တော့မှ ယသော်ဓရာ ထိတ်လန့်တကြား ဖြစ်သွားရတော့၏။ ဘိုးတော်၊ ဘွားတော်ကြီးများ မျက်လုံးပြူးသွားကြရတော့၏။

မယ်တော် သင်ကြားထားခဲ့သည့်အထဲမှာ အမွေတောင်းခံဖို့သာ ပါ၏။ ထပ်ကြပ်မကွာ လိုက်ပါသွားရမည့်ကိစ္စက လုံးဝမပါပေ။ ဤသို့ဖြစ်သွားလိမ့်မည်ဟူ၍လည်း လုံးဝ မထင်ခဲ့မိကြချေ။

ယခုတော့ ထင်မှတ်မထားသည့်ကိစ္စက ဖြစ်မိအောင်ဖြစ်သွားချေပြီ။ ဘိုးတော်၊ ဘွားတော်ကြီးများ ရင်ကို လက်နှင့် ဖိအုပ်ထားကြရချေပြီ။ အမွေတောင်းခိုင်းခဲ့သူ ယသော်ဓရာမှာလည်း မျှော်လင့်ချက်ဟူသမျှ လက်လွှတ်ဆုံးရှုံးသွားရချေပြီ။

မောင်တော်ဘုရား တောထွက်သွားစဉ်တုန်းကလည်း နေ့စဉ်ရက်ဆက် ငိုလာခဲ့ရပြီ။ ယခု လက်လွှတ်လိုက်ရသည့် သားတော်လေးအတွက်လည်း ဆက်လက်၍ ငိုရပါဦးမည်။

ယသော်ဓရာ ဤလူ့ပြည်သို့ ရောက်လာခြင်းသည် ငိုကြွေးဖို့သက်သက်များ ဖြစ်နေလေရော့သလား။



## ၁၁။ ရာဟုလာ အမွေရပြီ

"အရှင်ဘုရား၊ တပည့်တော်အား အမွေပေးပါ၊ အရှင်ဘုရား၊ တပည့်တော်အား အမွေပေးပါ"

နန်းရင်ပြင်ကို ကျော်လွန်၍ မင်းလမ်းမကြီးပေါ်ရောက်လာသည်အထိ ရာဟုလာ လိုက်ပါလာဆဲဖြစ်၏။ ခမည်းတော်မြတ်၏ သင်္ကန်းစကို ဆွဲလျက် သူ့နှုတ်ကလည်း တစာစာတောင်းဆိုလျက်။

ဘုရားရှင်ကိုယ်တော်တိုင်က ရာဟုလာ၏အပြုအမူကို တားမြစ်လိုသည့် အခြင်းအရာ လုံးဝပြတော်မမူသဖြင့် ရဟန်းများကလည်း အသာတကြည်နေကြရ၏။ သည်ခမည်းတော်နှင့် သည်သားတော်တို့ ဤနေ့ ဤရက်ကျခါမှ အကြောင်းဆုံလာပုံကို တအံ့တသြ တွေးတောနေမိကြ၏။

ဤသို့အားဖြင့် ဘုရားရှင်သည် တုဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းဖြင့် နိဂြောဓာရုံကျောင်းတော်သို့ လှမ်းကြွတော်မူ၏။ သားတော်

လေး ရာဟုလာကလည်း နောက်တော်ပါးက ထပ်ကြပ်မကွာ လိုက် ပါလာ၏။

နိဂြောဓာရုံကျောင်းတော်သို့ ရောက်၍ တစ်ပါးတည်း ကျိန်းစက် ရာ ကျောင်းအတွင်းသို့ ဝင်ခါနီးတွင်မှ လက်ယာရံအရှင်မြတ်ကြီးကို ခေါ်တော်မူလိုက်၏။

"သာရိပုတ္တရာ၊ ဤကလေးသည် ဖခင်၏အမွေကို တောင်းဆို နေ၏။ သို့ရာတွင် ဝဋ်သုံးပါးသို့ အစဉ်ကပ်လျက် ဆင်းရဲခြင်း၊ ပင်ပန်းခြင်းနှင့်တကွ ဖြစ်သော လောကီအမွေကို ငါဘုရားမပေးလိုချေ။ ဝဋ်မှထွက်မြောက်၍ ချမ်းသာသုခအစစ်အမှန်ဖြစ်သော လောကုတ္တရာ အမွေကိုသာ ပေးလို၏။ ထို့ကြောင့် ရာဟုလာကို ရှင်ပြုပေးလိုက်ပါ"

ရာဟုလာတောင်းသည့် အမွေက တခြား၊ ခမည်းတော်မြတ် ပေးလိုက်သည့်အမွေက တခြား ဖြစ်သွားလေပြီ။ သို့ရာတွင် ဖခင် တစ်ဦးအဖြစ်ဖြင့် ပေးနိုင်သမျှသော အမွေများတွင် ဤအမွေထက် မွန်မြတ်သော အမွေဟူ၍ မရှိနိုင်တော့ပါ။ ဤသို့သော အမွေကို ပေးသော ဖခင်ထက် ပို၍ချစ်နိုင်သော ဖခင်ဟူ၍လည်း မရှိနိုင် တော့ပါ။

အရှင်သာရိပုတ္တရာသည် အချစ်ဆုံး ဖခင်ကြီး၏ အမိန့်တော်ကို "ကောင်းပါပြီ အရှင်ဘုရား" ဟု နာခံပြီးလျှင် နောက်တော်ပါးမှာ ခိုကပ်နေသည့် ရာဟုလာကို မိမိထံ ခေါ်ယူလိုက်၏။ ရာဟုလာ၏ ဆံပင်များကို ရိတ်ပယ်ရန် ရေကန်ရှိရာသို့ ခေါ်သွားမည်ပြုပြီးမှ ဘုရားရှင်ထံသို့ လက်အုပ်ချီကာ–

"အရှင်ဘုရား၊ ရာဟုလာကို မည်သို့ ရှင်ပြုပေးရပါမည်နည်း"

ရိုသေလေးမြတ်စွာ မေးလျှောက်လိုက်၏။

ဘုရားရှင်သည် ဗာရာဏသီအနီးတစ်ဝိုက်မှာတုန်းက သရဏဂုံသုံးပါးဖြင့် ရှင်ပြုခြင်း၊ ရဟန်းခံခြင်း နှစ်မျိုးလုံးကို ခွင့်ပြုတော်မူခဲ့၏။ ထို့နောက် ပုဏ္ဏားအိုကြီး ရာဓအား ရဟန်းပြုပေးရန် အကြောင်းဆိုက်လာသည်တွင် သရဏဂုံသုံးပါးဖြင့် ရဟန်းပြုခြင်းကို ပယ်ဖျက်တော်မူကာ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် သိမ်ထဲ၌ ရဟန်းခံပေးရန် ခွင့်ပြုတော်မူ၏။ သို့ရာတွင် ရှင်ပြုခြင်းကို သရဏဂုံသုံးပါးဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဟု ပညတ်ချက်ထုတ်တော်မမူသေးပါ။ သရဏဂုံသုံးပါးဖြင့် မဆောင်ရွက်ရဟူ၍လည်း တားမြစ်မထားသေးပါ။ ထို့ကြောင့် ရှေ့မှာ ဆက်လက်ဆောင်ရွက်ရမည့် ရှင်ပြုပွဲများအတွက်ပါ ကွဲကွဲပြားပြား ဖြစ်သွားစေရန် မေးလျှောက်ရခြင်းဖြစ်ပေသည်။

"ရဟန်းတို့၊ သုံးပါးသော သရဏဂုံတို့ဖြင့် ရှင်ပြုပေးခြင်းကို ငါဘုရား ခွင့်ပြုတော်မူ၏"

အရှင်သာရိပုတ္တရာ၏ အမေးကို ဖြေကြားရာတွင် ဘုရားရှင်သည် ရဟန်းအားလုံးနှင့် ပတ်သက်[illegible]သော ကိစ္စကြီးတစ်ခုဖြစ်နေ၍ "ရဟန်းတို့"ဟူ၍ သိမ်းကျုံးပြီး ခေါ်တော်မူလိုက်ရပေသည်။

ဤအမိန့်တော်သည်ကား သာသနာတော်ကြီး တည်ရှိနေသည်နှင့်အမျှ ရှင်ပြုပွဲတွေ မဆိတ်သုဉ်းသမျှ ထင်ရှားနေမည့် အမိန့်တော်ကြီး ဖြစ်ပေသည်။

ဘုရားရှင်၏ အမိန့်တော်ကို နာခံပြီးလျှင် အရှင်သာရိပုတ္တရာသည် ရာဟုလာကို ရေကန်နားသို့ ခေါ်လာခဲ့၏။ ရာဟုလာ၏ ရှင်ပြုပွဲတွင် လောကီဘက်က ပကာသန ကိစ္စများ လုံးဝ မပါ။ စည်မပါ၊ ဗျောမပါ၊ ဆင်ကျေ၊ မြင်းတွေ ရွှေရောင်တဝင်းဝင်းနှင့် ဝေါတွေလည်း မပါ၊ သားချင်းဆွေမျိုး တစ်ယောက်တစ်လေမျှပင် မပါ။ သို့ရာတွင် သာသနာတော်ဝယ် နေလို လ,လို ထင်ရှားနေကြ

သော မထေရ်မြတ်ကြီးများ၏ တစ်ညီတစ်ညွတ်တည်း ဝိုင်းဝန်း၍ ချီးမြှောက်ခြင်းကိုကား ရာဟုလာ ခံယူခဲ့ရပေသည်။

အရှင်မဟာမောဂ္ဂလာန်သည် မောင်ရှင်လောင်းကလေး ရာဟုလာကို ခေါင်းရိတ်ပေး၏။ သင်္ကန်းများ ဝတ်ဆင်ပေး၏။ သရဏဂုံ သုံးပါးကို ဌာန်ကရိုဏ်းကျနစွာ ချပေး၏။ ရာဟုလာကလည်း ပီပီသသ လိုက်ဆိုနိုင်သဖြင့် ရှင်သာမဏေဘဝသို့ အောင်မြင်စွာ ဆိုက်ရောက်လာခဲ့၏။ ရှင်သာမဏေဖြစ်ပြီးနောက် အရှင်မဟာကဿပ၏ ဆုံးမစကားကို နာယူရ၏။ အရှင်သာရိပုတ္တရာသည်ကား သာမဏေအသစ်စက်စက်ကလေး ရှင်ရာဟုလာ၏ ဥပဇ္ဈာယ် ဆရာဖြစ်ပေသည်။

ဥပဇ္ဈာယ်ဟူသည်မှာ တပည့်ဖြစ်သူ၏ အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်ကို အစဉ်မပြတ် အနီးကပ်၍ ကြည့်ရှုကာ အပြစ်ကြီး အပြစ်ငယ်များ မကျမရောက်ရလေအောင် ဆုံးမသွန်သင်သည့် ဆရာသမားဖြစ်ပေသည်။

ဤသို့သော ဆရာသမား၏ ဆုံးမသွန်သင်မှုကို ခံယူရမှသာ သာသနာတော်တွင်းသို့ ဝင်ရောက်လာသည့် ရှင်သာမဏေသစ်၊ ရဟန်းသစ်များမှာ အပြစ်ကင်းစွာ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ကြ၏။ ထို့ကြောင့် ဥပဇ္ဈာယ်ဆရာဟူသည်မှာ သာသနာ့ဘောင်တွင် အရေးပါဆုံးသော ဆရာတစ်ဆူဖြစ်လေရာ ရှင်ပြုရာမှာဖြစ်စေ၊ ရဟန်းခံရာမှာဖြစ်စေ ပထမဦးစွာ ဥပဇ္ဈာယ်ဆရာရရှိရေးကို ကြိုးစားကြရ၏။

ရာဟုလာအတွက်ကား အထူးတလည် ကြိုးစားနေဖို့ မလိုပါ။ သာသနာ့ကျက်သရေဆောင် အရှင်မြတ်ကြီးသုံးပါးတို့သည် သားတော်မြတ်စွာ ရာဟုလာလေး၏ ရှင်ပြုပွဲကြီးကို ဝမ်းမြောက်ဝမ်းသာ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်၍ ပေးလိုက်ကြပေသည်။



## ၁၂။ ဘိုးတော်မင်းတရားကြီး ပန်သောဆု

မကြုံစဖူး ထူးမြတ်လှစွာသော အခမ်းအနားဖြင့် ရှင်ပြုပွဲကြီး ပြီးဆုံးသွားချိန်တွင် ဘိုးတော်မင်းတရားကြီး ရောက်လာ၏။ မသွက်လက်သော ခြေလှမ်းများ၊ မရွှင်ပျသော မျက်နှာတို့ဖြင့် ဘုရားရှင့်ထံတော်သို့ တန်းတန်းမတ်မတ် ဝင်သွား၏။ သူလာမည့်ဖြစ်အင်ကို ကြိုတင်သိထားပြီးပြီမို့ ဘုရားရှင်က ကျောင်းတံခါးကို အသင့်ဖွင့်ပေးထားပေသည်။

ခမည်းတော် မင်းတရားကြီးသည် သားတော်မြတ်ကို ရိုသေစွာ ရှိုးခိုးဦးချပြီးလျှင်–

"အရှင်ဘုရား၊ တပည့်တော် ဆုတစ်ခုကို တောင်းပါရစေ"ဟု လျှောက်ထားလေရာ–

"မင်းကြီး၊ ဘုရားရှင်တို့မည်သည် ဆုပေးခြင်းမှ လွန်မြောက်ကြကုန်၏"

မိမိမှာ ပေးစရာဆုမရှိပါကြောင်း တုံ့ပြန်မိန့်ကြားတော်မူရ၏။

ဘုရားရှင် အမှူးရှိသော ရဟန်းများမှာ မိမိ၏ တစ်ဝမ်း တစ်ခါ:အာတွက်ပင် သူတစ်ပါးအိမ်ပေါက်ဝသို့ သွား၍ ရပ်ကြရ၏။ ထို့ကြောင့် ဤသို့ မိန့်ကြားတော်မူလိုက်ခြင်းဖြစ်ပေ၏။

"အရှင်ဘုရား၊ အပ်စပ်သောဆု၊ အပြစ်ကင်းသောဆုကို တောင်းခြင်းဖြစ်ပါသည်"

ခမည်းတော် မင်းတရားကြီးကလည်း ပစ္စည်းဥစ္စာ ရတနာ ရွှေငွေစသော ဆုများ မဟုတ်ပါကြောင်း လျှောက်ထားသဖြင့်-

"မင်းကြီး၊ လိုအပ်သောဆုကို ဆိုလော့"ဟု ဘုရားရှင်က ခွင့်ပြုတော်မူလေရာ-

"အရှင်ဘုရား၊ အရှင်ဘုရား တောထွက်၍ ရဟန်းပြုတော်မူသဖြင့် တပည့်တော်မှာ ဆင်းရဲခြင်းကြီးစွာ ခံစားခဲ့ရဖူးပါသည်။ နောက်တစ်ဖန် သားတော်နန္ဒ ရဟန်းပြုသွားရပြန်တော့လည်း ထို့အတူသာ ခံစားခဲ့ရပါသည်။ ယခု မြေးတော်လေး ရာဟုလာ ရှင်ပြုလိုက်ရသည်တွင်ကား ပိုမို၍ စိတ်ထိခိုက်ရပါတော့သည်။

"အရှင်ဘုရား၊ သားကိုချစ်သော အချစ်သည် မိဘတို့၏ အရေထူ အရေပါး၊ အသားဆိုင်တွေကို ထွင်းဖောက်၍ ရိုးတွင်းချဉ်ဆီထိအောင် ပေါက်ရောက်ပါသည်။ မိဘများခွင့်မပြုသော သားကို ရှင်ရဟန်း ပြုမပေးတော်မူပါရန် တောင်းပန်ပါသည် ဘုရား"

တရားထူး၊ တရားမြတ် သိမြင်ပေါက်ရောက်ထားသူဖြစ်ပါလျက် သည်ဘိုးအေကြီး အဖြစ်သည်းလွန်းရန်ကောဟု ထင်စရာရှိပါ၏။ သို့ရာတွင် သူ့ဘက်ကကြည့်ပြန်တော့လည်း အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ရှိနေပါပေသည်။ ရတနာမြတ်သုံးပါးကို သက်ဝင်ယုံကြည်ပြီးဖြစ်သော မိမိလိုပုဂ္ဂိုလ်ကြီးများပင် သားများ

မြေးများနှင့် ကွေကွင်းလိုက်ရ သည့်အခါ သည်းမခံနိုင်လောက်အောင် ဖြစ်ရသေး၏။ ရတနာမြတ် သုံးပါးနှင့် အနေဝေးသူများအတွက်မှာမူ ဆိုဖွယ်ရာပင် မရှိတော့ချေ။ ဤသို့သော စာနာထောက်ထားစိတ်ဖြင့် သားရှင်၊ မြေးရှင်အားလုံး ကိုယ်စား ခမည်းတော်ကြီးက ခေါင်းခံ၍ လျှောက်ထားလိုက်ရခြင်း ဖြစ်ပေသည်။

ခမည်းတော် မင်းတရားကြီး၏ လျှောက်တင်ချက်မှာ သာသနာတော်ကြီး အနှောင့်အယှက်ကင်းစွာ တိုးတက်စည်ပင်လာရေးအတွက် ဖြစ်သည့်အပြင် အလိုအပ်ဆုံး၊ အရင်းချာဆုံး ဆွေမျိုးနှစ်ယောက်ကိုလည်း သာသနာတော်တွင်းသို့ သိမ်းသွင်းပြီး ဖြစ်နေပြီမို့ ဘုရားရှင်က လိုက်လျော၍ ပေးတော်မူလိုက်ပေသည်။

"ရဟန်းတို့၊ အမိအဖတို့ ခွင့်မပြုသော သားကို ရှင်ပြုမပေးအပ်။ ရှင်ပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေ"

ချက်ချင်းပင် ဝိနည်းပညတ်တစ်ခုကို ထုတ်ပြန်တော်မူရပေသည်။ သာသနာတော်ကြီး တည်နေသည်နှင့်အမျှ ဤပညတ်ချက်နှင့် ဤအမည်နာမများကို အတူတွဲလျက် ကြားနာနေကြရမည် ဖြစ်ပါ၏။

■■



## ၁၃။ သနားစရာလေး ချစ်စရာလေး

မွေးရပ်မြေသို့ ဘုရားရှင် ကြွတော်မူခဲ့ရာတွင် အဓိကရည်ရွယ်ချက်ကြီး နှစ်ရပ်ကို တွေ့နိုင်၏။ ပထမ ရည်ရွယ်ချက်မှာ ခမည်းတော်မင်းတရားကြီးနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းကို ချီးမြှောက်ရန်ဖြစ်၏။ ဒုတိယရည်ရွယ်ချက်မှာ ညီတော်နန္ဒနှင့် သားတော်ရာဟုလာတို့ကို သာသနာတော်တွင်းသို့ သိမ်းသွင်းဆောင်ယူရန် ဖြစ်ပေသည်။

ခုနစ်ရက်တာ ကာလအတွင်းမှာပင် ရည်ရွယ်ချက်ကြီး နှစ်ရပ်လုံး အကောင်အထည်ပေါ်ခဲ့ပေပြီ။ ညီတော်နန္ဒနှင့် သားတော်ရာဟုလာတို့အတွက်လည်း မိသားစုများနှင့် ကင်းကင်းလွတ်လွတ်ဖြစ်ကာ သာသနာတော်မှာ ပျော်ပျော်ကြီးနေတတ်လာဖို့ လိုအပ်နေပေပြီ။

ထို့ကြောင့် ဘုရားရှင်သည် ရာဟုလာ ရှင်ပြုပေး၍ နောက်တစ်နေ့ ဆွမ်းဘုဉ်းပေးပြီးချိန်တွင် ကပိလဝတ်မြို့တော်မှ ထွက်ခွာတော်မူ၏။ မလ္လမင်းတို့နယ်မြေအတွင်းရှိ အနုပိယရွာကြီးဆီသို့

ရှေးရှု၍ ဒေသစာရီကြွချီတော်မူ၏။ နောက်လိုက်နောက်ပါ ရဟန်းများနှင့် အတူတကွ သာမဏေလေး ရှင်ရာဟုလာသည်လည်း လိုက်ပါလာခဲ့၏။

ရှင်ရာဟုလာသည် ခမည်းတော်မြတ်၏ အသရေတော်ကို ရှုမျှော်ရင်း တစ်ကြိမ်တစ်ခါမျှ မလျှောက်ဖူးခဲ့သည့် ခရီးရှည်ကြီးကို အားခဲ၍ လျှောက်လှမ်းလာခဲ့ရ၏။ ကြမ်းတမ်းလှစွာသော ရေမြေတောတောင်တို့ကို ဖြတ်ကျော်ခဲ့ရ၏။ တစ်ခါတစ်ရံ လျှိုမြောင်စိမ့်စမ်းများကို ဖြတ်သန်းခဲ့ရ၏။ တစ်ကြိမ်တစ်ခါမျှ မသိဘူး၊ မကျွမ်းဘူးသေးသည့် အိမ်ပေါက်ဝများသို့ သွား၍ ဆွမ်းရပ်ခဲ့ရ၏။

ရောက်လေရာရာတွင် ရှင်ရာဟုလာသည် မျက်နှာပွင့်လန်းလှပါ၏။ နုနယ်ငယ်ရွယ်သူလေး ဖြစ်ပါလျက် ခရီးကြမ်းကြီး လှမ်းလာခဲ့ရ၍ ဒကာ၊ ဒကာမများက ကရုဏာသက်ကြရ၏။ ရှင်တော်မြတ်၏ ရုပ်လက္ခဏာကို ဆောင်ယူထားသော ကိုယ်ပွားတော်ကလေးဟူ၍လည်း ချစ်ကြခင်ကြ၏။ ကြည်ညိုကြ၏။ ကရုဏာစိတ်၊ မေတ္တာစိတ်များဖြင့် ရှင်ရာဟုလာလေးအတွက် လိုလေသေးမရှိအောင် လောင်းလှူကြ၏။

သူတို့လောင်းကြလေသမျှ၊ လှူကြလေသမျှသည် နန်းတော်ကြီးတုန်းက အစားအသောက်များနှင့် ကွာလှချေတကားဟု ရှင်ရာဟုလာ သတိပြုမိလေသည်။

ဘိုးတော်၊ ဘွားတော်၊ မယ်တော်တို့နှင့် ရတ်တရက်ခွဲခွာကာ သံဃာတော်များနှင့် အတူလိုက်ပါလာရသဖြင့် ရှင်ရာဟုလာမှာ ကိုယ်ရော စိတ်ပါ ပင်ပန်းလှပါ၏။ နွမ်းနယ်လှပါ၏။ စားရာသောက်ရာမှာလည်း နန်းတော်ကြီးတုန်းကနှင့် မတူနိုင်တော့သဖြင့် အခက်အခဲတွေ့ရှာ၏။ သို့ရာတွင် ပင်ကိုယ်ဓာတ်ခံကောင်းမွန်ခဲ့သည့်

သာသနာ့အာဇာနည်လေးပိပိ တွေ့ကြုံလာရသည့် အခြေအနေသစ်များနှင့် လိုက်လျောညီထွေနေတတ်ရန် ကြိုးစားရှာလေသည်။

တစ်တောဝင် တစ်တောထွက်၊ တစ်ရွာဝင် တစ်ရွာထွက်ဖြင့် ခရီးဆက်ခဲ့ကြရာတွင် မကြာမီမှာပင် အနုပိယရွာကြီးသို့ ဆိုက်ရောက်လာကြ၏။

ဘုရားရှင်သည် အနုပိယရွာအနီးတွင် ရက်အတန်ကြာ ရပ်နားတော်မူသဖြင့် ခရီးပမ်းလာသည့် ရှင်ရာဟုလာလေးအတွက် အနားယူခွင့်ရသွားပေသည်။

■



## ၁၄။ ဘထွေးတော်များ လိုက်လာကြပြီ

သွေးသားရင်းချာဖြစ်သော ညီတော်နန္ဒနှင့် သားတော်ရာဟုလာတို့ကိုသာ ဘုရားရှင်က အာဏာတော်သုံး၍ သာသနာ့ဘောင်သို့ သိမ်းသွင်းတော်မူခဲ့၏။ အခြားအခြားသော ဆွေတော်မျိုးတော်များကိုမူ ဤသို့ သိမ်းသွင်းတော်မမူခဲ့ပါ။ အာဏာတော်ဖြင့် မသိမ်းသွင်းရပါဘဲလျက် မိမိအလိုအလျောက် သဒ္ဓါပေါက်၍ ရဟန်းပြုလာခဲ့သည့် ဆွေတော်မျိုးတော် ရဟန်းများလည်း အနုပိယခရီးစဉ်မှာ အတူလိုက်ပါလာခဲ့ကြ၏။

နန်းတော်ကြီးမှာ ကျန်နေရစ်ကြသည့် ဘိုးတော် ဘွားတော်နှင့် မယ်တော်တို့ကို သတိရမိလေတိုင်း၊ လွမ်းလွမ်းဆွတ်ဆွတ်ဖြစ်လာလေတိုင်း ရှင်ရာဟုလာသည် ထိုဆွေတော်မျိုးတော် ရဟန်းများထံ ချဉ်းကပ်ရ၏။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ စသော မထေရ်မြတ်ကြီးများကလည်း သာသနာ့အညွန့်အညှောက်ကလေးကို ရေစင် ရေကောင်းများ လောင်းပေးကြ

လေသည်။ သာသနာတော်ကြီးမှာ ပျော်ရာပျော်ကြောင်း စကားကောင်းများဖြင့် ဆုံးမသွန်သင်ကြလေသည်။

ယခုတော့ ရှင်ရာဟုလာအတွက် ပိုမို၏ အားတက်စရာဖြစ်လာပါပြီ။ ဘုရားရှင် ကပိလဝတ်မြို့တော်မှာ ရှိတော်မူစဉ်တုန်းက ချိတုံချတုံဖြစ်နေခဲ့ကြသော သကျမင်းသားခြောက်ဦးတို့သည် စိတ်နှလုံး ဒုန်းဒုန်းချ၍ သာသနာတော်တွင်း ဝင်ရောက်ရန် အနုပိယသို့ လိုက်လာကြပါပြီ။

သကျမင်းသားခြောက်ဦးတို့မှာ အာနန္ဒာ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ်တို့ ဖြစ်ကြ၏။ အာနန္ဒာမင်းသားသည် ဘိုးတော်သုဒ္ဓေါဒန၏ ညီတော်တစ်ပါးဖြစ်သော အမိတောဒန၏ သားတော်ဖြစ်၍ ရှင်ရာဟုလာနှင့်ဆိုသော် ဘထွေးတော်ဖြစ်ပေသည်။ အနုရုဒ္ဓါမင်းသားသည်လည်း ဘိုးတော် သုဒ္ဓေါဒန၏ ညီတော်တစ်ပါးဖြစ်သော သုက္ကောဒန၏ သားအငယ်ဖြစ်၍ ရှင်ရာဟုလာ၏ ဘထွေးတော်တစ်ပါးပင် ဖြစ်ပေသည်။

ဒေဝဒတ်မင်းသားသည်လည်း မယ်တော် ယသော်ဓရာ၏ မောင်တော်အရင်းပင်ဖြစ်၍ မယ်တော့်ဘက်က ဘထွေးတော်အရင်းပင် ဖြစ်ပေသည်။

ဘဒ္ဒိယမင်းသားမှာလည်း သွေးသားရင်းချာထဲကပင် ဖြစ်၍ ဘိုးတော်မင်းတရားကြီး၏ လက်အောက်တွင် သကျနိုင်ငံတော်ကို စီမံအုပ်ချုပ်နေရသဖြင့် ရာဇာဟူသော အမည်ကို ခံယူထားရပေသည်။

ဘဂုမင်းသားနှင့် ကိမိလမင်းသားတို့သည်လည်း သကျမျိုးနွယ်ဝင်ထဲက ထင်ရှားသူများပင် ဖြစ်ပေသည်။

သကျမင်းသား ခြောက်ဦးတို့နှင့်အတူ ဆတ္တာသည် ဥပါလိလည်း အတူ ပါလာ၏။ စောစောတုန်းကတော့ သကျမင်းသားတို့

သည် မိမိတို့၏ အလုပ်အကျွေးအဖြစ်ဖြင့် ဥပါလိကို ခေါ်လာခဲ့ကြ၏။ သကျတို့နယ်မြေမှ မလ္လတို့နယ်မြေသို့အကူးတွင် မိမိတို့ဝတ်ဆင်လာခဲ့ကြသည့် လက်ဝတ်တန်ဆာ ရတနာမျိုးစုံတို့ကို ချွတ်၍ အပေါ်ရုံပုဆိုးတစ်ထည်ဖြင့် ထုပ်ပြီးလျှင် ဥပါလိအား ပေးအပ်ကာ ပြန်လွှတ်လိုက်ကြ၏။

ဥပါလိသည် အတန်ငယ် နောက်ကြောင်းပြန်လျှောက်လှမ်းလာခဲ့ပြီးမှ ရတနာထုပ်ကြီးကို လမ်းဘေးက သစ်ပင်မှာ ချိတ်ဆွဲထားခဲ့ပြီးလျှင် သကျမင်းသားများနှင့်အတူ လိုက်ပါလာခဲ့ပေသည်။

လာခြင်းကောင်းသော ရဟန်းလောင်း ခုနစ်ပါးတို့အား သာမဏေ ရှင်ရာဟုလာက အနုပိယ ဥယျာဉ်တော်ကျောင်းဝမှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်လေသည်။

■



## ၁၅။ သဘောကောင်းသည်၊ မနောကောင်းသည်

"အရှင်ဘုရား၊ တပည့်တော်တို့ သကျမျိုးနွယ်များသည် မာန်မာန ခက်ထန်သူများဖြစ်ကြပါသည်။ သို့ဖြစ်၍ တပည့်တော်တို့ကို နှစ်ပေါင်း များစွာပြုစုလုပ်ကျွေးလာခဲ့သော ဆတ္တာသည် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ။ တပည့်တော်တို့က နောက်မှ ရဟန်းပြု၍ သူ့ကို ဦးညွှတ်ကြပါမည်။ ခရီးဦးကြိုဆိုကြပါမည်။ လက်အုပ်ချီမိုး ရှိခိုးကြပါမည်။ ရိုရိုသေသေ ဆက်ဆံပြုမူကြပါမည်။ ဤသို့အားဖြင့် တပည့်တော်တို့၏ မာန်မာနအစိုင်အခဲများ ပျက်ပြယ်သွားပါလိမ့်မည် ဘုရား"

ဘုရားရှင် ရှေ့တော်မှောက်အရောက်တွင် သကျမင်းသား ခြောက်ဦးတို့က ဤသို့ လျှောက်ထားကြ၏။ ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် လျှောက်ထားသည့်စကားကို ဘုရားရှင်ကလည်း လက်ခံတော်မူပါ၏။

ဘထွေးတော် သကျမင်းသားတို့မှာ ဘိုးစဉ်ဘောင်ဆက်က အမွေဆက်ခံလာခဲ့ရသည့် မာန်မာနအစိုင်အခဲများ ပျက်ပြယ်သွား

စေရန် တမင်တကာ ဆောင်ရွက်ခဲ့ကြရ၏။ သကျမျိုးနွယ်တို့၏ မဟာရာဇာမိသားစုမှ ဖွားမြင်လာခဲ့သော ရှင်ရာဟုလာမှာကား ဤသို့ တမင်တကာ ဆောင်ရွက်နေစရာ မလိုပါ။ သူ့ပင်ကိုယ်သဘော အားဖြင့်ပင် မာန်ခက်ထန်ခြင်း ကင်းဝေးခဲ့သူဖြစ်ပေသည်။

နန်းတော်ထက်မှာ ရှိစဉ်တုန်းက "ငါသည်ကား သုဒ္ဓေါဒန မဟာရာဇာ၏ မြေးပေတည်း"ဟူ၍ မာန်ခက်ထန်ခြင်းမရှိခဲ့။ မရှိခဲ့၍ လည်း နန်းတော်ကြီးတစ်ခုလုံး၏ ချစ်ခင်မြတ်နိုးခြင်းကို ခံယူခဲ့ရ၏။

ယခု သာသနာ့ဘောင် ရောက်လာပြန်တော့လည်း "ငါသည် ကား ရဟန်းရှင်လူအပေါင်းတို့၏ ပူဇော်ဦးခိုက်ရာ မြတ်စွာဘုရား၏ သားပေတည်း"ဟူ၍ ဝင့်ဝင့်ထည်ထည် မရှိပါချေ။ ခမည်းတော် ဘုရားကို လေးစားသည်နှင့်အမျှ ရဟန်းတို့ကိုလည်း လေးလေးစားစား ဆက်ဆံ၏။ ရဟန်းတို့ ဆိုဆုံးမသည့် စကားတို့ကို ရိုသေလေးမြတ်စွာ နာယူမှတ်သား၍ လေးလေးစားစား လိုက်နာကျင့်သုံးတတ်ပေသည်။

ခမည်းတော်မြတ်၏ နောက်တော်ပါးက ဖဝါးခြေထပ် လိုက် ပါလာရင်း သာသနာ့ဘောင်၌ နေသားတကျလည်း ရှိလာပေပြီ။

သို့ဖြစ်၍ ရဟန်းတို့သည် မိမိတို့ကျောင်းသို့ ရှင်ရာဟုလာ ရောက်လာပြီဆိုလျှင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၏။ ခုတင်ငယ်ကို ဖြစ်စေ၊ တန်းလျားငယ်ကိုဖြစ်စေ ခင်းပေးကြ၏။ အနီးအပါးမှာ ရှိသည့် ညောင်စောင်းတစ်ခုခုပေါ်တွင် ဖျာသင်ဖြူးများ ခင်းပေး ကြ၏။ တစ်ချို့ကမူ သင်္ကန်းများကို အထပ်ထပ်ခေါက်ကာ ခေါင်းအုံး စရာ လုပ်ပေးကြ၏။ ဤသို့ ဂရုတစိုက်ပြုစုကြခြင်းမှာ ဘုရားရှင်၏ မျက်နှာတစ်ခုတည်းကြောင့် မဟုတ်ပါ။ မာန်မာနကင်းသော ရှင်ရာဟုလာ၏ စိတ်မနောကို သဘောကျကြသောကြောင့်လည်း ဖြစ်ပေသည်။



## ၁၆။ ဘိုးတော်မင်းတရားကြီး ချုပ်ငြိမ်းခြင်း

ဘုရားရှင် နောက်တော်ပါးက လိုက်ပါလာ၍ နယ်တကာ ရပ်တကာ လှည့်လည်သွားလာနေရင်းပင် ရှင်ရာဟုလာသည် သာမဏေ ဝါ သုံးဝါရလာ၏။ အသက်အားဖြင့်လည်း ဆယ်နှစ်တင်းတင်းပြည့် ခဲ့ပြီဖြစ်၏။ အသက်ကလေးရလာသည်နှင့်အမျှ အရပ်အမောင်းက လေးကလည်း ထွက်လာ၏။ အလုံးအဖန်ကလည်း ဖွံ့ဖြိုးလာ၏။ အလုံးအရပ်များနှင့်အတူတကွ ခမည်းတော်မြတ်၏ ရုပ်ရောကြာ အသွင်သဏ္ဍာန်တို့ကလည်း ပီပြင်သည်ထက် ပီပြင်၍ လာကြ ပေသည်။

သည်သုံးဝါအတွင်း၌ ရှင်ရာဟုလာသည် ဗိမ္ဗိသာရမင်းကြီး၏ ရာဇဂြိုဟ်နန်းတော်သို့လည်း ရောက်ခဲ့ဖူးပြီ။ လိစ္ဆဝီအမျိုးသားတို့ စုပေါင်းမင်းလုပ် အုပ်ချုပ်နေကြသည့် ဝေသာလီမြို့တော်သို့လည်း ရောက်ခဲ့ဖူးပြီ။ သို့သော် ဘိုးတော်၊ ဘွားတော်တို့၏ ကပိလဝတ်မြို့ တော်ကိုတော့ ပြန်မရောက်ဖြစ်သေးပါ။ နိဂြောဓာရုံကျောင်းတော်တွင်

ရှင်သာမဏေဘဝသို့ ရောက်ပြီးနောက် ဘိုးတော်မင်းတရားကြီးနှင့် တွေ့ဆုံလိုက်ရခြင်းသည် နောက်ဆုံး တွေ့ဆုံရခြင်းဖြစ်၏။

အသက်ကလေး ရလာ၍ တွေးတတ်တောတတ်လာသည်နှင့် အမျှ ရှင်ရာဟုလာသည် မိမိအပေါ် ထားရှိခဲ့သည့် ဘိုးတော်မင်းတရားကြီး၏ မေတ္တာထုထည်ကို သဘောပေါက်လာ၏။ ဖတဆိုးသားကလေးတစ်ယောက်အဖြစ်ဖြင့် သိမ်ငယ်စိတ်များ ဝင်မလာစေရန် အားပေးအားမြှောက် ပြုလာခဲ့သည့် ရုပ်သွင်များကို မြင်ယောင်နေမိ၏။ ထိုစေတနာ၊ ထိုမေတ္တာတို့တွင် သံယောဇဉ်အမျှင်များက ရစ်ပတ်ချည်နှောင်ထားကြသဖြင့် သားတော်ဘုရား၏ ရှေ့မှောက်မှာပင် မရှက်နိုင်ဘဲ ပွင့်ပွင့်လင်းလင်း လျှောက်ထားခဲ့သည့် စကားတို့ကို ကြားယောင်နေမိ၏။ သားသမီးများကို ချစ်သော မိဘတို့၏အချစ်သည် အသွေးအသားတို့ကို ကျော်ဖြတ်ကာ အရိုးကိုပါ ဖောက်ထွင်းနိုင်ပါသတဲ့။ အရိုးကို ဖောက်ထွင်းကာ ရိုးတွင်းချဉ်ဆီထိအောင် ဆိုက်ရောက်ပါသတဲ့။

မိမိအပေါ် ရိုးတွင်းချဉ်ဆီခိုက်အောင် ချစ်လာခဲ့သည့် ဘိုးတော်မင်းတရားကြီးသည် ယခုတော့ ကပိလဝတ်နန်းတော်အိုကြီးပေါ်မှာ နေရစ်ခဲ့ပြီ။

ယခုလောက်ဆိုလျှင်တော့ သံယောဇဉ်အမျှင်မတန်းသော ဗြဟ္မစိုရ်အချစ်ဖြင့် ချစ်တတ်နေပါရော့မည်။ သားတော် ဘုရား၏ သာသနာ့တာဝန် ထမ်းဆောင်နေသော ရှင်သာမဏေများထဲက တစ်ပါးသော ရှင်သာမဏေလေးအဖြစ်ဖြင့် ကြည်ညိုတတ်နေပါရော့မည်။

အကယ်၍ ကပိလဝတ်မြို့တော်သို့ ဘုရားရှင် ဒုတိယအခေါက် ကြွရောက်စဉ်တုန်းက မိမိလိုက်ပါခွင့်ရခဲ့ပါလျှင် မိမိ၏ လက်ရှိ

ရုပ်သွင်ကို ဘိုးတော်မင်းတရားကြီး ရှုမြင်ခွင့်ရသွားခဲ့ပါလိမ့်မည်။ ထိုအခါက်တုန်းက ဘုရားတော် မဟာပဇာပတိဂေါတမီသည် မိမိကိုယ်တိုင် ယက်လုပ်ထားသည့် သင်္ကန်းတစ်စုံကို သားတော်ဘုရားထံ ဆက်ကပ်ရာ သားတော်ဘုရားက ကိုယ်တော်တိုင် အလှူခံတော်မမူဘဲ သံဃာအား လှူရန် မိန့်ကြားတော်မူခဲ့၏။

သည်သတင်းစကားများကို ကြားသိရသဖြင့် ရှင်ရာဟုလာသည် ခမည်းတော်ဘုရားသည် သံဃာကို အလေးအနက် သဘောထားကြောင်း သိနားလည်လာ၏။ ခမည်းတော်ဘုရား အလေးထားသည့် သံဃာ့အဖွဲ့အစည်းကြီးထဲတွင် မိမိပါဝင်ခွင့်ရသဖြင့် မိမိဘဝကို အားရကျေနပ်နေမိ၏။

ဝေသာလီမြို့တော်အနီးက ကူဋာဂါရကျောင်းတော်ကြီးတွင် သာသနာ့တာဝန်များကို ကျေကျေနပ်နပ် ထမ်းဆောင်နေစဉ်တွင် ဘိုးတော်မင်းတရားကြီး ဘဝဇာတ်သိမ်း ဒုက္ခငြိမ်းသွားသည့် သတင်းကို ကြားလိုက်ရလေသည်။

သည်သတင်းကို ကြားလိုက်ရစဉ်က ဘိုးတော်မင်းတရားကြီးအား နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ခွင့် မရလိုက်သဖြင့် စိတ်ထိခိုက်သွားရ၏။ သို့ရာတွင် မိမိ၏ခမည်းတော်၊ သူ၏သားတော်မြတ်ကိုယ်တော်တိုင်က နောက်ဆုံးနှုတ်ဆက်သော သဘောဖြင့် ကြွရောက်ခဲ့သဖြင့် မိမိစိတ်ကို ပြန်၍ ဖြေသိမ့်နိုင်ခဲ့ပါပေသည်။

■■



## ၁၇။ သောဝစဿတာ မင်္ဂလာ

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့တွင် သောဝစဿတာ ဟူသော မင်္ဂလာလည်း အပါအဝင်ဖြစ်၏။ ဤမင်္ဂလာ၏ အဓိပ္ပါယ်မှာ ရဟန်းသံဃာများ၊ ဆရာသမားများ၊ လူကြီးသူမများနှင့် လေးစားထိုက်သော အရည်အချင်းရှိသူတို့၏ ဆုံးမ စကားကို နာယူလွယ်ခြင်း ဖြစ်၏။ ဤသာသနာတော်ကြီးတစ်ရပ်လုံး၌ ဆုံးမ စကားကို နာယူလွယ်သည့် တပည့်အပေါင်းတွင် ရှင်ရာဟုလာသည် အထူးမြတ်ဆုံး ဖြစ်ပေသည်။

ရှင်ရာဟုလာ၏ စိတ်ဓာတ်သည်ကား အဖက်ဖက်က အစမ်းသပ်ခံနိုင်လောက်အောင် ထူးခြားလှပါ၏။ မွန်မြတ်လှပါ၏။ ရှင်ရာဟုလာ၏ စိတ်ဓာတ်ကို စမ်းသပ်ကြည့်လိုသဖြင့် ရဟန်းတို့သည် အဝေးမှ ရှင်ရာဟုလာ လာနေသည်ကို မြင်လျှင် တံမြက်စည်းကို ဖြစ်စေ၊ အမှိုက်တောင်းကိုဖြစ်စေ တော်ရာလျော်ရာ လွှင့်ပစ်ထား ကြ၏။ ရှင်ရာဟုလာအနားသို့ ရောက်လာသည့်အခါ ရဟန်းတစ်ပါး

က "ငါ့ရှင်၊ သည်ပစ္စည်းများကို မည်သူလွှင့်ပစ်ထားပါသနည်း"ဟု သိလျက်နှင့် မေးလိုက်၏။ အမေးခံရသော ရဟန်းကလည်း ကြိုတင်ကိုင်ပင်ထားပြီးဖြစ်၍ "အရှင်ဘုရား၊ ရှင်ရာဟုလာသည် ဤနေရာမှာ သွားတတ်လာတတ်ပါသည်၊ သူများ လွှင့်ပစ်ထားလေသလား၊ မသိပါ ဘုရား"ဟု စကားစောင်းပစ်ပေးလိုက်လေသည်။

ဤတွင် ရှင်ရာဟုလာသည် "တပည့်တော် မလုပ်ရပါ ဘုရား"ဟူ၍ တစ်ကြိမ်တစ်ခါမျှ ငြင်းပယ်ကော မလျှောက်ထားခဲ့ပေ။ ရဟန်းများ လွှင့်ပစ်ထားသည့် ပစ္စည်းများကို ကောက်ယူကာ နေထားတကျ သိမ်းထားလိုက်၏။ ထို့နောက် မိမိမှာ အပြစ်မရှိမှန်း သိထားပါလျက် ရဟန်းတို့စကားကို လေးစားသောသဘောဖြင့် "တပည့်တော်၏ အပြစ်ကို သည်းခံပော်မူပါ ဘုရား"ဟူ၍ တောင်းပန်စကား လျှောက်ထားလိုက်ပါသေးသည်။

ရပ်ရေလက္ခဏာအားဖြင့် ချစ်စရာ ခင်စရာကောင်းလှပေသော ရှင်ရာဟုလာသည် စိတ်နေစိတ်ထားအားဖြင့်လည်း ကြည်ညိုဖွယ် မြတ်နိုးဖွယ်ကောင်းလှပါပေ၏။ ထို့ကြောင့်လည်း ရဟန်းတို့သည် မိမိတို့ထံသို့ ရှင်ရာဟုလာ ရောက်လာလျှင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြ၏။ နေစရာ ထိုင်စရာ ခင်းပေးခဲ့ကြ၏။

ညအချိန်ရောက်လာတော့လည်း မိမိတို့ကြားမှာပင် အိပ်စရာ ခြုံစရာပေး၍ နွေးနွေးထွေးထွေး သိပ်လာခဲ့ကြပေသည်။

ဤသို့ ရှင်ရာဟုလာကို လိုလိုလားလား ကြိုဆို၍ လက်ခံလာခဲ့ကြသော ရဟန်းများသည် အာဠဝီမြို့တော်ရှိ အဂ္ဂါဠဝကျောင်းတော် ရောက်လာသည်တွင်ကား အခက်ကြုံကြရပါတော့သည်။

အဂ္ဂါဠဝကျောင်းတော်၌ ဘုရားရှင်နှင့်တကွ ခမ္မကထိက ရဟန်းများသည် ညတရားပွဲကြီးများ ဟောကြားတော်မူကြ၏။

ကျောင်းမှာရှိသမျှ ရဟန်းငယ်များသည်လည်း မြို့သူမြို့သားများနှင့် အတူတကွ တရားနာကြ၏။ တရားပွဲကြီးများကလည်း ညဉ့်ကြီးနက်မှ ပြီးဆုံးကြသဖြင့် တရားနာပရိတ်သတ်များမှာ ကျောင်းမှာပင် အိပ်ကြရ၏။ ထိုရဟန်းငယ်များသည်လည်း သူတို့နှင့်အတူတကြား အိပ်စက်ကြ၏။

ထိုရဟန်းငယ်များမှာ သာသနာတော်တွင်း ရောက်လာတာလည်း မကြာသေး၊ ကိုယ့်ကိုယ်လည်း စောင့်စည်းသည့် အလေ့အကျင့်ကလည်း မရှိသေးသဖြင့် သေသေဝပ်ဝပ် မအိပ်စက်နိုင်ဘဲ အမြင်မတော် ဖြစ်ကုန်ကြရ၏။ ဒါယကာ၊ ဒါယိကာမတို့ အကြည်ညိုပျက်စရာ ဖြစ်ကုန်ကြရ၏။

ဤတွင် ဘုရားရှင်က ရဟန်းမဟုတ်သူများနှင့်အတူ တစ်မိုးတစ်ရံတည်းသော အဆောက်အအုံ၌ ရဟန်းများ အိပ်စက်ခြင်းကို တားမြစ်ရန်အလို့ငှာ သုဒ္ဓပါစိတ်တွင် အပါအဝင်ဖြစ်သော သဟသေယျသိက္ခာပုဒ်ကို ပညတ်တော်မူခဲ့၏။

ရှင်ရာဟုလာမှာမူ ထိုသိက္ခာပုဒ် ပညတ်ထားသည်ကို မသိသေးသဖြင့် ညအိပ်ချိန်တွင် ခါတိုင်းလိုပင် ရဟန်းများထံ ချဉ်းကပ်လာ၏။ ရဟန်းများမှာ ရှင်ရာဟုလာ့ကို ချစ်ခင်ကြင်နာကြသော်လည်း ပညတ်ထားသည့် သိက္ခာပုဒ်ကို မချိုးဖောက်ရဲသဖြင့် ရှင်ရာဟုလာအား ဤအကြောင်းကို ပြောပြလိုက်ကြရ၏။ ရှင်ရာဟုလာသည် တစ်ကြိမ်တစ်ခါတည်း ပြောလိုက်ရုံနှင့်ပင် "ကောင်းပါပြီဘုရား"ဟု လျှောက်ထားကာ ရဟန်းတို့၏ ကျောင်းဆောင်ထဲမှ လွတ်ရာကျွတ်ရာသို့ ထွက်ခွာခဲ့လေသည်။

တစ်ပါးတည်း တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာရင်း ရှင်ရာဟုလာသည် ညအိပ်ရမည့်နေရာကို စဉ်းစားလာခဲ့၏။ မိမိမှာ

ရဟန်းအဖြစ်သို့ မရောက်သေးသဖြင့် ရဟန်းတို့နှင့် အတူတကွ တစ်မိုး တစ်ရံတည်းသော အဆောက်အအုံ၌ ညအိပ်စက်ခွင့် မရှိတော့ပြီ။ သည်အဂ္ဂါဠဝကျောင်းတော်မှာလည်း ရဟန်းတို့အတွက်သာ ကျောင်းဆောင်များ ရှိသည်။ သာမဏေများအတွက် သီးသန့်ကျောင်းဆောင်မရှိသေးပေ။

ရဟန်းတို့လွတ်ကင်းရာ အပြင်အပသို့ သွား၍ အိပ်ရန်ကလည်း တောကြီးမျက်မည်းဖြစ်နေ၏။ ထို့ပြင် နိသဿယည်းယူထားသည့် ဆရာရဟန်းနှင့် ညအိပ်ညနေ ကင်းကွာ၍လည်း မနေကောင်းချေ။

ဤသို့ အဖက်ဖက်က ဝေဖန်စဉ်းစားလာခဲ့ရာ နောက်ဆုံးတွင် ညအိပ်စက်ရန် အကောင်းဆုံးနေရာတစ်ခုကို ရှင်ရာဟုလာ တွေ့လိုက်ရပါတော့သည်။

နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် ဘုရားရှင်သည် ကုဋီအိမ်သို့ ကြွတော်မူရာ ကုဋီအိမ်တံခါး ပိတ်ထားသည်ကို တွေ့ရသဖြင့် အပြင်မှ ချောင်းဟန့်သံပေးတော်မူ၏။ အတွင်းကလည်း နိုးကြားပြီး ဖြစ်နေ၍ ချောင်းဟန့်သံ တုံ့ပြန်လာသဖြင့် ဘုရားရှင်က–

“အတွင်းက မည်သူနည်း” ဟု မေးတော်မူရာ–

“တပည့်တော် ရာဟုလာပါ အရှင်ဘုရား”

ရှင်ရာဟုလာသည် ရိုသေစွာ တုံ့ပြန်လျှောက်ထားရင်း တံခါးကို ဖွင့်၍ ဆင်းလာ၏။ ဘုရားရှင်၏ ခြေအစုံ၌ ဦးခိုက်ရှိခိုးနေ၏။

“ရာဟုလာ၊ အဘယ်ကြောင့် ဤကုဋီအိမ်ထဲ၌ ညအိပ်နေရပါသနည်း”

“အရှင်ဘုရား၊ ယခင်ကဆိုလျှင် ရဟန်းများသည် တပည့်တော်အတွက် အိပ်စရာ နေစရာ ပြင်ဆင်၍ ပေးခဲ့ကြပါသည်။ ယမန်ညကမူ သဟသေယျသိက္ခာပုဒ်ကို ပညတ်ထားပြီးဖြစ်၍ မည်သည့်ရဟန်းကမျှ

တပည့်တော်ကို အိပ်ရာနေရာမပေးကြတော့ပါ။ သို့ဖြစ်၍ တပည့်တော်သည် မည်သူ့ကိုမျှ အပူမကပ်တော့ဘဲ လွတ်လပ်သည့် ဤနေရာသို့သာ လာ၍ အိပ်စက်နေခဲ့ပါသည် ဘုရား"

ဘုရားရှင်၏အမေးကို ရှင်ရာဟုလာက ရိုရိုသေသေ ဖြေကြားလိုက်၏။

ရှင်ရာဟုလာ၏ လျှောက်ထားချက် ကြားနာပြီးလျှင် ဘုရားရှင်သည် ဖြစ်သစ်စ ရှင်သာမဏေကလေးတို့မှာ ကြုံလာရမည့်အခက်အခဲကို ရှုမြင်တော်မူ၏။ ဖြစ်သစ်စ ရှင်သာမဏေလေးများသည် ဤကဲ့သို့သာ ရဟန်းတို့၏ ကူညီစောင့်ရှောက်မှုကို မရနိုင်ပါက သာသနာ့ဘောင်၌ ရပ်တည်ရန် မလွယ်တော့ပါ။ မွေ့လျော်ပျော်ပိုက်ရန် မလွယ်တော့ပါ။ သို့ဖြစ်၍ ဖြစ်သစ်စ ရှင်သာမဏေငယ်ကလေးများကို ထောက်ထားသောအားဖြင့် ပညတ်ထားပြီးသော သဟသေယျသိက္ခာပုဒ်တွင် နောက်ထပ် ပညတ်သည့် အနုပညတ်ကို ထည့်သွင်းပေးတော်မူ၏။ ထိုအနုပညတ်အရ ရဟန်းများသည် လူများနှင့်လည်းကောင်း သာမဏေများနှင့်လည်းကောင်း နှစ်ည၊ သုံးည အတူအိပ်ခွင့် ရှောကြပြန်ပေသည်။

■■



## ၁၅။ ကျက်စရာ မှတ်စရာ အတိုအထွာ

သဟာယသေဝေယျသိက္ခာပုဒ်အရ ရှင်ရာဟုလာသည် ရဟန်းများနှင့် အတူ ညအိပ်ခွင့်မရနိုင်တော့သော်ငြားလည်း နေ့ခင်းပိုင်းမှာတော့ ခါတိုင်းလို သွားလာဝင်ထွက်ခွင့် ရနေဆဲသာ ဖြစ်၏။

နန်းတော်ကြီးမှာတုန်းက ဘိုးတော်၊ ဘွားတော်တို့ရှေ့မှောက်မှာ၊ မယ်တော်၏ရင်ခွင်မှာ တွတ်တီးတွတ်တာ ပြောလာခဲ့သည့်နည်းတူ ရဟန်းများနှင့်ကျတော့လည်း ပြောစရာစကားတွေက အစီအရီရှိနေကြသည်သာ။

ရောက်လေရာရာအရပ်ဒေသတွင် ရှင်ရာဟုလာသည် တောတောင် ရေမြေပဒေသာ သဘာဝမြင်ကွင်းကို စိတ်ဝင်တစား ခံစားတတ်၏။ လူတန်းစားပေါင်းစုံတို့၏ နေပုံထိုင်ပုံ၊ ပတ်စားဆင်ယင်ပုံတို့ကို လေလာတတ်၏။ စားဝတ်နေရေး စီးပွားရေးအတွက် တစ်နယ်နှင့်တစ်နယ်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသည့် ပြုမူလှုပ်ရှားပုံများကို နှိုင်းယှဉ်၍ ကြည့်တတ်၏။

ထို့ကြောင့်လည်း သူ့နှုတ်များဝယ် ပြောစရာအကြောင်းအရာတွေက အမြဲတမ်း တန်းစီနေကြ၏။ လူကြီးမိဘများ၏ ဆုံးမသွန်သင်မှုကို အပြည့်အဝ ရရှိထားသူကလေးဖြစ်၍လည်း ချိုချိုသာသာပြောတတ်ဆိုတတ်၏။ ယဉ်ကျေးဖွယ်ရာ နားခံသာသည့် စကားလုံးတို့ကို အသုံးပြုတတ်၏။ သူ့လေ့လာမိသမျှ၊ စိတ်ဝင်စားမိသမျှကိုလည်း စီကာပတ်ကုံး တပြုံးပြုံးနှင့် ပြောတတ်ဆိုတတ်၏။

ရှင်ရာဟုလာ ပြောဆိုလေသမျှကို ရဟန်းတို့ကလည်း ပြုံးပြုံးရွှင်ရွှင် နားဆင်ကြ၏။ တစ်နေရာရာ၌ ရှင်ရာဟုလာ၏ စကားဝိုင်းကလေး ဖြစ်ပေါ်လာလျှင် သူ့ပရိသတ်များက ဝိုင်းအုံလာကြတော့၏။

ဤသို့ အုံနှင့်ကျင်းနှင့် ဝိုင်းဖွဲ့စကားပြောနေခြင်းကို ဘုရားရှင်နှစ်သက်တော်မမူပါ။ စကားများလျှင် အမှားပါမည်။ အကယ်၍အမှားမပါအောင် ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်သည်ထားဦး၊ တရားဘက်ကတော့ ဟာကွက်ပေါ်လာတော့မည်သာ။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေရမည့်အချိန်များကို စကားဝိုင်းများတွင် အကျိုးမဲ့ဖြုန်းတီးပစ်ရာ ရောက်တော့မည်ဖြစ်၏။

ထို့ကြောင့် ဘုရားရှင်သည် သာမဏေဘောင် ရောက်လာသည့်အချိန်မှစ၍ ကုမာရပဉှာမည်သော သုတ္တန်တစ်ခုကို နှုတ်တိုက်ပို့ချပေးတော်မူ၏။ ဘုရားရှင် ရွှေနှုတ်တော်က ထွက်ကျလာသည့် မေးခွန်းများကို ချက်ကျလက်ကျ ဖြေကြားတတ်စေရန် သင်ကြားပေးတော်မူ၏။ ဤသုတ္တန်၏အနက်အဓိပ္ပါယ် အပြည့်အစုံကို ငယ်နုသေးသည့် ရှင်ရာဟုလာ မသိနိုင်သေးသော်ငြားလည်း သူ့နှုတ်ကိုထိန်းချုပ်ပေးသည့်သဘောဖြင့် သင်ပေးထားရခြင်း ဖြစ်ပေသည်။ တောစကား တောင်စကားတွေ ပြောဆိုနေမည့်အစား သိသင့်

သိထိုက်သော တရားသဘောများနှင့် ယဉ်ပါးလာအောင် ဆွဲဆောင်စည်းရုံးသည့်သဘောလည်း ပါဝင်ပေသည်။

ရှေ့တော်မှောက်တွင် နှုတ်တိုက်သင်ကြားပေး၍ တော်တော်ကလေး အရှိန်ရလာသည်နှင့် ဘုရားရှင်က–

"ရာဟုလာ၊ တစ်ခုဟူသည် အဘယ်နည်း"ဟု မေးမြန်းတော်မူ၏။

"အရှင်ဘုရား၊ သတ္တဝါဟူသမျှ အာဟာရမှာ တည်နေကြောင်းပါ ဘုရား" ဟု ရှင်ရာဟုလာက ဖြေကြား၏။

ဘုရားရှင်သည် ရှင်ရာဟုလာ၏ ဖြေကြားချက်ကို လက်ခံတော်မူကာ ဆက်လက်၍–

"ရာဟုလာ၊ နှစ်ခုဟူသည် အဘယ်နည်း"

"အရှင်ဘုရား၊ ရုပ်နာမ်နှစ်ပါးဖြစ်ပါသည် ဘုရား"

"သုံးခုဟူသည် အဘယ်နည်း"

"ဝေဒနာသုံးပါး ဖြစ်ပါသည် ဘုရား"

"လေးခုဟူသည် အဘယ်နည်း"

"အရိယသစ္စာလေးပါး ဖြစ်ပါသည် ဘုရား"

"ငါးခုဟူသည် အဘယ်နည်း"

"ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်ပါသည် ဘုရား"

"ခြောက်ခုဟူသည် အဘယ်နည်း"

"အတွင်း အာယတနခြောက်ပါး ဖြစ်ပါသည် ဘုရား"

"ခုနစ်ခုဟူသည် အဘယ်နည်း"

"ဗောဇ္ဈင်ခုနစ်ပါး ဖြစ်ပါသည် ဘုရား"

"ရှစ်ခုဟူသည် အဘယ်နည်း"

"မဂ္ဂင်ရှစ်ပါး ဖြစ်ပါသည် ဘုရား"

"ကိုးခုဟူသည် အဘယ်နည်း"

"သတ္တာဝါသ ဘုံကိုးဝဖြစ်ပါသည် ဘုရား"

"တစ်ဆယ်ဟူသည် အဘယ်နည်း"

"ရဟန္တာပုဂ္ဂိုလ်၏ အင်္ဂါဆယ်ပါး ဖြစ်ပါသည် ဘုရား"

ဤသို့ ရှေ့တော်မှောက်၌ အမေးအဖြေပြုလုပ်၍ အသားကျသွားသောအခါတွင် အရှင်သာရိပုတ္တရာစသော မထေရ်ကြီးများထံတွင် ဆက်လက်၍ အလေ့အလာပြုသွားရန် ဘုရားရှင်က ညွှန်ကြားတော်မူလေသည်။

■■



## ၁၉။ အသံတိတ် မုသား ပယ်ရှားနိုင်စေ

ရာဇဂြိုဟ်မြို့တော်အနီးရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ခုသော ညနေခင်း၌ ဘုရားရှင်သည် ဖိုလ်ဝင်စားရာမှ ထွက်ကြွတော်မူကာ ရှင်ရာဟုလာရှိရာ အမ္ဗလဋ္ဌိကကျောင်းသို့ ကြွတော်မူ၏။ အမ္ဗလဋ္ဌိကကျောင်းသည် ဝေဠုဝန်ကျောင်းတော်နှင့် တစ်စပ်တည်းဆိုသော်လည်း ရဟန်းများ အစဉ်ထာဝရ နေထိုင်သည့်ကျောင်း မဟုတ်ပေ။ ပရိသတ်ကို ရှောင်ခွာ၍ ကိုယ့်တရားနှင့်ကိုယ် လွတ်လွတ်လပ်လပ် အေးချမ်းငြိမ်သက်စွာ နေလိုသော ရဟန်းတို့၏ ခိုလှုံရာဖြစ်၏။

ထိုကျောင်းသို့ ရှင်ရာဟုလာသွား၍ နေခြင်းမှာ တကယ်ကော့ဖြင့် အတုမြင် အတတ်သင်ခြင်းသာ ဖြစ်၏။ ဤကျောင်းသို့သွား၍ အေးချမ်းစွာ နေထိုင်သော ရဟန်းများကို ဘုရားရှင်က ချီးကျူးစကား မိန့်ကြားကော်မူသည်ကို အားကျကာ ဘုမသိ ဘမသိ သွား၍ နေခြင်းသာ ဖြစ်၏။ ဤသို့နေလိုက်လျှင် ခမည်းတော်မြတ်က သူ့ကိုလည်း မြှောက်စားတော်မူလိမ့်မည်၊ အရေးပေးတော်မူလိမ့်မည်ဟု သူက

မျှော်လင့်ထားခဲ့၏။ ဤသို့ ဟန်ဆောင်ပန်ဆောင် ပြုလုပ်ခြင်းမှာ အသံမထွက်သော မုသာဝါဒပင် ဖြစ်နေမှန်း သူသတိမထားမိချေ။ သို့ဖြစ်၍ ထိုအပြုအမူကို အချိန်မီ တားဆီးရန် ဘုရားရှင် ကြွချီတော်မူရခြင်းဖြစ်ပေသည်။

ဘုရားရှင် ကြွလာတော်မူသည်ကို အဝေးကပင် လှမ်းမြင်ရသဖြင့် ရှင်ရာဟုလာသည် မိမိ၏နေရာထိုင်ကို ဖုန်ခါပြီးလျှင် အသစ်တစ်ဖန်ပြန်၍ ခင်းပေးထား၏။ ခြေဆေးရေကိုလည်း အရံသင့်ခပ်ထား၏။ ခင်းထားသောနေရာ၌ ဘုရားရှင် ထိုင်တော်မူသောအခါ ရှင်ရာဟုလာသည် ပြည့်ဖြိုးသောခြေတော်အစုံ၌ ရေအေးများ လောင်းကာ လက်နှစ်ဖက်ဖြင့် ပွတ်နယ်ဆေးကြောပေးလေသည်။

ခြေဆေးခြင်းကိစ္စများ ပြီးသွားလျှင် ဘုရားရှင်သည် ရေအိုးထဲမှ ရေအနည်းငယ်ကို ခပ်ယူကာ ဤသို့ မိန့်တော်မူ၏။

"ရာဟုလာ၊ ခွက်ထဲက ရေကျန်အနည်းငယ်ကို မြင်၏လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင် ဖြစ်သည် ရာဟုလာ။ သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသောသူတို့အား ရဟန်းတရားသည် နည်းပါလှပေ၏"

ထို့နောက် ဘုရားရှင်သည် ခွက်ထဲက ရေကျန်အနည်းငယ်ကို မခြွင်းမချန် သွန်ပစ်တော်မူကာ–

"ရာဟုလာ၊ ရေကျန်အနည်းငယ်ကို သွန်ပစ်လိုက်သည်ကို မြင်၏လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင် ဖြစ်သည် ရာဟုလာ။ သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသောသူတို့အား ရဟန်းတရားသည် တစ်စ,မကျန်သွန်ပစ်ပြီးဖြစ်ပေ၏"

ထိုမှတစ်ဖန် ဘုရားရှင်သည် ရေခွက်ကို မှောက်၍ ပြတော်မူကာ–

“ရာဟုလာ၊ မှောက်လျက်ထားသော ရေခွက်ကို မြင်၏လော”

“မြင်ပါသည် အရှင်ဘုရား”

“ဤသို့ပင် ဖြစ်သည် ရာဟုလာ။ သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသောသူတို့အား ရဟန်းတရားသည် ဘာမျှမရှိတော့ချေ”

ဤသို့အားဖြင့် ဘုရားရှင်သည် ခွက်ငယ်နှင့် ပတ်သက်သမျှ ဥပမာလေးမျိုးကိုပေးပြီးလျှင် နောက်ထပ်ဥပမာတစ်ခုကို ဆောင်တော်မူပြန်၏။

“ရာဟုလာ၊ ပြည့်ရှင်မင်း၏ တိုက်ဆင်ကြီးသည် စစ်မြေပြင်၌ ရှေ့ခြေများဖြင့်လည်း တိုက်ခိုက်၏။ နောက်ခြေများဖြင့်လည်း နင်းခြေ၏။ ကိုယ်ရှေ့ပိုင်းဖြင့်လည်း တွန်းထိုး၏။ ကိုယ်အနောက်ပိုင်းဖြင့်လည်း တွန်းလှဲ၏။ ဦးခေါင်းဖြင့်လည်း ခြိမ်းခြောက်၏။ နားရွက်များဖြင့်လည်း ကာကွယ်၏။ အစွယ်များဖြင့်လည်း ထိုးဆွ၏။ အမြီးဖြင့်လည်း ပုတ်ခတ်၏။ ဤသို့ရှိသမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းများက လှုပ်ရှားနေကြပါလျက် နှာမောင်းဖျားကိုကား ပါးစပ်ထဲမှာ ထည့်၍ ငုံထားသည်ဆိုပါက ထိုတိုက်ဆင်ကြီးသည် သက်စွန့်ကြိုးပမ်း မတိုက်ခိုက်သေးဟု ဆိုရ၏။ အကယ်၍ နှာမောင်းကပါ တိုက်ခိုက်ရာတွင် ပါဝင်လာလျှင်ကား သက်စွန့်ကြိုးပမ်းတိုက်ခိုက်ပြီဟု ဆိုနိုင်၏။ နှာမောင်းကိုမျှ ထိမည် ခိုက်မည်မကြောက်တော့သော တိုက်ဆင်ကြီးအဖို့ မလုပ်ဝံ့ မကိုင်ဝံ့သော အလုပ်ဟူ၍ မရှိနိုင်တော့ပေ။

“ထို့အတူသာပင် သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသောသူအား မလုပ်ဝံ့သော မကောင်းမှုဟူ၍ မရှိနိုင်တော့ပေ။ ထို့ကြောင့်

ဤသာသနာတော်အတွင်း၀ယ် ရယ်မောပြောင်လှောင်သော သဘော ဖြင့်ပင် မုသားစကားမပြောကြားမိအောင် စောင့်စည်းပါလော့”

ပရိယာယ်မပါ၊ မာယာမနှော၊ ဟုတ်မှန်တိုင်းပြောဆိုနိုင်ရေး အတွက် ဆုံးမတော်မူပြီးလျှင် ဆက်လက်၍–

“ရာဟုလာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်များကို လုပ်မည်ပြုသောအခါ၌ဖြစ်စေ၊ လုပ်နေဆဲမှာဖြစ်စေ၊ လုပ်ပြီးသောအခါ မှာဖြစ်စေ ဤသို့ စဉ်းစားဆင်ခြင်အပ်၏။ ဤ ငါ၏အမှုသည် မိမိကိုယ်တိုင် ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ သူတစ်ပါး ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ မိမိ သူတစ်ပါး နှစ်ပါးစုံ ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ ဆင်းရဲစေကြောင်း မကောင်း သောအမှုဖြစ်လေသလော၊ ဤသို့စဉ်းစားဆင်ခြင်၍ ဆင်းရဲစေကြောင်း မကောင်းသောအမှု ဖြစ်နေလျှင် ထိုအမှုကို တဖွတ်ထိုးစိတ်ဖြင့် မပြုလုပ်ပါလင့်။

“မိမိ သူတစ်ပါး နှစ်ပါးတို့အား မပင်ပန်း မဆင်းရဲစေကြောင်း ကောင်းသောအမှုဖြစ်ပါမူကား ထိုအမှုကို နေ့ရော ညပါ ကျင့်သုံး၍ နေပါလော့ ရာဟုလာ”

အသိနှင့်ယှဉ်သောအကျင့်များဖြင့် ဘုရားသားတော် ပီသစေရန် ခမည်းတော်မြတ်က သားတော်ရှင်ရာဟုလာအား ဤသို့ဟောကြား တော်မူလေသည်။

■■



## ၂၀။ သာသနာ့ဘောင်မှာ ပျော်ပါစေ

ဆုံးမ,စကားကို နာယူလွယ်ခြင်း၊ မာန်မာနမရှိခြင်း၊ ပညတ်တော်မူသည့် သိက္ခာပုဒ်များကို လိုလိုလားလား လိုက်နာကျင့်သုံးခြင်းတို့ကြောင့် ရှင်ရာဟုလာကို ရဟန်းရှင်လူအပေါင်းက ချစ်ခင်ကြ၏။ ကြည်ညိုကြ၏။ ရောက်လေရာရာအရပ်တိုင်းက ဝမ်းပန်းတသာ ကြိုဆိုကြ၏။ လိုအပ်ချက်ရှိသမျှကို ဖြည့်ဆည်းပေးကြ၏။

အကယ်၍ အသိအလိမ္မာ မပြည့်ဝသေးသူဖြစ်ပါက ဤသို့သော အခွင့်ထူးများကို အကြောင်းပြုကာ သီတင်းသုံးဖော် သံဃာတော်များ အပေါ် အထင်သေး အမြင်သေးစိတ်များ ပေါ်လာနိုင်၏။ "ငါက တော်နေလွန်း၍သာ သူတို့တစ်တွေ ငါ့ကို အရေးတယူ လုပ်နေကြရသည်"ဟု စိတ်ကြီးဝင်လာစရာရှိ၏။

ထို့ကြောင့် သူ့ခမည်းတော်မြတ်က ဤသို့မကြာခဏ မေးခွန်းထုတ်တော်မူရ၏။

"ရာဟုလာ၊ မကြာခဏပေါင်းဆုံ ထိတွေ့နေရခြင်းကြောင့် ပညာရှိပုဂ္ဂိုလ်ကို မထီမဲ့မြင်ပြုမိပါသလော"

"မပြုမိပါ အရှင်ဘုရား"

ခမည်းတော်မြတ်၏ မေးခွန်းကို ရှင်ရာဟုလာက ရိုသေစွာ ဖြေကြား၏။

"ရာဟုလာ၊ ထိုသို့ဖြစ်လျှင် လူတို့အား တရားတည်းဟူသော ဆီမီးတန်ဆောင်ကို ထွန်းညှိပေးတတ်သော ပညာရှိကို ပူဇော်ပါ၏လော"

"အစဉ်အမြဲ ပူဇော်ပါ၏ အရှင်ဘုရား"

ထို့နောက် ဘုရားရှင်က ရှင်ရာဟုလာအား ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့် သာသနာတော်၌ ရာသက်ပန်မွေ့လျော်သွားစေရန် ဤသို့ မကြာခဏဆုံးမတော်မူပေသည်။

* ကာမဂုဏ်ဟု၊ အာရုံငါးသွယ်
တပ်မက်ဖွယ်ကို၊ မတွယ်မကပ်
စိတ်ကိုဖြတ်၍၊ လူ့ဇာတ်ကိုခွာ
မြတ်သဒ္ဓါဖြင့်၊ ဤမှာဘဝ
ပစ္စက္ခတွင်၊ ဒုက္ခဆုံးရန်
စိတ်ရည်သန်လော့။

* မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်
ဆရာမြတ်ကို၊ ဆည်းကပ်ရိုသေ
နေထိုင်ရန်မူ၊ လူသံမနော
လူတောမထူ၊ ရိပ်ငူချမ်းမြေ
တောခလေ့ဖြင့်၊ မွေ့မွေ့ပျော်စံ

ချင့်ချိန်ဥာဏ်ဖြင့်၊ သင့်ရုံမျှသာ
စားသောက်ရာ၏။

* စားရေးဝတ်ရေး၊ နေထိုင်ရေးနှင့်
ဆေးဝါးခေါ်ငြား၊ ပစ္စည်းများကို
ဘုရားတို့ထုံး၊ စိတ်နှလုံးဖြင့်
သုံးရုံသုံးပါ၊ မစွဲလာနှင့်
တဏှာရှေ့သွား၊ ခြေလှမ်းမှားချ်
ပေါက်ဖွားလာရ၊ လူ့လောကကို
ဤမျှနှင့်တန်၊ တစ်ဖန်ထပ်ကျော့
ဝင်မဆော့နှင့်၊ သော့သော့လျင်စွာ
ဝေးဝေးခွာလော့။

* ပါတိမောက္ခ၊ သံဝရနှင့်
ငါးဝက္ကန္ဓာ၊ လုံခြုံစေလျက်
သတိလက်ကိုင်၊ ခိုင်ခိုင်မြဲမြဲ
ကိုယ်မှာစွဲလော့၊ ဆင်းရဲစွာလှ
ဝဋ်ဒုက္ခဥ်၊ နှစ်ခြိုက်ကင်းကွာ
နိဗ္ဗိဒါဖြင့်၊ အသင့်အခါ
ပွားများပါလော့။

* ချစ်ခင်စုံမက်၊ နှစ်သက်စဖွယ်
လွန်တင့်တယ်ဟု၊ သုဘနိမိတ်
စွဲလန်းစိတ်ကို၊ ခွဲစိတ်သေချာ
လွတ်လွတ်ခွာလော့။

* အသုဘဟု၊ ခမ္မအာရုံ
စိတ်ဝယ်ထုံလျက်၊ ငြိမ်သက်စေရာ
တည်ကြည်စွာဖြင့်၊ ဘာဝနာမှု
ကြိမ်ကြိမ်ရှုလော့။

* သုဘာသဘော၊ တင့်မောဖွယ်ရာ
မပါမရှိ၊ ပကတိကင်းဆိတ်
အနိမိတ်ကို၊ တိဟိတ်ယှဉ်ကာ
ပွားစမ်းပါလော့။

* ငါနှင့်ငါသာ နှိုင်းစရာဟု
အနုသယ၊ မာန်မာနကို
ထကြွစေရန်၊ မကြံမစည်
တည်ကြည်လှစွာ၊ ဘာဝနာဖြင့်
မာနပယ်ခွာ၊ ယဉ်ကျေးပါလော့။

* ယဉ်ကျေးသိမ်မွေ့၊ မြတ်ခလေ့ဖြင့်
အတွေ့စိတ်တွင်၊ မာနစင်သော်
ဤတွင် ငြိမ်းချမ်း၊ မဂ်ဖိုလ်လမ်းသည်
ဖြောင့်တန်းသေချာပါသတည်း။

သာသနာတော်ကြီးတစ်ရပ်လုံး၌ မျက်နှာပွင့်လန်းကာ အစစ အရာရာ ကောင်းသောအာရုံများနှင့် တွေ့ကြုံနေရသည့် ရှင်သာမဏေ လေး၏ စိတ်သန္တာန်ဝယ် သာယာနှစ်သက်၊ အပစ်ခက်သည့် အစွဲ အလမ်းများ ကပ်ရောက်မလာစေရန် ဘုရားရှင်က ဤသို့သော ဒေသနာတော်များဖြင့် မကြာခဏ ဆုံးမတော်မူခဲ့ရပေသည်။

■■



## ၂၁။ မြေးအဘွားတို့ ဆုံဆည်းရာ

သကျတို့၏ နိုင်ငံကလေးသည် သက်ဦးဆံပိုင် ကောသလမင်းကြီး၏ ကောသလ နိုင်ငံကြီးနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေ၏။ သကျနိုင်ငံကဲ့သို့ပင် အရွယ်ပမာဏသေးငယ်၍ ဂဏအုပ်ချုပ်ရေးချင်းလည်း တူမျှသော အခြားနိုင်ငံငယ်ကလေးလည်း ရှိသေး၏။ ထိုနိုင်ငံငယ်ကလေးကား ကောလိယဖြစ်ပေသည်။

သကျ၊ ကောလိယ နှစ်ပြည်ထောင်တို့၏ ကြားဝယ် ရောဟိဏီမြစ်ကလေး စီးဆင်းလျက်ရှိ၏။ ခါတိုင်းနှစ်များတုန်းက နှစ်ပြည်ထောင်လယ်ကွက်များအတွက် ရေအလုံအလောက်ပေးလာခဲ့သည့် ထိုမြစ်ကလေးသည် သည်နှစ်မိုးဦးပိုင်းမှာမူ မိုးခေါင်နေသဖြင့် ရေအလုံအလောက် မရနိုင်တော့ပေ။

ရေရရှိရေးမှ စတင်ကာ ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လာကြသည့် မခံချင်စိတ်များကြောင့် နှစ်ပြည်ထောင်သားတို့သည် စစ်ပွဲကြီးခင်းရန်

ဆုံးဖြတ်လိုက်ကြ၏။ ရှိရှိသမျှ စစ်လက်နက်များ၊ စစ်သည်ဗိုလ်ပါ များဖြင့် ရောဟိဏီမြစ်လယ်သို့ ချီတက်လာကြ၏။

မြစ်ရေကလေးကို အကြောင်းပြုလျက် နှစ်ဖက်သော စစ်သည် ဗိုလ်ပါတို့ အကျိုးမဲ့ အတုံးအရုံးသေဆုံးကြရတော့မည့်ဆဲဆဲတွင် ဘုရားရှင်ကြွတော်မူကာ ငြိမ်းချမ်းရေးတရားဟောကြားတော်မူ၏။ ဤတွင်မှ နှစ်ဖက်သော ဦးစီးခေါင်းဆောင်တို့သည် ဘုရားရှင်၏ ကျေးဇူးတော်ကို အသင့်လျော်ဆုံးနည်းဖြင့် ပေးဆပ်နိုင်ရန် တိုင်ပင် ဆွေးနွေးကြ၏။ တိုင်ပင်ဆွေးနွေးရာမှ ရရှိလာသော အဖြေသည်ကား သကျတို့ဘက်က အမျိုးသား နှစ်ရာ့ငါးဆယ်၊ ကောလိယတို့ဘက်က အမျိုးသား နှစ်ရာ့ငါးဆယ်၊ ပေါင်း အမျိုးသားငါးရာတို့ကို သာသနာ တော်ကြီးသို့ အပ်နှံကြရန် ဖြစ်ပေသည်။

ဤအစီအစဉ်ဖြင့် သာသနာတော်ကြီးတွင် ရဟန်းသစ်ငါးရာ တိုးပွားသွားသည်နှင့်အမျှ သကျ၊ ကောလိက နှစ်ပြည်ထောင်တို့မှာ လည်း မုဆိုးမ ငါးရာတို့ တိုးပွားလာကြပေသည်။

လူ့ဘောင်လောက၌ အားကိုးအားထားပြုစရာ ဘာတစ်ခုမျှ မရှိကြတော့သော မုဆိုးမငါးရာတို့သည် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီထံ စုပြုံဝင်ရောက်လာကြ၏။ မယ်တော်ကြီးကိုယ်တိုင်က လည်း သုဒ္ဓေါဒနမင်းကြီး မျက်ကွယ်ပြုသွားသည့် အချိန်ကတည်းက သည်နန်းတော်တွင် မပျော်ပိုက်နိုင်တော့ပါ။ သို့ဖြစ်၍ မိမိတို့အားလုံး အတွက် တစ်ခုတည်းသော အားကိုးရာမှာ သားတော်ဘုရား၏ အရိပ် တွင် ဝင်ရောက်ခိုလှုံရေးသာ ဖြစ်ပေသည်။

ထို့ကြောင့် မယ်တော်ကြီး မဟာပဇာပတိဂေါတမီသည် သကျ နွယ်ဖွား ငါးရာသော မုဆိုးမတို့ကို ဦးဆောင်ကာ သားတော်ဘုရား

ရှေ့တော်မှောက်သို့ဝင်ရောက်၍ အမျိုးသမီးများ သာသနာတော်တွင်း ဝင်ရောက်ခွင့်ကို တောင်းပန်လျှောက်ထား၏။

သို့ရာတွင် ဘုရားရှင်က–

"ဂေါတမီ၊ သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် မတောင့်တပါလင့်"ဟု ပယ်လှန်တော်မူ၏။

တစ်ကြိမ်တစ်ခါ ပယ်လှန်ရုံနှင့် စိတ်မလျှော့နိုင်သေးသဖြင့် မယ်တော်ကြီးက သုံးကြိမ်အထိ ဆက်လက်၍ လျှောက်ထား၏။ ဘုရားရှင်ကလည်း သုံးကြိမ်တိုင်တိုင် ပယ်လှန်မြဲ ပယ်လှန်တော်မူသဖြင့် မယ်တော်ကြီးတို့တစ်တွေမှာ ဝမ်းနည်းပက်လက်နှင့် ပြန်သွားခဲ့ကြရပါတော့သည်။

ထိုအခေါက်တုန်းက ကပိလဝတ်မြို့တော်သို့ ရှင်ရာဟုလာ လိုက်ပါခွင့်မရသဖြင့် ထိုမြင်ကွင်းကို မမြင်ခဲ့ရပေ။ ထိုမြင်ကွင်းနှင့် ပတ်သက်၍ စိတ်ထိခိုက်ရမည့်ဘေးမှ လွတ်မြောက်ခွင့်ရခဲ့၏။

သို့ရာတွင် ဝေသာလီမြို့တော်အနီးက ကူဋာဂါရကျောင်းတော်သို့ ဘုရားရှင်ကြွရောက်တော်မူလာသည်တွင်ကား သည်မြင်ကွင်းကို မျက်ကွယ်ပြု၍ မရနိုင်တော့ပါ။

မယ်တော်ကြီး မဟာပဇာပတိဂေါတမီနှင့်တကွ သကျမင်းသမီးငါးရာတို့သည် ကပိလဝတ်မြို့တော်မှ ထွက်ခွာကာ ဝေသာလီမြို့တော်သို့ လိုက်လာခဲ့ကြပါပြီ။ သားတော်ဘုရား ငြင်းပယ်ထားသည့်ကြားကပင် သူတို့သည် ဆံပင်များကို ရိတ်ပယ်ကာ ဖန်ရည်ဆိုးအဝတ်များဖြင့် သာသနာတော်၏ အသွင်အပြင်ကို ခံယူလာခဲ့ကြ၏။ ဂုဏ်သရေရှိ သကျမင်းသမီးများအဖြစ်ဖြင့် နန်းတော်ထက်ဝယ် သက်သောင့်သက်သာ နေလာခဲ့ရာမှ ရှည်လျားလှသည့် ခရီးကြမ်းကြီးကို ခြေလျင်လှမ်းလာခဲ့ရသဖြင့် သူတို့ခြေထောက်တွေ ဖူးဖူးရောင်

နေကြ၏။ တချို့မှာ သွေးစိမ်းရှင်ရှင် ထွက်နေကြ၏။ တစ်ကိုယ်လုံးမှာလည်း ဖုန်တွေ အမှုန့်တွေ အလိမ်းလိမ်းကပ်နေသဖြင့် နန်းတော်ထက်က ဆင်းလာသူများနှင့်ပင် မတူတော့ပေ။

ဘုရားရှင်၏ ခွင့်ပြုချက်မရဘဲ မိမိတို့ဘာသာ သာသနာ့ဝန်ထမ်းများ၏ အသွင်အပြင်ကို ယူလာခဲ့ကြသည်ဖြစ်၍ သူတို့သည် ကူဋာဂါရ ကျောင်းတော်ထဲထိအောင် မဝင်ရဲကြပေ။ ကျောင်းတော်အဝင်က အုတ်တံတိုင်းဘေးမှာ ထိုင်၍ ငိုနေကြရ၏။

ဤသတင်းကို ကြားရသဖြင့် အရှင်အာနန္ဒာထွက်၍ တွေ့ဆုံရာတွင် ရှင်ရာဟုလာလည်း မလှမ်းမကမ်းက လိုက်ပါလာ၏။ သို့ရာတွင် ဘုရားရှင်က ခွင့်ပြုမည်၊ မပြုမည် မသိရသဖြင့် ခပ်လှမ်းလှမ်းကသာ မျှော်ကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေရ၏။

ထို့နောက် အရှင်အာနန္ဒာက ဘုရားရှင့် ရှေ့တော်မှောက် ဝင်ရောက်၍ ဘုရားရှင် ငြင်းပယ်၍ မရနိုင်သော ခမ္ဘမိဋ္ဌာန်စကားဖြင့် လျှောက်ထားပေးသဖြင့် မယ်တော်ကြီးတို့တစ်တွေ သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့် ရကြပေသည်။

ဤတွင်မှ ရှင်ရာဟုလာသည် မိမိ၏ကျေးဇူးရှင် ဘွားတော်ကြီးကို ကျောင်းတော်ဝမှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပေသည်။

■■



## ၂၂။ သာသနာတော်တွင်းက သားအမိ

သာသနာတော်တွင်းသို့ စောစောစီးစီးဝင်ရောက်ခွင့်ရခဲ့သော ရှင်ရာဟုလာသည် မိမိနောက်မှ ရောက်လာသူများကို အကြိမ်ကြိမ် ကြိုဆိုခဲ့ရ၏။ ပထမဆုံး အနုပိယ သရက်တောကျောင်းမှာတုန်းက ဘထွေးတော် အာနန္ဒာ၊ အနုရုဒ္ဓါ စသော သကျမင်းသား ခြောက်ဦးတို့နှင့်တကွ ဆတ္တာသည် ဥပါလိတို့ကို ကြိုဆိုခဲ့ရ၏။

ထို့နောက် ဝေသာလီမြို့၊ ကူဋာဂါရကျောင်းတော်ကြီး၌ ဘွားတော်ကြီး မဟာပဇာပတိဂေါတမီနှင့်တကွ သကျအမျိုးသမီး ငါးရာတို့ကို ကြိုဆိုခဲ့ရ၏။

ကြိုဆိုပွဲအသီးသီးကို ပျော်ပျော်ကြီး ဆင်နွှဲလာခဲ့သည့် ရှင်ရာဟုလာသည် ယခုနောက်ဆုံးကြိုဆိုပွဲကိုကား အပျော်ဆုံးဟု ထင်မိပေသည်။

ဘုရားရှင်နှင့် အတူတကွ ဇေတဝန်ကျောင်းတော်ကြီး၌ ရှိနေခိုက်တွင် မယ်တော်ဒေဝီ ရောက်လာခဲ့ပါပြီ။ သားတော်ရာဟုလာ

အတောင့်တကြီး တောင့်တလာခဲ့ရသည့် ကြိုဆိုပွဲကြီးကို အားပါးတရ ဆင်နွှဲလိုက်ရပါပြီ။

ယသော်ဓရာဒေဝီသည် ဘုရားရှင့် ရှေ့တော်မှောက်သို့ ဝင်ရောက်ဦးခိုက်ကြ၏။ ထို့နောက် ဘိက္ခုနီခေါ် ရဟန်းမအားလုံး၏ မိခင်ကြီးသဖွယ်ဖြစ်သော မဟာပဇာပတိဂေါတမီ ထေရီမကြီးထံတွင် ဘိက္ခုနီအဖြစ်ကို ခံယူ၏။ သာသနာ့ဘောင်သို့ ရောက်လာသည့် အခါတွင် ရာဟုလာ့မာတာ ယသော်ဓရာသည် ဘဒ္ဒကစ္စာနာထေရီဟု ဘွဲ့မည်သစ်တွင်လာပေသည်။

ဘဒ္ဒကစ္စာနာထေရီသည် ဘုရားရှင်၏ လမ်းညွှန်ပြသမှုကို ခံယူလျက် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းလေရာ မကြာမီမှာပင် အာသဝေါ ကုန်ခန်း၍ ရဟန္တာအရှင်မကြီး ဖြစ်လာလေသည်။

ရဟန္တာအဖြစ်သို့ ရောက်ပြီးသည့်နောက်မှာလည်း ဘဒ္ဒကစ္စာနာ ထေရီသည် ဈာန်အဘိညာဉ်ဝင်စားခြင်းတို့ကို ဆက်လက်၍ အလေ့ အလာပြု၏။ ဈာန်အဘိညာဉ်ဝင်စားသည့် အရှိန်အဟုန်ကောင်းလာ သည်နှင့်အမျှ ထိုးထွင်းသိမြင်နိုင်သည့် စွမ်းအားကလည်း ထက်မြက် သည်ထက် ထက်မြက်လာပေသည်။

ဘုရားတစ်ဆူတစ်ဆူ၏ လက်ထက်တော်တွင် အဘိညာဉ် စွမ်းအားအရာ၌ ထူးထူးခြားခြား သာလွန်သည့် သာဝက လေးပါးသာ ရှိမြဲဖြစ်၏။ အခြားသော အဘိညာဉ်ရ သာဝကတို့သည် အလွန်ဆုံး အားဖြင့် လွန်လေပြီးသော ကမ္ဘာတစ်သိန်းအထိသာ ပြန်လည်အောက်မေ့ နိုင်ကြ၏။ လေးပါးသော သာဝကတို့သည်ကား ကမ္ဘာတစ်သိန်းကို ကျော်လွန်ကာ ကမ္ဘာပေါင်း အသင်္ချေအထိ ပြန်လည် အောက်မေ့နိုင် ကြ၏။

ထိုသို့ အဘိညာဉ်စွမ်းအားကြီးမားသည့် သာဝက လေးပါးတို့တွင် အရှင်မ ဘဒ္ဒကစ္စာနာလည်း အပါအဝင်ဖြစ်၏။ အရှင်မနည်းတူ စွမ်းအားကြီးမားသည့် အခြား သာဝက သုံးပါးတို့မှာ အဂ္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါးနှင့် အရှင်ဗာကုလတို့ဖြစ်ကြပေသည်။

အဘိညာဉ်စွမ်းအားရှင် ဘဒ္ဒကစ္စာနာထေရီသည် အရဟတ္တမဂ်၏ စွမ်းအားဖြင့် ကိလေသာဟူသမျှ ကင်းစင်ပြီးဖြစ်၏။ နာမ်ခန္ဓာနှင့် ပတ်သက်သော စိတ်ပူစိတ်ဆွေး၊ စိတ်ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်ပြီးဖြစ်၏။ သို့ရာတွင် ရုပ်ခန္ဓာနှင့် ပတ်သက်သော ဘေးဒုက္ခနှင့်တော့ မကင်းနိုင်သေးပါ။ လူ့ဘဝမှာကတည်းက စွဲကပ်လာခဲ့သော လေနာရောဂါသည် ယခု ရဟန်းမ ဘဝမှာလည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့၏။

နန်းတော်ကြီးထက်မှာ နေရစဉ်တုန်းကတော့ အနာသိလျှင် ဆေးကလည်း အရံသင့်ရှိနေခဲ့သည်သာ။ ယခု သာသနာ့ဘောင် ရောက်လာသည်တွင်ကား ယခင်နှင့်မတူနိုင်တော့ပါ။ ရဟန်းမများသည်လည်း ရဟန်းများနည်းတူ ဆွမ်းခံစားကြရ၏။ အိမ်ပေါက်စေ့ မကျော်မလွှားဘဲ ဆွမ်းခံကာ ရတတ်သမျှနှင့် ရောင့်ရဲကြရ၏။ လူတန်းစားအသီးသီးတို့ လောင်းလှူကြသည့် ဆွမ်းနှင့် ဆွမ်းဟင်းများတွင် အရှင်မ၏ ရုပ်ခန္ဓာနှင့် သင့်လျော်သည်လည်း ပါ၏။ မသင့်လျော်သည်လည်း ပါ၏။ တစ်လျှောက်လုံးက သိမ်သိမ်မွေ့မွေ့လေး နေကာ နူးညံ့သည့်အစားအစာများကို စားသောက်လာခဲ့ရသည် ဖြစ်၍လည်း မသင့်မတင့်သည့် အစားအစာနှင့် ပို၍ တွေ့လာရပေသည်။

ခမည်းတော်၏ အမိန့်ဖြင့် သာသနာ့ဘောင်ဝင် လာခဲ့ရသော ရှင်ရာဟုလာသည် မယ်တော့်အပေါ်မှာ သံယောဇဉ်မပြတ်နိုင်ခဲ့ပါ။

ယခုတော့ သားရော အမိပါ သာသနာတော်အတွင်း ရောက်လာကြပြီမို့ အဝေးက လွမ်းမနေရတော့ပါ။ နေ့စဉ်နေ့တိုင်း မယ်တော်ရှိရာ ဘိက္ခုနီကျောင်းသို့ ရောက်နေပါပြီ။ မယ်တော်မြတ်၏ထံပါးမှာ နေခွင့်ရသမျှ နေလာခဲ့ပါပြီ။ ထို့ကြောင့်လည်း မယ်တော်မြတ်မှာ လေရောဂါပေါ်လာသည်နှင့်တစ်ပြိုင်နက် ဆောက်တည်ရာမရ ဖြစ်ရပါတော့သည်။

ရဟန္တာထေရိမကြီးက ကာယိကဝေဒနာကို သတိသမ္ပဇဉ်ဖြင့် သည်းခံနေနိုင်သော်ငြားလည်း ရှင်ရာဟုလာကတော့ မနေနိုင်ရှာသေးပါ။ ဆယ်ကျော်သက်အရွယ်နှင့်အညီ အရပ်ရော အလုံးပါ သိသိသာသာ ဖွံ့ထွားလာခဲ့သော်ငြားလည်း ငယ်မူငယ်သွေးကတော့ မပျောက်သေးပါ။ စိတ်အားကလည်း နုသေးငယ်သေးသည်ဖြစ်၍ မယ်တော်၏ ဝေဒနာများက သူ့ဆီသို့ ကူးစက်လာကြပေသည်။

လေနာ လေရောဂါ၏ ဒဏ်ကို ထေရိမကြီးက ရုပ်ဖြင့် ခံစားနေရ၏။ သားတော်ရှင်ရာဟုလာကမူ ထိုဝေဒနာဒဏ်ကို စိတ်ဖြင့် ခံစားနေရ၏။ ခံစားနေရတာချင်းအတူတူတွင် သတိသမ္ပဇဉ်ဖြင့် မထိန်းချုပ်နိုင်သေးသဖြင့် ပိုမို၍ ဆင်းရဲနေရပါတော့သည်။

ရှင်ရာဟုလာသည် မယ်တော်မြတ်၏ ဖြစ်အင်ကို သည်အတိုင်း ကြည့်မနေရက်တော့သဖြင့် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာထံ ချဉ်းကပ်လာရ၏။ အရှင်မြတ်ကြီးထံ၌ မယ်တော်မြတ်၏ ရောဂါဝေဒနာကို လျှောက်ထားရတော့၏။ မယ်တော်မြတ်ထံမှ ကြားသိထားခဲ့ရသည့်အတိုင်း သည်လေရောဂါငြိမ်းသတ်ပေးနိုင်သည့် အာဟာရကိုလည်း လျှောက်ထားလိုက်ရ၏။

ဤတွင် အရှင်သာရိပုတ္တရာသည် သင်္ကန်းကို ရုံပြီးလျှင် စင်စင်ကြယ်ကြယ် ဆေးကြောထားသော သပိတ်ကို ပွေ့ပိုက်လျက်

သာဝတ္ထိမြို့တော်သို့ ကြွသွား၏။ နံနက် ဆွမ်းခံဝင်တုန်းကကဲ့သို့ အိမ်စဉ်အတိုင်း ဝင်ရပ်မနေတော့ဘဲ ကောသလမင်းကြီး၏ နန်းတော်သို့ တိုက်ရိုက်ဝင်ရောက်ကာ ဆွမ်းရပ်သကဲ့သို့ ရပ်နေ၏။

ကောသလမင်းကြီးသည် မွန်းလွဲပြီးမှ လာ၍ ရပ်နေသော အရှင်သာရိပုတ္တရာအား သကြားနှင့် ရောမွှေထားသည့် သရက်သီးနှစ်များ လောင်းလှူ၏။ ထို့နောက် နန်းတော်ထက်မှာပင် ဘုဉ်းပေး လိမ့်မည်ထင်၍ နေရာများ ခင်းစေ၏။ သို့ရာတွင် အရှင်မြတ်ကြီးက နန်းတော်ထက်မှာ မဘုဉ်းပေးဘဲ ပြန်ကြွသွားတော်မူသဖြင့် ကောသလမင်းကြီးမှာ အဖြစ်မှန်ကို သိချင်စိတ်စောလာ၏။ ထို့ကြောင့် အမတ်တစ်ယောက်အား အရှင်မြတ်ကြီးနောက်မှ လိုက်ပါ၍ ကြည့်ရှုမှတ်သားခဲ့ရန် တာဝန်ပေးလိုက်လေသည်။

ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင် ရောက်ချင်း အရှင်သာရိပုတ္တရာသည် ရှင်ရာဟုလာလက်ထဲသို့ သပိတ်ကို ပေးအပ်လိုက်၏။ ရှင်ရာဟုလာကလည်း ဂရုတစိုက် ပွေ့ပိုက်ကာ ခြေလှမ်းသွက်သွက်နှင့် မယ်တော်မြတ်ထံ ယူဆောင်လာ၏။ လေရောဂါပေါ်လာလျှင် စားသုံးနေကျ ဓာတ်စာကို စားခွင့်ရလာသဖြင့် မယ်တော်မြတ်၏ လေရောဂါ ပျောက်ကျသွားလေသည်။

လိုက်ပါလာသော မင်းချင်းထံမှ တစ်ဆင့် ဖြစ်ကြောင်းကုန်စင်သိလိုက်ရသောအခါ ကောသလမင်းကြီးသည် ဘဒ္ဒကစ္စာနာထေရီမ၏ ရာသက်ပန် သရက်သီး ဒါယကာအဖြစ် ခံယူလိုက်လေသည်။

■■



## ၂၃။ ရွှေလောင်းကြီးနှင့် ရွှေလောင်းငယ်

မယ်ကော့ဆီမှာတစ်လှည့်၊ ဘွားတော်ကြီးဆီမှာတစ်လှည့် ပြုစုလုပ်ကျွေးရင်း ရှင်ရာဟုလာသည် တစ်ဆယ့်ရှစ်နှစ်သား ဖြစ်လာပေပြီ။ ဖအေတူ မအေတူသားဖြစ်၍လည်း လှပရွှန်းစို ကြည်ညိုဖွယ်ရာ ဖြစ်ပါပေသည်။

ထိုနေ့ နံနက်တုန်းက ဆွမ်းခံဝင်ရာတွင် ဘုရားရှင်သည် ရှင်ရာဟုလာတစ်ပါးတည်းကိုသာ နောက်ပါခေါ်၍ ကြွတော်မူ၏။ ရှေ့သွားနောက်လိုက်ညီလှသော အရှင်မြတ်နှစ်ပါးသည် ဇေတဝန်ကျောင်းတော်မှ တရွေ့ရွေ့ ကြွသွားတော်မူကြ၏။ ရွှေရောင်ဝင်းသည့် လောင်းလှေနှစ်စင်းတို့သည် ရေအိုင်ကြီးထဲမှာ ရှေ့ဆင့်နောက်ဆင့် လှော်ခတ်သွားဘိသကဲ့သို့ဖြစ်၏။ ဖူးရမြင်ရသူအပေါင်း၏ နှလုံးအိမ်ကို ဆိစိမ်ပေးလိုက်သကဲ့သို့ နှစ်လိုအားရ ဖူးမြင်၍ မဝနိုင်သော မြင်ကွင်းတစ်ခုဖြစ်ပါပေ၏။

ဖူးမြင်ရသူအပေါင်းက ရွှေလောင်းနှစ်စင်းလုံးကို ကြည်ညိုအားရ လျက် ရှိနေချိန်တွင် ရွှေလောင်းငယ်ကလည်း သူ့ရှေ့က ရွှေလောင်း ကြီးကို တစိမ့်စိမ့်ကြည့်ရင်း လိုက်ပါလာ၏။

ရွှေလောင်းငယ်သည် ရွှေလောင်းကြီးကို တစိမ့်စိမ့်ကြည့်ရှု ပြီးလျှင် သူ့လက်နှင့် သူ့ခြေများကိုလည်း ကြည့်မိကြည့်မိနေ၏။ ဖြူဝင်းရွှန်းစိုသော အရောင်အဆင်းကိုဆောင်ကာ အသားအရေ ပြည့်ဖြိုး၍ ချောမွတ်လှပနေသော သူ့လက် သူ့ခြေများကို ကြည့်ရှုရင်း နှစ်သိမ့်ကြည်နူးလျက် ရှိ၏။ မိမိကိုယ်ကို အရိပ်တကြည့်ကြည့်နှင့် သ,နေတတ်သော အရွယ်သဘောပင် ဖြစ်ပေသည်။

ဤသို့ ကိုယ့်ကိုယ်ကို ပြန်၍ ချစ်ခင်နှစ်သက်နေမိသဖြင့် ခမည်းတော်မြတ်၏ ဆုံးမစကားတို့ကို မေ့လျော့သွားမိလေသည်။

"ရာဟုလာ၊ အမျိုးမျိုးအဖုံဖုံသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်အားဖြင့် ငါးပါးသော ခန္ဓာတို့ကို ငါ့ဟာဟူ၍လည်း ကောင်း၊ ငါဟူ၍လည်းကောင်း၊ ငါ၏အတ္တ ဟူ၍လည်းကောင်း မရှုမြင်သင့်ပေ၊ မစွဲလန်းသင့်ပေ"

မေ့မေ့လျော့လျော့ဖြစ်နေသော ရှင်ရာဟုလာအား ခမည်းတော် မြတ်က ကြီးမြတ်သော မဟာကရုဏာဖြင့် သတိပေးတော်မူလိုက်၏။ ရှင်ရာဟုလာမှာ ရှေ့က ကြွသွားနေသည့် ခမည်းတော်မြတ် မသိ နိုင်ဘူး ထင်မှတ်၍ မိမိကိုယ်ကို ချစ်ခင်တွယ်တာစိတ်များ မွေးမြူ လိုက်မိ၏။ ယခုတော့ ခိုးသူကြီးကို ခိုးထုပ်ခိုးထည်ကြီးနှင့်တကွ ရောင်ဆွဲ၍ ဖမ်းလိုက်သကဲ့သို့ အဖမ်းခံလိုက်ရပါချေပြီ။

ပင်ကိုယ်ဓာတ်ခံကောင်းမွန်လှသော ရှင်ရာဟုလာသည် ဤမျှ လောက် ဟောလိုက်ရုံနှင့်ပင် သတိပြန်ဝင်လာ၏။ သံဝေဂ ကြီးကြီး မားမား ရရှိ၏။ ထို့ကြောင့် နောက်တော်ပါးက ဆက်၍ လိုက်မသွား

တော့ဘဲ လမ်းဘေးမှာရှိသော သစ်ပင်တစ်ပင်အောက်သွားကာ တစ်ပါးတည်း ထိုင်လျက် ကမ္မဋ္ဌာန်းစီးဖြန်းနေလေသည်။

အချိန်အတန်ကြာသောအခါ ရှင်ရာဟုလာအနားသို့ ရှင်သာရိပုတ္တရာ ရောက်လာ၏။ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းနည်းကို ညွှန်ပြ၏။ ရှင်ရာဟုလာကလည်း ရိုသေစွာ နာယူမှတ်သားပြီးလျှင် ကျောင်းတော်သို့ ပြန်လာခဲ့၏။

ရှင်ရာဟုလာသည် မိမိအခန်းထဲတွင် တစ်ပါးတည်းနေလျက် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းနေ၏။ ရှင်ရာဟုလာ ဘာဝနာလုပ်ငန်းခွင်ဝင်နေတုန်းမှာပင် ဘုရားရှင်နှင့်တကွ ရဟန်းများ ဆွမ်းခံရာမှ ပြန်ကြလာကြ၏။ ဆွမ်းစားကျောင်းပေါ်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးကြ၏။

ရှင်ရာဟုလာ၏ သပိတ်ထဲတွင် ဆွမ်းတစ်ဇွန်းမျှ မပါလာသေးကြောင်း ဘုရားရှင်ကိုယ်တော်တိုင်လည်း သိတော်မူမည်သာ။ အရှင်သာရိပုတ္တရာစသော အရှင်မြတ်ကြီးများလည်း သိကြမည်သာ။ သို့ရာတွင် ရှင်ရာဟုလာ၏ ဘာဝနာလုပ်ငန်းကို မထိခိုက်စေလိုသဖြင့် မည်သူကမျှ ရှင်ရာဟုလာထံ ဆွမ်းပို့ပေးရန် ကြောင့်ကြမစိုက်မိကြပေ။

ဤသို့ဖြင့် ရှင်ရာဟုလာသည် မိမိ၏အခန်းထဲတွင် တစ်နေ့ခင်းလုံး အာနာပါနကမ္မဋ္ဌာန်းကို ပွားများပြီးလျှင် ညနေခင်းရောက်မှ ထွက်လာ၍ ဘုရားရှင်ထံ ရိုသေစွာ ချဉ်းကပ်ပြီးလျှင်–

"အရှင်ဘုရား၊ အာနာပါနကမ္မဋ္ဌာန်းကို အကျိုးကျေးဇူးကြီးမားစေရန် မည်ကဲ့သို့ ပွားများရပါမည်နည်း" ဟု မေးလျှောက်၏။

တစ်နေ့ခင်းလုံး အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပါသော်လည်း မိမိနှင့် မသင့်လျော်သော ကမ္မဋ္ဌာန်းဖြစ်နေ၍ ဘာဝနာဉာဏ်မထက်သန်ဘဲ ရှိနေခဲ့ရ၏။ ထို့ကြောင့် ဘုရားရှင်က ရှင်ရာဟုလာ မေး

လျှောက်သည့် ကမ္မဋ္ဌာန်းကို ဖြေကြားတော်မမူဘဲ သူနှင့် အသင့်လျော်ဆုံး ကမ္မဋ္ဌာန်းကိုသာ ပေးသနားတော်မူ၏။

"ရာဟုလာ၊ သင်ချစ်ခင်တွယ်တာနေသည့် ဤကိုယ်ခန္ဓာသည်ကား ဆံပင်၊ မွေးညင်းစသော သုံးဆယ့်နှစ်ပါးသော အဖို့အစုတို့သာဖြစ်၏။ အရင်းအမြစ်ကို စစ်ကြည့်ပါလျှင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးနှင့်တကွ ကလာပ်စည်းတစ်ခုနှင့်တစ်ခုကို ခြားထားသော အာကာသဓာတ်တို့ကို တွေ့ရပေလိမ့်မည်။

"ရာဟုလာ၊ အညစ်အကြေးများနှင့် ပတ်သက်ဆက်ဆံရသော အခါ မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါးတို့သည် ရွံရှာစက်ဆုပ်ခြင်းမရှိ၊ ပကတိအတိုင်း နေကြဘိသကဲ့သို့ မိမိစိတ်ကိုလည်း ဓာတ်ကြီးလေးပါးနှင့် အလားတူစွာ ပကတိအတိုင်းထား၍ ပွားများပါလျှင် ကြိုက်ခြင်း၊ မကြိုက်ခြင်းဟူသော ဖဿတို့သည် သင့်စိတ်ပေါ်မှာ လွှမ်းမိုးလာနိုင်ကြသည် မဟုတ်ပေ။

"ရာဟုလာ၊ အာကာသကောင်းကင်သည် ဘယ်အပေါ်မှာမှ ရပ်တည်မှီတွယ်၍ မနေဘိသကဲ့သို့ မိမိစိတ်ကိုလည်း အာကာသနှင့် အလားတူစွာ အမှီအတွယ်မရှာ၊ သူ့ဘာသာ လွတ်လပ်နေသည့်အတိုင်း ပွားများပါလျှင် ကြိုက်ခြင်း၊ မကြိုက်ခြင်းဟူသော ဖဿတို့သည် သင့်စိတ်ပေါ်မှာ လွှမ်းမိုးလာနိုင်မည် မဟုတ်ပေ"

ဤသို့လျှင် ထူးကဲမြင့်မြတ်လှစွာသော ဉာဏ်တော်ကြီးသခင်က ထူးကဲမြင့်မြတ်လှစွာသော မဟာကရုဏာတော်ဖြင့် ဟောကြားဆုံးမတော်မူလေသည်။

■■



## ၂၄။ အမွန်မြတ်ဆုံး အမွေ

တက္ကသိုလ် ဗွက်တောကြီးထဲသို့ မျက်စိလည်ကာ လျှောက်သွားခဲ့မိသော ရှင်ရာဟုလာသည် ခမည်းတော်မြတ်၏ အချိန်မီ စောင့်ရှောက်ပေးမခြင်းကို ခံယူရသဖြင့် လမ်းမှန်ပေါ်သို့ ပြန်ရောက်လာခဲ့၏။ ခမည်းတော်မြတ် ပေးသနားတော်မူခဲ့သော ဓာတ်ကြီးငါးပါး ကမ္မဋ္ဌာန်းကို နေ့စဉ်နေ့တိုင်း ပွားများနေခဲ့၏။

ဤသို့ဖြင့် ရှင်ရာဟုလာသည် တရားလက်ကိုင် ပိုင်ပိုင်နိုင်နိုင်ဖြင့် သာသနာ့ဘောင်ဝယ် ပျော်ပျော်ကြီးနေလာခဲ့ရာ အသက်နှစ်ဆယ်ထဲသို့ ရောက်မှန်းမသိ ရောက်လာ၏။ ပဋိသန္ဓေတည်နေခဲ့သော ရက်ကို မှန်းဆတွက်ကြည့်သောအခါ အသက်နှစ်ဆယ်ပြည့်နေပေပြီ။

ထို့ကြောင့် ရှင်ရာဟုလာသည် ဘုရားရှင်ထံ ဝင်ရောက်ဦးခိုက်၍ ရဟန်းပြုခွင့်တောင်းခံ၏။ ဘုရားရှင်ကလည်း သာမဏေဘဝတုန်းက ဥပဇ္ဈာယ်ဆရာဖြစ်ခဲ့သော အရှင်သာရိပုတ္တရာထံ လွှဲအပ်တော်မူ၏။ အရှင်သာရိပုတ္တရာကလည်း လွှဲအပ်သည့် တာဝန်ကို

ဦးထိပ်ရွက်ပန်ဆင်ပြီးလျှင် ရှင်ရာဟုလာဘဝမှ ရဟန်းတော်တစ်ပါး အဖြစ်ဖြင့် အဆင့်မြှင့်ပေးနိုင်ရန် လုံ့လပြု၏။ ပထမဦးစွာ ရဟန်းလောင်း ရှင်ရာဟုလာအား ရဟန်းများ ကံကြီးကံငယ်ပြုရာ သိမ်သို့ စေလွှတ်လိုက်၏။ ရှင်ရာဟုလာသည် သီတင်းသုံးဖော် ရှင်သာမဏေ အဖော်များနှင့်တကွ သိမ်ထဲသို့သွားပြီးလျှင် တံမြက်လှဲခြင်း၊ ဖျာများ သင်ဖြူးများခင်းခြင်း၊ ထိုအပေါ်မှာ သစ်လွင်နူးညံ့သည့် အခင်းများ ခင်းခြင်း၊ ခြေဆေးရေနှင့် သောက်ရေအိုးများ တည်ထားခြင်း စသည်ဖြင့် ပုဗ္ဗကိစ္စအဝဝကို ကျေပွန်အောင် ဆောင်ရွက်၏။

ဆောင်ရွက်ဖွယ်ကိစ္စအဝဝ ပြီးပြည့်စုံကြောင်း သိရသောအခါ အရှင်သာရိပုတ္တရာ စသော အရှင်မြတ်ကြီး ဆယ်ပါးတို့သည် သိမ်ထဲသို့ ကြွလာကြ၏။ အရှင်သာရိပုတ္တရာသည် ရှင်ပြုစဉ်တုန်းက အတိုင်း ဥပဇ္ဈာယ်ဆရာတာဝန်ကို ဆက်လက်ခံယူ၏။ နိဿယည်းဆရာဖြစ်သော အရှင်မဟာကဿပက အနုသာသကပုဂ္ဂိုလ်အဖြစ်ဖြင့် ရဟန်းလောင်းကို ဆုံးမ၏။ အရှင်အာနန္ဒာက ဥတ္တိစတုတ္ထကမ္မဝါစာကို ရွတ်ဖတ်၏။ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ စသော အရှင်မြတ်ကြီးများကလည်း ကာရကပုဂ္ဂိုလ်အဖြစ်ဖြင့် ဥပသမ္ပဒကံကို ထမြောက်အောင်မြင်စေရန် ဝိုင်းဝန်းကူညီကြပေသည်။

ဤသို့အားဖြင့် အရှင်ရာဟုလာ၏ ရဟန်းခံပွဲသည် ရှင်ပြုပွဲတုန်းကထက် ပို၍ ခမ်းနားသိုက်မြိုက်စွာ ပြီးဆုံးခဲ့ပေသည်။

"ငါကား သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးဖြစ်လာပေပြီ" ဟူသော အသိစိတ်ဖြင့် ရဟန်းသစ်ကလေး အရှင်ရာဟုလာသည် ရဟန်းတို့ လိုက်နာကျင့်သုံးရမည့် ဝိနည်းသိက္ခာပုဒ်များကို အရှင်ဥပါလိထံမှာ သင်ယူ၏။ ဝိနည်းအရာတွင် အကျွမ်းဆုံး အလိမ္မာဆုံးဖြစ်သော အရှင်ဥပါလိကလည်း အချိန်ယူ၍ ပို့ချပေး၏။

ပါတိမောက္ခသံဝရသီလကို အခြေခံလျက် ဘာဝနာကမ္မဋ္ဌာန်းမှုတွင် အရှိန်ကောင်းရလာသည်ဖြစ်၍ အရှင်ရာဟုလာ၏ အသားအရေသည် စိုပြည်ဝင်းပနေ၏။ မျက်နှာသွင်ပြင်သည် ကြည်လင်သန့်ရှင်းလှ၏။ ဂုဏ်ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံကာ ကြည်ညိုစရာ အကောင်းဆုံးအချိန်ဟုပင် ဆိုလောက်ပါပေသည်။

ဤသို့ ကြည်ညိုဖွယ်ရာ အကောင်းဆုံးအဖြစ်သို့ ရောက်လာသည်မှာ ဝိမုတ္တိပရိပါစနိယဓမ္မခေါ် အရဟတ္တဖိုလ်ကို ရင့်ကျက်စေနိုင်သော တရားဆယ့်ငါးပါးတို့ကြောင့် ဖြစ်၏။

ထိုနေ့နံနက်လင်းစ,အချိန်တွင် ဘုရားရှင်သည် အရှင်ရာဟုလာ၏ စိတ်သန္တာန်ကို ဉာဏ်တော်ဖြင့် သက်ဝင်ကြည့်ရှုတော်မူလေရာ ဝိမုတ္တိပရိပါစနိယတရား တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံနေကြောင်း တွေ့မြင်တော်မူ၏။ ထို့ကြောင့် ဤနေ့မှာပင် အရှင်ရာဟုလာအား အရဟတ္တဖိုလ်အထိ ပေါက်ရောက်နိုင်သည့် ကမ္မဋ္ဌာန်းတရားဖြင့် ချီးမြှင့်ရန် အကြံဖြစ်တော်မူလေသည်။

သို့ရာတွင် ဘုရားရှင်သည် ထိုအကြံကို မည်သူ့ကိုမျှ ထုတ်ဖော်မိန့်ကြားခြင်းမပြုသေးဘဲ သာဝတ္ထိမြို့တော်သို့ တစ်ပါးတည်း ဆွမ်းခံကြွတော်မူ၏။ ရရှိလာသည့် ဆွမ်းဘောဇဉ်တို့ကို ဆွမ်းစားကျောင်းမှာ ဘုဉ်းပေးတော်မူ၏။ ဆွမ်းစားခြင်းကိစ္စများ ပြီးဆုံးသွားခါမှ–

“ရာဟုလာ၊ အန္ဓဝန်တောသို့ သွားကြမည်။ ခင်းစရာ နိသီဒိုင်ယူခဲ့လော့” ဟု မိန့်ကြားတော်မူ၏။

အရှင်ရာဟုလာကလည်း “ကောင်းပါပြီ အရှင်ဘုရား” ဟု တုံ့ပြန်လျှောက်ထားပြီးလျှင် နိသီဒိုင်ကို ပခုံးပေါ်တင်လျက် နောက်တော်ပါးက လိုက်ပါလာခဲ့၏။

အရှင်ရာဟုလာသည် ယခင်အခါတုန်းကအတိုင်းပင် သူ့ရှေ့က ညင်ညင်သာသာ ရွေ့လျားနေသည့် ရွှေလောင်းကြီးကို တစိမ့်စိမ့်ကြည့်နေမိ၏။ သို့ရာတွင် ယခုအခါမှာတော့ ရွှေလောင်းကြီးမှတစ်ဆင့် မိမိ၏ လက်များ၊ ခြေများကို ကြည့်မနေတော့ပါ။ ရွှေလောင်းကြီးနှင့် ဆက်စပ်ကာ ရွှေလောင်းကလေး၏ လှပတင့်တယ် ရှုမောဖွယ်များကို ခုံမင်မနေတော့ပါ။ နောက်တော်ပါးက ဖဝါးခြေထပ်လိုက်ပါရင်း သူ တစိမ့်စိမ့်ကြည့်လာခဲ့ခြင်းမှာ ငါ့ခမည်းတော်ဟူသော အစွဲအလန်း မပါလာတော့ပါ။ ပွင့်ခါနီးဆဲဆဲ အားခဲလျက်ရှိနေသော ပဒုမ္မာကြာငုံသည် နေရောင်ခြည်ကို ငံ့လင့်နေဘိသကဲ့သို့ ပွင့်ခါနီးဆဲဆဲ မိမိ၏ အသိဉာဏ်ပေါ်သို့ တရားအလင်းရောင် ပို့ဆောင်ပေးလတ္တံ့သော ကျေးဇူးရှင်ကြီးကို ကျေးဇူးတင်သောသဘောဖြင့် ကြည့်နေခြင်းသာ ဖြစ်ပေသည်။

အန္ဓဝန်တောအတွင်းဝယ် ထိုနေ့က နေအရုဏ်ကို ငံ့လင့်နေသည့် ပဒုမ္မာကြာငုံမှာ သည်တစ်ငုံတည်း မဟုတ်ပါ။ ကြာငုံတွေ၊ ကြာငုံတွေ ထောင်ပေါင်းများစွာ ရှိနေကြပါသည်။ သည်ကနေ့ ဘုရားရှင်က အရှင်ရာဟုလာအား အရဟတ္တဖိုလ်သို့ ဆိုက်ရောက်အောင် တရားဟောမည့်အကြောင်းကို ကြိုတင်သိမြင်ထားကြသဖြင့် ထောင်ပေါင်းများစွာသော နတ်တို့သည်လည်း အရှင်မြတ်နှစ်ပါး နောက်က လိုက်ပါလာခဲ့ကြပေသည်။

ထိုနတ်တို့တွင် ဘုမ္မစိုးနတ်များလည်း ပါ၏။ အာကာသစိုးနတ်များလည်း ပါ၏။ စာတုမဟာရာဇ်နတ်များလည်း ပါ၏။ တာဝတိံသာ၊ ယာမာ စသော အထက်နတ်များနှင့်တကွ ဗြဟ္မာကြီးများလည်း အတူတကွ ရောက်လာကြပေသည်။

အမျိုးအမည်၊ အဆင့်အတန်းအားဖြင့် ကွဲပြားနေကြသည့် ထိုနတ်များသည် အရှင်ရာဟုလာနှင့်အတူ ဆုပန်ခဲ့သည့်နေရာတွင်ကား ထပ်တူထပ်မျှ ဖြစ်ခဲ့ကြပေသည်။

ဆုပန်ဖက် နတ်အပေါင်းခြံရံလျက် အရှင်မြတ်နှစ်ပါးတို့သည် အန္ဓဝန်တောအတွင်းသို့ ရောက်လာခဲ့ကြ၏။ အရိပ်အာဝါသကောင်း၍ ညီညာပြန့်ပြူးသည့် နေရာထက်တွင် အရှင်ရာဟုလာက နိသီဒိုင်အခင်းကို ခင်းပေး၏။ နိသီဒိုင်အခင်းပေါ်၌ ဘုရားရှင် ထိုင်တော်မူသောအခါ အရှင်ရာဟုလာက ရိုသေလေးမြတ်စွာ ဦးခိုက်ရှိခိုးပြီးလျှင် လက်အုပ်ဖူးငုံ ကြာပဒုံဖြင့် ပူဇော်နေ၏။

ဘုရားရှင်သည် သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး၏ အမြင့်မြတ်ဆုံးသော ပူဇော်ခြင်းကို ခံယူတော်မူပြီးလျှင်–

"ရာဟုလာ၊ ယခု ငါဘုရား မေးမြန်းမည့်အချက်ကို သင်မည်သို့သဘောရပါသနည်း။ စက္ခုသည် မြဲသလော၊ မမြဲသလော" ဟု ဒေသနာတော်ကို စတင်တော်မူလေရာ အရှင်ရာဟုလာက–

"မမြဲပါ ဘုရား"

"မမြဲသော တရားသည် ချမ်းသာသလော၊ ဆင်းရဲသလော"

"ဆင်းရဲပါသည် အရှင်ဘုရား"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်လွဲဖောက်ပြန်ဖြစ်တတ်သော တရားကို ငါ့ဟာဟူ၍လည်းကောင်း၊ ငါဟူ၍လည်းကောင်း၊ ငါ၏ အတ္တဟူ၍လည်းကောင်း ရှုမြင်ထိုက်ပါသလော"

"မရှုမြင်ထိုက်ပါ ဘုရား"

ဤသို့အားဖြင့် စက္ခုဒွါရနှင့် ပတ်သက်သမျှ ကျေညက်စွာ အမေးအဖြေပြုကြပြီးလျှင် ထိုစက္ခုပသာဒအပေါ်မှာ အာရုံထင်လာသည့် ရူပါရုံကို ဆက်လက်၍ အမေးအဖြေပြုကြ၏။ ထို့နောက်

စက္ခုပသာဒနှင့် ရူပါရုံ ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဖဿကို အမေးအဖြေပြုကြ၏။ ဆက်လက်၍ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်တို့ကို အမေး အဖြေပြုကြ၏။

စက္ခုပသာဒနှင့် ပတ်သက်၍ စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဉ်၊ ဖဿနှင့် ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို တစ်ပုံထား၍ အားလုံး ငါးပုံ။

ထို့အတူပင် သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ နှင့် မနောဒွါရတို့နှင့် ပတ်သက်၍လည်း ငါးပုံငါးလီ အသေးစိတ်၍ မေးမြန်းတော်မူ၏။ အရှင်ရာဟုလာကလည်း ထွက်ပေါ်လာလေသမျှ မေးခွန်းတိုင်းကို မဆိုင်းမတွ ဖြေဆို၏။

ဤသို့ မေးခွန်းတစ်ခုပြီးတစ်ခု ဖြေကြားနေရင်းကပင် ကြားနာ ဖြေဆိုနေရသည့် တရားများကို ဝိပဿနာဉာဏ်ယှဉ်၍ ဆင်ခြင် သုံးသပ်လာခဲ့ရာ ဒေသနာတော်အဆုံးတွင် အာသဝကင်းကွာသည့် ရဟန္တာအဆင့်သို့ ဆိုက်ရောက်သွားလေသည်။

အရှင်ရာဟုလာနှင့်အတူ ဆုပန်ခဲ့သည့် နတ်များသည်လည်း မိမိနှင့်ထိုက်တန်ရာ ဗောဓိဉာဏ်အသီးသီးကို ရရှိကြ၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဆင့်သာမက အရှင်ရာဟုလာနှင့်အတူ ရဟန္တာအဆင့်သို့ ဆိုက်ရောက်သည့် နတ်များလည်း အမြောက်အမြား ပါဝင်ကြပေသည်။

ငယ်ငယ်တုန်းကတော့ ရာဟုလာသည် မိမိတစ်ဦးတည်းသာ လျှင် ဘုရားရှင်၏ သားတော်ဖြစ်သည်ဟု ထင်မှတ်ခဲ့၏။ ယခု

ရဟာန်းကိစ္စပြီးစီးသွားသည့်အချိန်တွင်ကား ခမည်းတော်ဘုရား၏ သံတော်ပါးတွင် သားတော်တွေ အများကြီးရှိနေသည်ကို တွေ့လိုက်ရ၏။

ဘုရားရှင်ကိုယ်တော်မြတ်က ငါ့သွေး ငါ့သားဟူသော သဘောအားဖြင့် ထူးထူးခြားခြား အခွင့်အရေးပေးတော်မူခြင်း မဟုတ်ပါ။ မြောက်မြားလှစွာသော သားတော်များထဲက တစ်ပါးသော သားတော်အဖြစ်ဖြင့် ခမည်းတော်၏ အမွေကို ပေးသနားတော်မူခြင်းသာ ဖြစ်ပေသည်။

ယခု ရရှိလိုက်သော အမွေသည် ဟိုယခင်တုန်းက မယ်တော်အတောင်းခိုင်းလိုက်သည့် အမွေထက် အဆရာထောင်မက သာလွန်မြင့်မြတ်လှပေသည်။ ဤအမွေကို ရသဖြင့် ဘဝတစ်သက်သာတွင် ပူစရာမလို၊ ကြောင့်ကျစရာမလိုတော့ဘဲ စိတ်နှလုံးအေးချမ်းစွာ နေသွားနိုင်ပေပြီ။ သုံးစွဲ၍ မကုန်၊ ပေးဝေ၍ မကုန်နိုင်သည့် ရတနာရွှေအိုးကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိထားပေပြီ။ ထို့ကြောင့်-

"သြော်-ငါသည် အရတော်လေစွတကား၊ သြော်-ငါသည် အရကောင်းလေစွတကား"

ကျေးဇူးရှင်သခင် အရှင်မြတ်ကြီး၏ အတုမရှိသော အသရေတော်ကို ရွှန်းရွှန်းစားစား ရှုမြင်လျက် အနွဝန်တောအတွင်းက ပြန်ထွက်ရာတွင် အရှင်ရာဟုလာသည် ဤသို့ ထပ်ကာထပ်ကာ ရေရွတ်၍ လာခဲ့ပေသည်။

❖



## ၂၅။ ထိုတစ်နေ့ကို မမေ့နိုင်ပါ

ဘုရားရှင်သည် ရှင်ရာဟုလာ သာမဏေဘောင်ဝင်စတုန်းက တောစကား တောင်စကားတွေ ရှောင်ရှားနိုင်ရန် ကျက်စရာ မှတ်စရာ လေးတွေ ပေးထားတော်မူခဲ့၏။ အရွယ်လေးတော်တော်ထောက်လာ၍ သဘာဝအလျောက် စိတ်လှုပ်ရှားကာ အမှားလမ်းသို့ လျှောက်မည် အပြုတွင် အချိန်မှီတားဆီး၍ လမ်းမှန်ပေါ်သို့ ပို့ဆောင်တော်မူခဲ့၏။

လမ်းမှန်ပေါ်ရောက်ပြီးသည့်နောက်မှာလည်း ဝိပဿနာဉာဏ် ရင့်သန်စေနိုင်သည့် သုတ္တန်တရားတော်များ ဟောကြားကာ အရဟတ္တ ဖိုလ်ရောက်အောင် ပို့ဆောင်တော်မူခဲ့ပေသည်။

ဤသို့အားဖြင့် အမွန်မြတ်ဆုံးသော ဓမ္မအမွေတော်ကြီးကို အောင်မြင်စွာပေးအပ်ပြီးသည့်နောက်တွင်ကား အရှင်ရာဟုလာအတွက် ကြောင့်ကျစိုက်ဖွယ်မရှိတော့ပြီ။ သို့ဖြစ်၍ တစ်လျှောက်လုံးထားလာ ခဲ့သည့် မဟာကရုဏာဗြဟ္မစိုရ်တရားနေရာတွင် ဥပေက္ခာဗြဟ္မစိုရ်တရားဖြင့် အစားထိုး၍ ထားတော်မူပေသည်။

ထိုအချိန်တွင် ဘထွေးတော် အရှင်နန္ဒသည်လည်း လုံးလုံးကြီး အကျွတ်တရားရပြီးပြီဖြစ်၍ ဝေးလံသီခေါင်လှသည့် တောရွာကလေးကို အမှီပြုကာ တစ်ပါးတည်း တောရဆောက်တည်လျက် ရှိနေပေပြီ။

အရှင်ရာဟုလာကမူ ထိုကဲ့သို့ တစ်ပါးတည်း တောရဆောက်တည်နေရန်လည်း စိတ်မညွတ်ပေ။ အရှင်အာနန္ဒာကဲ့သို့လည်း ဘုရားရှင်ထံတော်ပါးသို့ ချဉ်းကပ်နေရန် မကြိုးစားမိပေ။ ခမည်းတော်ဘုရားပေးထားခဲ့သည့် ဓမ္မအမွေတော်မြတ်ကြီးကို အချိန်ရသရွေ့ တငြိမ့်ငြိမ့် ခံစား၍သာ နေခဲ့လေသည်။

ထိုစဉ်တုန်းက ဘုရားရှင်၏ အမြဲတမ်းအလုပ်အကျွေးတာဝန်ကို အရှင်အာနန္ဒာ မရသေးပါ။ အခြားရဟန်းများလည်း အလျဉ်းသင့်သလို ပြုစုလုပ်ကျွေးလာခဲ့ကြ၏။

ဤသာသနာတော်၌ ဘုရားရှင်ကို ပထမဆုံးပြုစုလုပ်ကျွေးခွင့်ရသူမှာ ပထမဆုံး ရဟန်းဖြစ်ခွင့်ရခဲ့သော အရှင်အညာသိကောဏ္ဍည ဖြစ်၏။ အရှင်မြတ်ကြီး သက်တော်ကြီးရင့်၍ မစွမ်းနိုင်တော့သောအခါ တူဖြစ်သူ အရှင်ပုဏ္ဏထံသို့ တာဝန်လွှဲအပ်ထားခဲ့၏။ အရှင်ပုဏ္ဏ ပြုစုလုပ်ကျွေးနေဆဲတွင် အရှင်အာနန္ဒာ ဝင်ရောက်လာ၏။ အရှင်အာနန္ဒာ ပြုစုလုပ်ကျွေးနေဆဲမှာပင် ရံဖန်ရံခါ အရှင်နာဂသမာလသည် ဘုရားရှင်၏ သပိတ် သင်္ကန်းကို သယ်ပိုးလျက် လိုက်ပါလာခဲ့၏။ ထို့အတူပင် အရှင်နာဂိတ၊ အရှင်ဥပဝါဏ၊ အရှင်သုနက္ခတ္တ၊ အရှင်စုန္ဒ၊ အရှင်သာဂတနှင့် အရှင်မေဃိယတို့သည်လည်း အကြောင်းသင့်သလို ပြုစုလုပ်ကျွေးလာခဲ့ကြ၏။ အမြဲတမ်း တာဝန်ပေးထားသည့် အလုပ်အကျွေး ရဟန်းဟူ၍ မရှိသေးပါ။

ထို့ကြောင့်လည်း ဘုရားရှင်မှာ တစ်ခါတစ်ရံ မလိမ္မာသော အလုပ်အကျွေး ရဟန်းများကြောင့် အခက်အခဲနှင့် တွေ့ကြုံတော်မူခဲ့ရပေသည်။

အခက်အခဲတွေ့ရစဉ်တုန်းက တောထဲ တောင်ထဲမှာဖြစ်၍ မည်သူမျှ မသိလိုက်ကြရ။ မည်သို့မျှ မခံစားခဲ့ကြရ။ ထိုအခက်အခဲကို ဘုရားရှင်၏ ရွှေနှုတ်တော်မှ ထုတ်ဖော်လိုက်ခါမှ ရဟန်းအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကြရပေတော့သည်။

"ရဟန်းတို့၊ ယခုအခါ ငါဘုရား အိုမင်းရင့်ရော်၍လာချေပြီ။ အချို့သောရဟန်းတို့သည် ငါဘုရားနှင့် လမ်းခွဲ၍သွားခဲ့ကြ၏။ အချို့သောရဟန်းတို့သည် ငါဘုရား၏ သပိတ်၊ သင်္ကန်းကို မြေပြင်ပေါ် ချထားခဲ့ကြ၏။ ငါဘုရားအား အမြဲတမ်းပြုစုလုပ်ကျွေးမည့် ရဟန်းတစ်ပါးကို ရွေးချယ်ကြကုန်လော့"

ရဟန်းအပေါင်းတို့ ခေါင်းငိုက်စိုက် ချသွားကြရသည့် မိန့်ခွန်းတော်ကြီးပင် ဖြစ်ပါ၏။

ဘုရားရှင်းကိုယ်တော်တိုင်က "အိုမင်းရင့်ရော်လာပြီ" ဟု မိန့်တော်မူသည့်အတိုင်း ယခုအခါ ဝါတော်နှစ်ဆယ်ပြည့်သွားပါပြီ။ သက်တော်အားဖြင့် ငါးဆယ့်ငါးနှစ်ဖြစ်၍ ဇရာဒဏ်ကို ခံစားနေရပါပြီ။

ဘုရားရှင်၏ရှေ့ပိုင်း ဝါတော်နှစ်ဆယ်ကို ပထမဗောဓိဟု သတ်မှတ်ကာ နောက်ပိုင်းဝါများကို ပစ္ဆိမဗောဓိဟု သတ်မှတ်ထားကြ၏။ ယခု ပထမဗောဓိမှ ပစ္ဆိမဗောဓိသို့ အကူးအပြောင်းတွင်မှ စိတ်နှလုံးတုန်လှုပ်ဖွယ်ကိစ္စနှင့် တွေ့ကြုံလိုက်ရပါချေပြီ။

နေရာကား ဇေတဝန်ကျောင်းတိုက်အတွင်း ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်၏ ဥပစာ။

အချိန်ကား နေ့အကုန် ညအကူး တောင်လေမြူးသည့် မိုးဦးရာသီ။

အမှိုက်တစ်မျှင်၊ မြက်တစ်ပင်မျှ မရှိစေရဘဲ သဲဖြူဖြူခင်းထားသည့် မြေပြင်ညီညီတွင် ရဟန်းများသည် သင်ဖြူးပိုင်းကလေးတွေ ကိုယ်စီခင်းလျက် ထိုင်နေကြ၏။ တစ်နေ့တာလုံး ခံစားလာခဲ့ရသည့် အပူဒဏ် အအိုက်ဒဏ်များ သက်သာလာချိန်ဖြစ်ပါလျက် ရဟန်းများမှာ သက်သောင့်သက်သာ မနေနိုင်ကြပါ။ မမျှော်လင့်ဘဲ ကြားလိုက်ရသော ဖြစ်ရပ်ဖာတ်လမ်းများနောက်သို့ အတွေးကိုယ်စီဖြင့် လိုက်ပါလျက် ရှိနေကြ၏။ တရားလက်ကိုင် ခိုင်မြဲသူနှင့် မခိုင်မြဲသူသာ ကွာခြားပါလိမ့်မည်။ အသင့်အတင့် နှလုံးသွင်းနိုင်သူနှင့် နှလုံးမသွင်းနိုင်သူသာ ကွာခြားပါလိမ့်မည်။ ကြားလိုက်ရသော သတင်းနှင့် ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာ မဖြစ်ရပုံချင်းကတော့ အတူတူသာ ဖြစ်နေကြပေသည်။

ဘုရားရှင်ကိုယ်တော်တိုင်က တိုက်ရိုက်အမည်တပ်၍ မိန့်ကြားတော်မမူသော်လည်း ဤတစ်ထိုင်တည်းမှာပင် တရားခံလက်သည်များ ပေါ်လာကြပါတော့သည်။ ဘုရားရှင်က အကြိမ်ကြိမ်တားမြစ်ထားပါလျက် လမ်းခွဲ၍ သွားခဲ့သူမှာ အရှင်မေဃိယ။ ဘုရားရှင်၏ သပိတ်နှင့် သင်္ကန်းကြီးကို မြေကြီးပေါ် ချပစ်ထားခဲ့သူက အရှင်နာဂသမာလ။ မသင့်မတင့်ပြုကျင့်ခဲ့မိသည့် ရဟန်းနှစ်ပါးလုံး ခေါင်းမဖော်ဝံ့အောင် ဖြစ်ကြရပေသည်။

အာသဝေါကုန်ခန်းသည့် ရဟန္တာတစ်ပါးဖြစ်နေပြီမို့ အရှင်ရာဟုလာသည် ကြားလိုက်ရသည့် သတင်းအတွက် နှလုံးမသာမယာတော့ မဖြစ်ပါ။ သို့ရာတွင် အားကြီးသည့် ဓမ္မသံဝေဂကိုတော့ ပွားနေမိပေသည်။ "ရဟန်းရှင်လူအပေါင်းတို့၏ ပူဇော်ဦးခိုက်ရာ

ဘုရားရှင် ကိုယ်တော်တိုင်သော်မှ ဤကဲ့သို့သော မလိမ္မာသူများနှင့် တွေ့ကြုံ ရပေသေးသည်တကား”ဟု တရားနှင့် ဖြေနေရပေသည်။

ဖြစ်နိုင်မည်ဆိုပါက အရှင်ရာဟုလာသည် ရဟန်းပရိသတ် အပေါင်း၏ ရှေ့သို့ထွက်လိုက်ချင်လှ၏။ “သည်က ရှေ့မှာ တပည့် တော် အမြဲတမ်း ပြုစုလုပ်ကျွေးပါတော့မည် ဘုရား” ဟု ဝံ့ဝံ့စားစား လျှောက်လိုက်ချင်လှ၏။ ဤသာသနာတော်ကြီးတစ်ရပ်လုံးဝယ် ရဟန္တာအဆင့်ရောက်လာကြသည့် အရှင်မြတ်ကြီးတွေ အမြောက် အမြား ရှိသည် မှန်ပါ၏။ သည်အထဲတွင် မိမိသည်ကား ခမည်းတော် မြတ်၏ အသွေးအသားက ပေါက်ဖွားလာသူ။ သို့ဖြစ်၍ မိမိထက် ပို၍ ပြုစုလုပ်ကျွေးထိုက်သူဟူ၍ ရှိနိုင်ပါဦးမည်လော။

သို့ရာတွင် အရှင်ရာဟုလာ စိတ်သွားတိုင်းကိုယ်ပါ၍ မဖြစ် သေးပါ။ ဤသံဃာ့ပရိသတ်တွင် မိမိသည် သိက္ခာအငယ်ဆုံးထဲက ဖြစ်၏။ ရဟန်းသိက္ခာငါးဝါ လွန်မြောက်၍ ခြောက်ဝါထဲ ရောက်ခါစ လေး ရှိသေး၏။ ထို့ကြောင့် မိမိထက် အဆများစွာ သိက္ခာရထားသည့် အရှင်မြတ်ကြီးတို့၏ အရိပ်အခြည်ကို စောင့်ကြည့်ရပါဦးမည်။ ရှေ့သွားခေါင်းဆောင် မထေရ်ကြီးများ၏ အခြေအနေကို အကဲခတ် ရပါဦးမည်။

အရှင်ရာဟုလာ **အကဲခတ်နေစဉ်မှာပင် အရှင်သာရိပုတ္တရာ** သည် ပရိသတ်ထဲမှ **ဦးစွာထ၍ လျှောက်ထား၏။**

“အရှင်ဘုရား၊ **ဤယနေ့မှ အစပြု၍ အသက်ရှင်သမျှ** ကာလ ပတ်လုံး ဘုရားရှင်ကို **တပည့်တော် ပြုစုလုပ်ကျွေးပါတော့မည်** ဘုရား”

တပည့်သာဝကအပေါင်းတွင် အမြင့်မြတ်ဆုံးဖြစ်သော တပည့် ကြီး၏ လျှောက်ထားချက်ကို ဘုရားရှင်က လက်ခံတော်မမူပါ။

"သာရိပုတ္တရာ၊ မပြုစုနှင့်။ မလုပ်ကျွေးနှင့်။ သင်ရှိလေရာအရပ်တွင် တရားသံဆိတ်သည်ဟူ၍ မရှိပေ။ သင်၏ အဆုံးအမသည် ငါဘုရားဆုံးမသည်နှင့် ထပ်တူဖြစ်၏။ ထို့ကြောင့် ငါဘုရားအား ပြုစုလုပ်ကျွေးရန် သင့်မှာ တာဝန်မရှိပေ"

ဤသို့ အကျိုးသင့်အကြောင်းသင့် မိန့်တော်မူကာ ပယ်လှန်တော်မူလိုက်၏။ ထို့နောက် အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ စသော မထေရ်ကြီးများ လျှောက်ထားရာတွင်လည်း အပယ်ခံရသည်ချည်းဖြစ်၏။ ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးတွေ တစ်ပါးပြီးတစ်ပါး အပယ်ခံရပြီးနောက် ရဟန်းငယ်များအလှည့်ရောက်လာသည်တွင် အရှင်ရာဟုလာ လျှောက်ထားပါသေး၏။ လောကမေ့ နှစ်ဌာနအားဖြင့် တော်စပ်သည့် သားတော်ရဟန်း၏ လျှောက်ထားချက်ကိုလည်း ခမည်းတော်ဘုရားက လက်ခံတော်မမူပါ။

သည်တော့ ဤရဟန်းပရိသတ်ထဲတွင် ဘုရားရှင်၏ အပယ်အလှန် မခံရသေးသည်မှာ အရှင်အာနန္ဒာတစ်ပါးတည်းသာ ရှိပါတော့သည်။

ထို့ကြောင့် ရဟန်းအပေါင်းက အရှင်အာနန္ဒာအား အလုပ်အကျွေးတာဝန် တောင်းခံရန် တိုက်တွန်းကြရာ-

"အရှင်ဘုရားတို့၊ တောင်းခါမှ ရလာသော အလုပ်အကျွေးတာဝန်သည် တန်ဖိုးရှိပါဦးမည်လော။ တပည့်တော်ကိုကော ဘုရားရှင်မမြင်ဘဲ နေတော်မူပါမည်လော။ ဘုရားရှင်ကိုယ်တော်တိုင်က နှစ်သက်တော်မူပါလျှင် 'အာနန္ဒာ၊ ငါ့ကိုလုပ်ကျွေးလော့'ဟူ၍ ရွှေနှုတ်တော်က ထုတ်ဖော်မိန့်ကြားတော်မူပါလိမ့်မည်"

ဤသို့ အရှင်အာနန္ဒာ လျှောက်ထားသည့်အတိုင်းပင် ဘုရားရှင်ကလည်း-

"ရဟန်းတို့၊ အာနန္ဒာကို အခြားသူက တိုက်တွန်းစရာမလိုပေ။ သူ့တာဝန်ကို သူ့ဘာသာသိ၍ ငါဘုရားကို လုပ်ကျွေးပါလိမ့်မည်" ဟု မိန့်ကြားတော်မူလေသည်။

ဤသို့အားဖြင့် အရှင်အာနန္ဒာသည် ဘုရားရှင်ထံတော်မှ ပယ်လည်း လေးတန်၊ ပန်လည်း လေးခု၊ ဆုရှစ်ဆုကို တောင်းခံပြီးလျှင် ရာသက်ပန်အလုပ်အကျွေးတာဝန်ကို ခံယူလိုက်လေသည်။

အရှင်ရာဟုလာသည် ထိုနေ့ ထိုအချိန်က မြင်ကွင်းကို ဘယ်တော့မျှ မေ့နိုင်မည်မဟုတ်ပါ။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီးသခင် ဘုရားရှင်ကိုယ်တော်တိုင်သော်မှ တပည့်မလိမ္မာများနှင့် တွေ့ရသေးသည့်အဖြစ်ကို သတိသံဝေဂ ပွားနေရပါဦးမည်။

ထို့အတူပင် ရာသက်ပန်အလုပ်အကျွေး တာဝန်ကို ထိုက်ထိုက်တန်တန် ခံယူလိုက်ရသည့် ဘထွေးတော်အရှင်မြတ်အတွက်လည်း မုဒိတာ ပွားနေရပါဦးမည်။ အကြိမ်ကြိမ်အခါခါ သာဓုခေါ်နေရပါဦးမည်။



## ၂၆။ တေဒဂ်ဆုပေးပွဲကြီး

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်တုန်းက ကျင်းပခဲ့သည့် တရားပွဲများတွင် တေဒဂ်ဆုပေးသည့် တရားပွဲသည် အကြီးကျယ်ဆုံးလည်း ဖြစ်ပါ၏။ အခန်းနားဆုံးလည်း ဖြစ်ပါ၏။ ကျက်သရေမင်္ဂလာ အပေါင်းနှင့် အပြည့်စုံဆုံးလည်း ဖြစ်ပါ၏။

တေဒဂ်ဟူသည်မှာ တေဒဂ္ဂဟူသော ပါဠိစကားမှ ရွေ့လျော လာသည့် ပါဠိပျက် ဝေါဟာရတစ်ခုဖြစ်၏။ တေဒဂ္ဂမှာ ပုဒ်နှစ်ခုကို သန္ဓိစပ်ထားခြင်းဖြစ်၍ ထိုပုဒ်တို့ကို ခွဲထုတ်လိုက်လျှင် တေံ-အဂ္ဂ ဟူ၍ ဖြစ်လာကြ၏။ တေံဟူသည်မှာ တေဒဂ်ဆုခံယူရသည့် ပုဂ္ဂိုလ်ကို ရည်ညွှန်း၍ အဂ္ဂဟူသော ပုဒ်၏အနက်များစွာရှိသည့် အနက် ဤအရာတွင် အဦးအဖျားဟူသော အနက်နှင့် အမွန်အမြတ် ဟူသော အနက်နှစ်မျိုးကို ကောက်ယူသင့်ကြောင်း အဋ္ဌကထာက ဖွင့်ပြထားပေသည်။

ထို့ကြောင့် ရဟန်းသိက္ခာကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ တန်ခိုးကြီးခြင်းစသည်ဖြင့် သက်ဆိုင်ရာဌာနအသီးသီး၌ အဦးအဖျား ဖြစ်သော၊ အမွန်အမြတ်ဖြစ်သော ပါရမီရှင် သာဝကများကို ရွေးထုတ် တော်မူကာ ဧတဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ စသည်ဖြင့် ဘုရားရှင် ကိုယ်တော်တိုင်က ရွေးနှုတ်တော်ဟ၍ ချီးကျူးဂုဏ်ပြုတော်မူသည်ကို ဧတဒဂ်ဆုပေးသည်ဟု ခေါ်ဝေါ်ခဲ့ကြရပေသည်။

ထိုနေ့က ဇေတဝန်ကျောင်းတော်ကြီး၌ ကျင်းပသော ထိုဆု ပေးပွဲကြီးသို့ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမဟူသော ပရိသတ်လေးပါးလုံး အစုံအညီ တက်ရောက်ကြ၏။ ဥပါသကာ ပရိသတ်ထဲတွင် ပသေနဒီကောသလမင်းကြီး အမှူးပြုသော မင်း၊ မှူးမတ်များ ပါဝင်၏။ သာသနာတော်ကို ကြည်ညိုဆည်းကပ်သည့် ပုဏ္ဏားများလည်း တက်ရောက်ကြ၏။ ထင်ရှားကျော်ကြားသည့် သူဌေးကြီးများနှင့်အတူ သာဝတ္ထိမြို့တော်သူ၊ မြို့တော်သားများလည်း အုပ်စုအသီးသီးဖွဲ့၍ တက်ရောက်လာခဲ့ကြပေသည်။

ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့ စုံစုံညီညီ အစီအရီထိုင်မိ ကြသောအခါ ဘုရားရှင်သည် ဤသို့သော ဧတဒဂ်ဆုကြီးများ ဆွတ်ခူးနိုင်ရေးအတွက် သာဝကအသီးသီးတို့၏ ထူးချွန်ပြောင်မြောက် သည့် စွမ်းဆောင်ချက်များကို ထုတ်ဖော်ဟောကြားတော်မူပြီးလျှင် အရှင်အညာသိကောဏ္ဍညအား ရတ္တညူအရာဌာန၌ ဧတဒဂ်ဆု ချီးမြှင့်တော်မူ၏။ ထို့နောက် အရှင်သာရိပုတ္တရာအား ဉာဏ်ပညာ ကြီးမားသော အရာဌာန၌လည်းကောင်း၊ အရှင်မဟာမောဂ္ဂလာန်အား တန်ခိုးကြီးသောအရာ၌လည်းကောင်း ဧတဒဂ်ဆု ချီးမြှင့်တော် မူ၏။

ဤသို့အားဖြင့် မိမိတို့ဆုပန်ခဲ့ရာ ဌာနအသီးသီး၌ ဆုရထိုက်သည့် သာဝကများကို တစ်ပါးချင်း၊ တစ်ပါးချင်း ဆုပေးတော်မူလာခဲ့ရာ တစ်ဆယ့်ကိုးပါးမြောက်တွင် အရှင်ရာဟုလာ၏အလှည့် ကျလာပေသည်။

အရှင်ရာဟုလာ ဧတဒဂ်ဆုထူး ဆွတ်ခူးနိုင်ရန် ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက်သည်ကား သာမဏေဘောင်ရောက်ခါစတုန်းက ဘုရားရှင်၏ ကုဋိအိမ်ထဲမှာ တစ်ညလုံးနေခဲ့ခြင်းဖြစ်၏။ အခါတိုင်းညများ၌ ရဟန်းတို့နှင့်အတူ အိပ်နေကျဖြစ်သော ရှင်ရာဟုလာသည် ထိုညတွင်ကား သဟသေယျသိက္ခာပုဒ်ပညတ်ထားပြီးပြီဖြစ်၍ ရဟန်းတို့နှင့်အတူ အိပ်ခွင့်မရပေ။ ဤအကြောင်းကို ရဟန်းများကပြောပြကြသည်တွင် ရှင်ရာဟုလာသည် သိက္ခာပုဒ်ကို ချစ်မြတ်နိုးသောအားဖြင့်၊ လေးစားသောအားဖြင့် တစ်ခွန်းတည်းသောစကားဖြင့်ပင် ရဟန်းတို့နှင့် လွတ်ရာကျွတ်ရာသို့ ထွက်လာခဲ့ပေသည်။

ဘုရားရှင်သည် ရှင်ရာဟုလာဘဝတုန်းက ဤသို့ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်လာခဲ့သည်ကို ထုတ်ဖော်ဟောကြားတော်မူပြီးလျှင် –

"ရဟန်းတို့၊ ကျင့်ဝတ်သိက္ခာကို ချစ်မြတ်နိုးသည့် ငါဘုရား၏ တပည့်ရဟန်းများတွင် ရာဟုလာသည် အဦးဆုံး အမြတ်ဆုံးပါပေတည်း"

ဤသို့ သိက္ခာကာမ အရာဌာန၌ ဧတဒဂ်ဆု ချီးမြှင့်တော်မူလေသည်။

ထိုနေ့က ဆုချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်ထူးများတွင် ရဟန်းအပါး (၄၀)၊ ရဟန်းမ (၁၄) ပါး၊ ဥပါသကာ (၁၁) ယောက်နှင့် ဥပါသိကာမ (၁၀) ယောက်တို့ ပါဝင်ကြပေသည်။

ထိုဆုထူးရှင်တို့၏ ယခု ပစ္စုပ္ပန်ဘဝတွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်မှုကို အကြောင်းပြု၍ တေဒဂ်ဆုဖြင့် ချီးမြှင့်ရာတွင် အရင်းခံအကျဆုံး အကြောင်းတရားသည်ကား ထိုဆုကို ပန်ဆင်၍ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်လာခဲ့ခြင်းပင် ဖြစ်ပေသည်။

■■



## ၂၇။ ရေးဆုတောင်းနှင့် ပါရမီ

ဘုရားရှင်က အရှင်ရာဟုလာအား ဆုထူးခံပုဂ္ဂိုလ်များထဲတွင် ထည့်သွင်းပေးတော်မူခြင်းမှာ သားအဖ တော်စပ်နေခြင်းကြောင့် မဟုတ်ပေ။ အရှင်ရာဟုလာ၏ ရှေးက ပန်ခဲ့သောဆုနှင့် ဖြည့်ကျင့် ဆည်းပူးလာခဲ့သည့် ပါရမီကောင်းမှုများကြောင့်သာ ဖြစ်ပေသည်။

အခြားအခြားသော တေဒဂ်ဆုရှင်များ နည်းတူပင် အရှင် ရာဟုလာသည်လည်း လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်က စတင်၍ ပါရမီဖြည့်လာခဲ့ရ၏။ ထိုကမ္ဘာ၌ ပွင့်ထွန်းတော်မူခဲ့သော ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်တွင် အရှင်ရာဟုလာ၏ အလောင်းလျာသည် ဟံသာဝတီမြို့တော်တွင် ဂဟပတိမဟာသာလ သူဌေးကြီး၏သား ဖြစ်ခဲ့၏။ သူနှင့်မျိုးရိုးတူမျှသော ပါရမီဖြည့်ဖက် တစ်ယောက်လည်း ရှိသေး၏။ ထိုသူနှစ်ယောက်တို့သည် ငယ်စဉ် ကပင် ချစ်ကျွမ်းတဝင်နေလာခဲ့ကြ၏။ အရွယ်ရောက်၍ မိဘအမွေကို ခံယူလာကြပြီးသည့်နောက်တွင်လည်း အကျွမ်းတဝင်ရှိမြဲရှိကာ ကုသိုလ်

ကောင်းမှုဖြင့် မွေ့လျော်ကြ၏။ ဆင်းရဲချို့တဲ့သူများ၊ ခရီးသွားဧည့်သည် များကို နေ့စဉ်နေ့တိုင်း စားကောင်းသောက်ဖွယ်များ ကျွေးမွေး လှူဒါန်း၍ နေကြ၏။

တစ်နေ့သောအခါတွင် သူဌေးနှစ်ယောက်တို့သည် တန်ခိုး ဣဒ္ဓိပါဒ်ကြီးမားသည့် ရသေ့နှစ်ပါးနှင့် တွေ့ဆုံကာ ဆရာဒကာအဖြစ် သို့ ရောက်လာကြ၏။ ရသေ့တစ်ပါးသည် မိမိအသွေးအသားထဲတွင် အပူဒဏ်ရှိနေ၍ ထိုအပူဒဏ်မှ သက်သာခွင့်ရစေရန် သမုဒ္ဒရာရေပြင်ကို ခွဲပြီး ပထဝိန္ဓရ နဂါးမင်း၏ ဘုံဗိမာန်သို့ သွား၍ နေလေ့ရှိ၏။ အခြားရသေ့တစ်ပါးကမူ တာဝတိံသာနတ်ပြည်သို့ တက်၍ နေလေ့ ရှိ၏။

နဂါးပြည်သို့ ကြွလေ့ရှိသော ရသေ့သည် မိမိ၏ ဒါယကာ သူဌေး ဆက်ကပ်သည့် ဆွမ်းကိုစားပြီးလျှင် "ဤကောင်းမှုကြောင့် ပထဝိန္ဓရ နဂါးမင်း၏ စည်းစိမ်မျိုးကို ရပါစေသတည်း"ဟု ဆုပေး၏။ ဆွမ်းဒယကာသူဌေးက ပထဝိန္ဓရ နဂါးမင်းအကြောင်းကို မေးလျှောက် သည်တွင် ရသေ့က ပထဝိန္ဓရ နဂါးမင်း၏ စည်းစိမ်ချမ်းသာ ကြီးကျယ်ပုံ၊ မွေ့လျော်ပျော်ရွှင်ဖွယ်ကောင်းပုံတို့ကို ပြောပြ၏။ ဤတွင် ဒါယကာသူဌေးကလည်း ပထဝိန္ဓရ နဂါးမင်း၏ စည်းစိမ်ချမ်းသာကို တောင့်တ၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်လေသည်။

ထို့အတူပင် အခြားသူဌေးတစ်ဦးကလည်း သိကြားမင်း၏ စည်းစိမ်ချမ်းသာကြီးကျယ်ပုံကို ကြားနာရသဖြင့် သိကြားမင်းအဖြစ် ကို တောင့်တ၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်လေသည်။

ဤသို့ဖြင့် သူငယ်ချင်းနှစ်ယောက်တို့သည် ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုကြ၍ ထိုဘဝမှ ကွယ်လွန်သောအခါ မိမိတို့ဆုတောင်း ခဲ့သည့်အတိုင်း ဖြစ်လာကြ၏။ ပထဝိန္ဓရ နဂါးမင်းဖြစ်လာသောသူ

သည် ရင်ဘတ်ဖြင့် သွားလာရသည့် မိမိ၏ကိုယ်ခန္ဓာကိုကြည့်ကာ မိမိဆုတောင်းမှားလာခဲ့၍ ဤဘဝသို့ရောက်ရပေပြီဟု စိတ်မချမ်းမသာ ဖြစ်ရ၏။

စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် တစ်လလျှင် နှစ်ကြိမ် သိကြားမင်းထံ အခစားဝင်ရောက်ကြရ၏။ နတ်မင်းကြီး လေးပါးတွင် အပါအဝင်ဖြစ်သော ဝိရူပက္ခနတ်မင်းကြီးသည် ရှိရှိသမျှ နဂါးတို့ကို အစိုးရသည့်ဖြစ်၍ သိကြားမင်းထံ အခစားဝင်သောအခါ ပထဝိန္ဒရ နဂါးမင်းကို ခေါ်လာခဲ့၏။ နဂါးမင်းနှင့် သိကြားမင်းတို့ မျက်နှာချင်းဆိုင်မိကြသောအခါ ဘဝဟောင်းက ပါရမီဖြည့်ဖက် မိတ်ဆွေရင်းချာဖြစ်ခဲ့ပုံကို မှတ်မိလာကြ၏။ ဤတွင် ပထဝိန္ဒရ နဂါးမင်းက မိမိ၏ လက်ရှိဘဝကို စိတ်ပျက်မိကြောင်း ပြောပြရာတွင် သိကြားမင်းက–

"စိတ်မပျက်ပါနှင့် သူငယ်ချင်း၊ လူ့ပြည်မှာ ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူနေပါပြီ။ ပဒုမုတ္တရဘုရားရှင်ထံတော်မှာ ကုသိုလ်ကောင်းမှု များပြုပြီး သိကြားမင်းဆုကို တောင်းပါ။ ရှေးကလိုပင် ငါနှင့်အတူ စည်းစိမ်ချမ်းသာတွေ ပျော်ပျော်ကြီး ခံစားကြပါစို့"ဟု အကြံပြု၏။

ပထဝိန္ဒရ နဂါးမင်းကလည်း အကြံပြုချက်ကို သဘောကျသဖြင့် မိမိ၏ဘုံဗိမာန်သို့ ပဒုမုတ္တရ ဘုရားရှင်ကို ပင့်လျှောက်၏။ နဂါးမင်း၏ ဘုံဗိမာန်ထဲတွင် ဘုရားရှင်နှင့်တကွ နောက်ပါရဟန်းတို့အတွက် နေရာများခင်းပေးရာတွင် ဘုရားရှင် ရှေ့တည့်တည့်တွင် ပဒုမုတ္တရ ဘုရားရှင်၏ သားတော်ဖြစ်သော ဥပရေဝတသာမဏေ၏ နေရာဖြစ် နေ၏။ ပဒုမုတ္တရဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းတို့ ထိုင်မိကြ သောအခါ ပထဝိန္ဒရ နဂါးမင်းသည် ပဒုမုတ္တရဘုရားရှင်၏ ရှေ့တည့် တည့်မှာ ထိုင်နေသည့် သာမဏေကလေးကို သတိပြုမိ၏။

ဤသာမဏေကလေးသည်ကား သူ့နောက်မှာ ရှိနေသော ဘုရားရှင်ကိုယ်တော်မြတ်ကဲ့သို့ပင် ရွှေအဆင်းသို့ ဝါဝင်းသော အသားအရေလည်း ရှိ၏။ ရုပ်ရေသွင်ပြင်နှင့်တကွ လက္ခဏာကြီးငယ်အသွယ်သွယ်တို့မှာလည်း ဘုရားရှင်နှင့် ဆင်တူလှ၏။ ထို့ကြောင့် ဤသာမဏေကလေးနှင့် ဘုရားရှင်တို့ တော်စပ်ပုံကို လျှောက်ထားကြည့်ရာတွင် ဘုရားရှင်၏ သားတော်ဖြစ်၍ ဥပရေဝတ သာမဏေဖြစ်ကြောင်း သိလာရ၏။

ဤတွင် ပထဝိန္ဓရ နဂါးမင်းသည် ပဒုမုတ္တရဘုရားရှင်နှင့်တကွ နောက်ပါ ရဟန်းများအား မိမိ၏ဘုံဗိမာန်၌ ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးပြီးလျှင် နောက်ပွင့်လာမည့် ဘုရားတစ်ဆူဆူ၏ သားတော်တစ်ပါးဖြစ်ပါစေကြောင်း ဆုတောင်းခဲ့လေသည်။

ထိုသို့ ပထဝိန္ဓရ နဂါးမင်း ဆုတောင်းသည့်အချိန်တွင် စုဝေးရောက်ရှိနေသည့် နတ်အပေါင်းကလည်း ဆုထူးပန်အလောင်းလျာနှင့် အတူတကွ ကျွတ်တမ်းဝင်ရပါစေကြောင်း ဆုတောင်းလျက် ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ဆည်းပူးအားထုတ်ကြပေသည်။

ပထဝိန္ဓရ နဂါးမင်းသည် ထိုအချိန်မှစတင်၍ ပါရမီကုသိုလ်အမျိုးမျိုးတို့ကို ဖြည့်ကျင့်ဆည်းပူး၍ ဘဝသံသရာခရီးစဉ်အတိုင်း လျှောက်လာခဲ့ရာ ဤဘဒ္ဒကမ္ဘာတွင် တတိယမြောက်ပွင့်တော်မူသည့် ကဿပဘုရားရှင်၏ လက်ထက်တော်သို့ ရောက်လာ၏။ ကာသိတိုင်းကို အစိုးရသော ကိကီမင်းကြီး၏ သားတော်ဖြစ်လာကာ ဆုပန်ခဲ့သည့် ဘဝတုန်းက အတိုင်း ပထဝိန္ဓရမင်းသားဟူ၍ပင် အမည်တွင်လေသည်။

ပထဝိန္ဓရမင်းသား အရွယ်ရောက်သောအခါ ခမည်းတော်ကိကီမင်းကြီးက အိမ်ရှေ့မင်းအရာကို အပ်နှင်း၏။ ပထဝိန္ဓရမင်းသား

သည် နှစ်မတော် ခုနစ်ယောက်တို့ ဆောက်လုပ်လှူဒါန်းသည့် ကျောင်း အလှူထဲတွင် ပါဝင်ခွင့်မရသဖြင့် မိမိဘာသာ သီးခြားနေရာ ရှာရ၏။ ရှာ၍ရလာသည့်နေရာတွင် ငါးရာသောကျောင်းတို့ကို ဆောက်ပြီးလျှင် ကဿပမြတ်စွာဘုရားနှင့်တကွ ရဟန်းတို့အား လှူဒါန်းလေသည်။

ဤသို့အားဖြင့် ဘဝဆက်တိုင်း ပါရမီကုသိုလ်အမျိုးမျိုးကို ဆည်းပူး၍ လာခဲ့ရာ ယခုနောက်ဆုံးဘဝတွင် ရှေးက ဆုတောင်းကောင်းခဲ့သည့်အားလျော်စွာ ဘုရားရှင်၏ သားတော်ရင်းချာဖြစ်လာခဲ့ရပေသည်။

အရှင်ရာဟုလာသည် ဘုရားရှင်၏ သားတော်အဖြစ်သို့ ရောက်လာရပုံအကြောင်းစုံကို ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ပြန်လည်သုံးသပ်ပြီးလျှင် ယခုနောက်ဆုံးဘဝတွင်လည်း မိမိ၏ခမည်းတော်မြတ်က မိမိအား ဤအဆင့်သို့ရောက်အောင် မျက်ခြေမပြတ်စောင့်ရှောက် ဆုံးမလာခဲ့သည့် ကျေးဇူးတော်တို့ကိုလည်း အစဉ်သဖြင့် သတိရနေမိ၏။ ထိုသို့ သတိရလာသည့်အခါတိုင်းမှာလည်း မိမိ၏ ဟဒယနှလုံးအိမ်တွင် နှစ်လိုအားရ ကျေနပ်လှသော ပီတိတွေ တဖွားဖွား ဖြစ်ပေါ်လာကြ၏။ ထိုပီတိစေတသိက်တို့သည် အရှိန်အဟုန်အားကောင်းသည်ထက် အားကောင်းလာကာ ဟဒယနှလုံးအိမ်ထဲမှာ မဆန့်တော့သဖြင့် နှုတ်ဖျားမှ စကားသံများအဖြစ် ပွင့်ထွက်လာကြ၏။ ထက်သန်လွန်းလှသော ပီတိအဟုန်ဖြင့် ဤသို့စကားသံများ ပွင့်ထွက်လာသည်ကို ဥဒါန်းကျူးသည်ဟု ခေါ်ဝေါ်ကြရပေသည်။

အရှင်ရာဟုလာသည် ခမည်းတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဦးထိပ်ရွက်ပန်ဆင်လျက်–

"ရစ်မသည် မိမိ၏ဥကို မခွာမခွဲ အမြဲတမ်း စောင့်ရှောက် နေဘိသကဲ့သို့၊ စာမရီမည်သော သားကောင်သည် မြီးဆံကလေး တစ်မျှင်မျှ ကျွတ်မသွားအောင် စောင့်ရှောက်ဘိသကဲ့သို့ ဉာဏ်ပညာ ရင့်ကျက်၍ အကျင့်သီလ ပြည့်ဝကုံလုံတော်မူသော ရဟန်းမြတ်သည် ငါ့ကို စောင့်ရှောက်တော်မူခဲ့လေပြီတကား:"

ဤသို့ မကြာခဏ ဥဒါန်းကျူးရင့်၍ နေတတ်ပေသည်။

■■
■■



## ၂၈။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာ

ဘုရားရှင်အား ပြုစုလုပ်ကျွေးရန် တာဝန်မကျတော့သဖြင့် အရှင်ရာဟုလာသည် ခမည်းတော်မြတ် ပေးအပ်ထားသည့် ဓမ္မအမွေတော်ဖြစ်သော အရဟတ္တဖိုလ်ချမ်းသာကို မကြာခဏဝင်စားနေ၏။ ကျန်နေသေးသည့်အချိန်များကိုလည်း မိမိရရှိထားသည့် ဝိမုတ္တိချမ်းသာကို ဖြန့်ဝေပေးနိုင်ရေးအတွက် အသုံးချလျက် ရှိ၏။ သာသနာတော်တွင်းက ညီရင်းသဖွယ် ရဟန်းငယ်နှင့် ရှင်သာမဏေတို့အား ဝိနည်းကျင့်ဝတ်များ သင်ကြားပေး၏။ သုတ္တန်အဘိဓမ္မာနှစ်ဖြာသော တရားဒေသနာတော်များ ဟောကြားပေး၏။ ထို့အတူပင် ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာများအတွက်လည်း သာသနာတော်မြတ်ကြီးနှင့် ကြုံရသည့်အခိုက်တွင် ရသင့်ရထိုက်သည့် တရားထူးများ ရရှိခံစားနိုင်ကြစေရန် ဟောကြားခြင်းဖြင့် ကျေးဇူးတုံ့ပြန်ရပေသည်။

ဤသို့အားဖြင့် အရှင်ရာဟုလာသည် သာသနာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်၍ လာခဲ့ရာ ရဟန်းငယ်ဘဝမှ ရဟန်းလတ်

အဆင့်သို့၊ ထိုမှတစ်ဆင့် မထေရ်ကြီးအဆင့်သို့ ကူးပြောင်းလာခဲ့ပေပြီ။

ဝါနှစ်ဆယ်ကျော်လျှင် မထေရ်ကြီးခေါ်ရသော သာသနာ့ထုံးစံကြောင့်သာ ဤသို့ခေါ်ရခြင်း ဖြစ်၏။ အရှင်ရာဟုလာ၏ ရုပ်သွင်တွင်ကား ရင့်ရော်ယိုယွင်းသည့် လက္ခဏာများ မပြသေးပါ။ ရုပ်ခန္ဓာသည် ခိုင်မာကျစ်လျစ်လျက်သာ ရှိပါသေး၏။ အသားအရေကလည်း ပြည့်ဖြိုးစိုပြည်လျက်သာ ရှိပါသေး၏။

ထိုအချိန်တွင် သူ့ခမည်းတော်မြတ်၏ သက်တော်က ခုနစ်ဆယ်ကျော်လာပေပြီ။ အသက်တော်ထောက်လာသည်နှင့်အမျှ ကိုယ်ခန္ဓာနေရာအနှံ့အပြားတွင် ဇရာလက္ခဏာများ ပေါ်လာကြပေပြီ။ ဆောင်းရာသီတစ်ခုသော ညနေခင်းတွင် ပုဗ္ဗာရုံကျောင်းတော်၏ အနောက်ဖက်မျက်နှာစာ၌ ဘုရားရှင် နေစာလှုံတော်မူစဉ် အရှင်အာနန္ဒာက ဤဇရာလက္ခဏာများကို မြင်တွေ့ရသဖြင့် ထိတ်လန့်တကြားလျှောက်ထားလေရာ–

"အာနန္ဒာ၊ ဘဝဟူသည် ဤသို့သာလျှင် ဖြစ်၏။ ပျိုလေသမျှ အိုရဖို့သာ ဖြစ်၏။ မာလေသမျှ နာရဖို့သာ ဖြစ်၏။ ရှင်လေသမျှ သေရဖို့သာ ဖြစ်၏။ ငါဘုရား၏ ကိုယ်ခန္ဓာ၌ ရုပ်လက္ခဏာများ ဖောက်ပြန်ပျက်စီးလာခြင်းသည် ဖြစ်ရိုးဖြစ်စဉ်အတိုင်းသာတကား"

ဤသို့ ဘုရားရှင်က တုန်လှုပ်ခြင်းမရှိ၊ ပကတိတည်ငြိမ်သော အသံတော်ဖြင့် တုံ့ပြန်ဟောကြားတော်မူလေသည်။

ဟောကြားတော်မူသည့် တရားသံကို နာခံရင်း အရှင်ရာဟုလာသည် မိမိ၏ရုပ်ခန္ဓာတွင်လည်း သာမန်မျက်စိဖြင့် မမြင်နိုင်သည့် ဇရာလက္ခဏာများရှိနေပုံကို သုံးသပ်ဆင်ခြင်မိပေသည်။

တကယ်တော့ဖြင့် ဇရာဟူသည်မှာ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော်မှ ပေါ်လာသည်မဟုတ်ပါ။ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေကတည်းက ပါလာပြီးဖြစ်၏။ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပေါ်ခါစ အလွန့်အလွန်တိုတောင်းသည့် အချိန်ပိုင်းကလေးကို ဥပါဒ်ခဏဟု ခေါ်ဆိုရ၏။ ဥပါဒ်ခဏကို လွန်သွားသည်နှင့် တစ်ပြိုင်နက် ဌီခဏသို့ ရောက်လာ၏။ ဌီ၏အနက်အဓိပ္ပါယ်မှာ တည်နေခြင်းဟုဆိုရသော်ငြားလည်း အစဉ်သဖြင့် တည်နေနိုင်သည် မဟုတ်ပါ။ ဖြစ်ပေါ်ပြီးစ ခဏကလေး၊ တည်သည်ဆိုရုံကလေး တည်နေပြီးလျှင်ဘင် ခဏသို့ရောက်၍ ချုပ်ပျောက်ပျက်စီးရမည်ဖြစ်၏။ ထို့ကြောင့် မပျက်စီးမီအချိန်ကလေးတွင် ပျက်စီးခြင်းသို့ ရှေးရှုနေသည့် သဘောလက္ခဏာကိုပင် ဇရာဟူ၍ ခေါ်ဆိုရပေသည်။

ထို့ကြောင့် စိတ္တက္ခဏ တစ်ခုတစ်ခုတိုင်းတွင်လည်းကောင်း၊ ရုပ်တစ်ခုတစ်ခု ဖြစ်ပေါ်လာရာတွင်လည်းကောင်း ဇာတိသဘောလည်း ပါဝင်နေ၏။ ဇရာသဘောလည်း ပါဝင်နေ၏။ မရဏသဘောလည်း ပါဝင်နေ၏။ တိုတောင်းလှစွာသော ခဏကလေးတစ်ခုအတွင်းမှာပင် အသစ်အသစ်မွေးဖွားလာပြီးလျှင် အို, နာ, သေ လမ်းစဉ်ကြီးအတိုင်း မလွှဲမသွေ လိုက်ပါ၍ နေကြရပေသည်။

ဤသို့သော သဘောလက္ခဏာကို အဆင့်အမြင့်ဆုံးသော ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ထားပြီးဖြစ်၍ အရှင်ရာဟုလာသည် ခမည်းတော်မြတ်၏ ဇရာလက္ခဏာတို့ကို တရားအမြင်ဖြင့် ရှုမြင်သုံးသပ်နိုင်၏။ ဓမ္မသံဝေဂရယူရုံထက် ပိုမသွားရအောင် မိမိစိတ်ကို ထိထိရောက်ရောက် ထိန်းချုပ်ထားနိုင်၏။ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းဖြင့် ကိလေသာဟူ အပူခပ်သိမ်းတို့ကို ပယ်သတ်ပြီးဖြစ်၍ သောကပရိဒေဝစသော ခံစားခြင်းတို့ မပေါ်လာနိုင်ကြတော့ပေ။

အဆင့်အမြင့်ဆုံးသော တရားလက်ကိုင်ကို ပိုင်ပိုင်ကြီး ရထားပြီးပြီမို့ အရှင်ရာဟုလာသည် ဘွားအေဖြစ်သူ ထေရီမကြီး၏ နောက်ဆုံးနှုတ်ဆက်ခြင်းကိုလည်း တုန်လှုပ်ခြင်းမရှိ၊ ပကတိတည်ငြိမ်သော ဣန္ဒြေဖြင့် ခံယူနိုင်ခဲ့ပါပေသည်။

ဘိက္ခုနီအဖြစ် ဝင်ရောက်ခွင့်ရစဉ်တုန်းကပင် မဟာပဇာပတိဂေါတမီ၏ အသက်မှာ ရှစ်ဆယ်ဝန်းကျင်ရှိနေပါပြီ။ သို့ရာတွင် အသက်တစ်ရာ့နှစ်ဆယ်ထိအောင် နေထိုင်ခွင့်ရသဖြင့် သာသနာ့ဘောင်ရောက်ရကျိုးနပ်လှပေသည်။ နှစ်ပေါင်းလေးဆယ်မျှ သာသနာတော်အရိပ်တွင် အေးအေးလူလူ ခိုလှုံခွင့်ရခဲ့ပါပေသည်။

သို့ရာတွင် ထို့နေ့တွင်ကား ထိုအခွင့်အရေးက နိဂုံးချုပ်ပါတော့မည်။ နှစ်ပေါင်းတစ်ရာကျော် ထမ်းလာခဲ့ရသည့် ခန္ဓာဝန်ထုပ်ကြီးကို ယနေ့ ပစ်ချလိုက်ကြရပါတော့မည်။

မဟာပဇာပတိဂေါတမီနှင့်အတူ သာသနာ့ဘောင် ဝင်လာခဲ့ကြသည့် ဘိက္ခုနီငါးရာတို့သည်လည်း ယနေ့ပင် ဘဝနိဂုံးချုပ်ကြရပါတော့မည်။ ထို့ကြောင့် မဟာပဇာပတိဂေါတမီထေရီမကြီးသည် ဘိက္ခုနီငါးရာတို့ကို ဦးဆောင်ကာ သားတော်ဘုရား၏ ခြေတော်အစုံ၌ ဦးခိုက်ရှိခိုး၏။ သားတော်ဘုရား၏ သာသနာတော်ရိပ်တွင် ခိုလှုံခွင့်ရသဖြင့် ကျေးဇူးတင်စကားလျှောက်ထားပြီးလျှင် အပြစ်ရှိပါက ခွင့်လွှတ်ပါရန်လည်း တောင်းပန်လျှောက်ထား၏။

ဘုရားရှင်ကလည်း အပြစ်ဟူ၍ တစ်စုံတစ်ရာမျှ မရှိကြောင်း မိန့်ကြားတော်မူ၏။

မယ်တော်ထေရီမကြီး၏ နှုတ်ဆက်စကားတို့ကို ကြားနာရသဖြင့် အရှင်အာနန္ဒာသည် စိတ်တင်း၍ မထားနိုင်ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျရ၏။ ထေရီမကြီး၏ သားတော်ရင်းချာဖြစ်သော အရှင်နန္ဒနှင့်

မြေးတော် အရှင်ရာဟုလာတို့ကမူ သောကပရိဒေဝ ဒုက္ခအပေါင်းမှ လုံးဝလွတ်မြောက်ပြီးဖြစ်၍ မျက်ရည်မကျတော့ပါ။ ကျစရာ မျက်ရည် မရှိတော့ပါ။

"မတည်မြဲသော သင်္ခတ တရား၊ ငှက်ပျောတုံးကဲ့သို့ အနှစ် မရှိသော တရား၊ မျက်လှည့်ပမာ မရေရာသော တရား၊ တံလှပ်ကဲ့သို့ ခဏကလေးသာ တည်နေနိုင်သည့် တရား၊ ဤသင်္ခတ တရားသည် စက်ဆုပ်ဖွယ်ရှိပေစွတကား"

ဤသို့ရွတ်ဆို၍ ဓမ္မသံဝေဂ ပွားများကြပေသည်။

မဟာပဇာပတိဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်ပြုပြီး၍ နှစ် အနည်းငယ်ကြာလာသည့်တွင် အရှင်ရာဟုလာ၏မယ်တော် ဘဒ္ဒကစ္စာနာ အရှင်မကြီးသည်လည်း ဘုရားရှင်ထံတော်သို့ အကန်တော့ ဝင်လာ ပြန်၏။ အရှင်မကြီးသည်လည်း ဘုရားရှင်နှင့် သက်တူရွယ်တူဖြစ်၍ ယခုအခါ ခုနစ်ဆယ့်ရှစ်နှစ်မျှ ရှိလာပေပြီ။ မိန်းမသားတို့ သဘာဝ အတိုင်း ဘုရားရှင်ထက် ပို၍ ဇရာဒုက္ခကို ခံစားရသဖြင့် ပြုတ်လု တည်းကာမျှသာ ရှိပါတော့သည်။

ပြုတ်လုတည်းကာ ရော်ရွက်ဝါသည် သည်ကနေ့မှာတော့ ပင်ယံထက်က ပြုတ်ကျလာရန် အသင့်ဖြစ်နေပါပြီ။ ထို့ကြောင့် ယခု တစ်ကြိမ် ကန်တော့ခြင်းသည် နောက်ဆုံးကန်တော့ခြင်းပင် ဖြစ်ပါ၏။

ဟိုယခင်တစ်ခါတုန်းကလည်း သားတော်ရာဟုလာ၏ ရှေ့ မှောက်မှာပင် ကန်တော့ခဲ့ဖူးပါပြီ။ ထိုစဉ်တုန်းကမူ ဘုရားရှင်၏ ခြေဖမိုးတော်မှာ မျက်ရည်မိုးကြီးရွာသွန်းခဲ့မိ၏။ ယခုတစ်ကြိမ်မှာတော့ ထေရီမကြီး၏ မျက်ဝန်းအစုံမှ မျက်ရည်များ ကျ,မလာတော့ပါ။ လွမ်းဆွတ်တမ်းတ ပူဆွေးရခြင်းမရှိ။ ပကတိသန့်ရှင်းသောစိတ်နှလုံး ဖြင့် ပူဇော်ကန်တော့၍ နေပါပြီ။ ဤပုဂ္ဂိုလ်ကို အကြောင်းပြု၍ ကျခဲ့

ရလေသမျှ မျက်ရည်များသည် ဤပုဂ္ဂိုလ်၏ ကျေးဇူးကြောင့်ပင် ကင်းစင်ခန်းခြောက်၍ သွားကြပါချေပြီ။

ဘုရားရှင်ထံတော်မှတစ်ဆင့် မိမိထံမှောက်သို့ မယ်တော်မြတ်လာ၍ နှုတ်ဆက်ကန်တော့ရာတွင် အရှင်ရာဟုလာသည် တုန်လှုပ်ခြင်းမရှိ၊ ပကတိတည်ငြိမ်သော စိတ်နှလုံးဖြင့် ခံယူ၏။ ထို့နောက် မယ်တော်မြတ် ပရိနိဗ္ဗာန်စံဝင်ပုံကို မမှိတ်မသုန်ကြည့်ရှုရင်း မိမိ၏ ရုပ်နာမ်ခန္ဓာတို့၏ အမြဲမရှိပုံကိုလည်း ဆင်ခြင်သုံးသပ်မိလေသည်။

■■



## ၂၉။ ပရိနိဗ္ဗာန်

နိဗ္ဗာန်နှင့် ပရိနိဗ္ဗာမ်တို့သည် စကားလုံးချင်းတူသလောက် ဖြစ်နေကြ၏။ သို့ရာတွင် တရားကိုယ်အားဖြင့်ကား တစ်ခြားစီသာ ဖြစ်ကြ၏။

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်၍ ပြုပြင်စီရင်ခြင်းကင်းသော၊ ဖြစ်ခြင်း ပျက်ခြင်းမရှိသော အသင်္ခတ တရားဖြစ်၏။ ပရိနိဗ္ဗာန်သည်ကား ရဟန္တာပုဂ္ဂိုလ်တို့၏ နောက်ဆုံး စုတိစိတ်ဖြစ်၍ ဖြစ်ခြင်း ပျက်ခြင်းမကင်းသော သင်္ခတ တရားဖြစ်၏။

ဤကဲ့သို့ တရားကိုယ်အားဖြင့် ကွဲပြား၍နေသော်လည်း ကြောင်းကျိုးဆက်စပ်မှုကတော့ ရှိနေကြသည်သာ။ နိဗ္ဗာန်ကို အဆင့်အမြင့်ဆုံးသော အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်သောကြောင့်သာ ထိုစုတိစိတ်သည် ပရိနိဗ္ဗာန်ဟူသော အမည်နာမကို ခံယူရပေသည်။

အရှင်ရာဟုလာ၏ ရှေ့မှောက်မှာပင် မိမိအား ထွေးပိုက်ချီပိုး၍ အမျိုးမျိုးပြုစုစောင့်ရှောက်လာခဲ့သည့် ဘွားအေကြီး ပရိနိဗ္ဗာန်ပြုခဲ့ပေပြီ။ အရှင်ရာဟုလာ၏ ရှေ့မှောက်မှာပင် မိမိအား နို့ချိုတိုက်ကျွေး မွေးမြူလာခဲ့သည့် မယ်တော်မြတ် ပရိနိဗ္ဗာန်ပြုခဲ့ပေပြီ။

ပရိနိဗ္ဗာန်ဟူသည်မှာ ဆီမီးတောက်တစ်ခု ငြိမ်းသွားသကဲ့သို့ ငြိမ်းသွားခြင်းဖြစ်၏။ မီးစာလည်း ကုန်၍ ဆီလည်း ခန်း၍ ငြိမ်းသွားလေသော ထိုဆီမီးတောက်သည် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်မှစ၍ မည်သည့်အရပ်သို့မျှ ရောက်မသွားပေ။ မည်သည့်နေရာသို့မျှ ပြောင်းရွှေ့မသွားပေ။ ဤနေရာ ဤအရပ်မှာပင် လောင်စာမရှိတော့၍ အပြီးအသတ် ငြိမ်းသွားခြင်းသာဖြစ်ပေသည်။

ထို့အတူပင် လွန်လေပြီးသောအချိန်များတုန်းက အရှင်မကြီးနှစ်ပါးတို့ပြုခဲ့ကြသော ကောင်းကံ၊ မကောင်းကံတို့သည် ကိလေသာအဖေါ်မရှိတော့သဖြင့် အရှိန်အဟုန်ကုန်သွားကြပေပြီ။ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပြီးမှ ပြုလုပ်ခဲ့ကြသည့် ကောင်းမှုများကိုလည်း ကံဟူ၍ မခေါ်ထိုက်တော့ပြီ။

ကံဟူသည်မှာ ကိလေသာအနှောင်အဖွဲ့နှင့်တကွ ပြုလုပ်ခဲ့သောအမှုဖြစ်၏။ အရှင်မကြီးနှစ်ပါးတို့မှာ ကိလေသာအနှောင်အဖွဲ့ဟူ၍ တစိုးတစိမျှ မရှိကြတော့ပေ။ ကိလေသာအနှောင်အဖွဲ့မရှိ၊ ပကတိစင်ကြယ်သော စိတ်နှလုံးဖြင့် ပြုစုကြိုးပမ်းခဲ့သော ကောင်းမှုများသည် သာသနာတော်ကြီးအား ကျေးဇူးဆပ်ခြင်းသာဖြစ်၏။ သာသနာတော်ကြီး၏ အသီးအပွင့်ကို မိမိတို့ စားသုံးကြရသကဲ့သို့ အခြားသူများလည်း စားသုံးကြပါစေဟူသော စေတနာသန့်သန့်ဖြင့် အကျိုးဆောင်ခဲ့ခြင်းသာ ဖြစ်၏။

အရှင်မကြီးနှစ်ပါးတို့မှာ နောင်ဘဝသံသရာဟူသော အယူအစွဲ

မရှိသောသဖြင့် ဘဝသံသရာကောင်းစားရေးကိုလည်း အလေးထား ဖွယ်မရှိတော့ပေ။ မည်သူ့အတွက်မျှလည်း ကြောင့်ကျဖွယ် မရှိ၊ တောင့်တဖွယ် မရှိ၊ မိမိတို့သယ်ပိုးထားရသော ဝဋ်ခန္ဓာဝန်ထုပ်ဝန်ပိုး ကြီးကို စိတ်နှလုံးလွတ်လပ်စွာ စွန့်ပစ်လိုက်ကြခြင်းသာ ဖြစ်၏။ ထို့ကြောင့် အရှင်မကြီးနှစ်ပါးတို့၏ နောက်ဆုံး စုတိစိတ်ကို ငြိမ်းသွား လေသော ဆီမီးတောက်နှင့် ပမာပြုကာ ပရိနိဗ္ဗာန်ဟု ခေါ်ဆိုကြရ ပေသည်။

အရှင်ရာဟုလာသည် မိမိ၏ ကျေးဇူးရှင် ထေရ်မကြီးနှစ်ပါး တို့၏ ပရိနိဗ္ဗာန်ပြုပုံကို ဆင်ခြင်သုံးသပ်ရာမှတစ်ဆင့် မိမိ ပရိနိဗ္ဗာန် ပြုရမည့် နေ့ရက်ကိုလည်း သတိပြုမိလာ၏။

ထိုနေ့ ထိုရက်သို့သောက်အခါ အရှင်ရာဟုလာသည် မိမိကို အကြောင်းပြု၍ မည်သူ တစ်ဦးတစ်ယောက်မျှ မျက်ရည်မကျစေချင် သဖြင့် ခမည်းတော်မြတ်ထံသို့ပင် ကာယကံမြောက်၊ ဝစီကံမြောက်ဝင် ရောက်၍ မလျှောက်ထားတော့ဘဲ မနောကံဖြင့်သာ လျှောက်ထား လိုက်၏။ တာဝတိံသာ နတ်တို့ထံတွင် ပရိနိဗ္ဗာန်ပြုလိုပါကြောင်း ပန်ကြားလိုက်၏။

ဟိုတစ်ချိန်တုန်းက "တဏှာရှေ့သွား၊ ခြေလှမ်းများ၍၊ ပေါက် ဖွားလာရ၊ လူ့လောကကို၊ ဤမျှနှင့်တန်၊ တစ်ဖန်ထပ်ကျော့၊ ဝင် မဆော့နှင့်"ဟု ဆုံးမတော်မူခဲ့သော ခမည်းတော်မြတ်သည် ထိုသို့ ဆုံးမခဲ့သည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်သုံးတော့မည့် သားတော်ရာဟုလာကို ဉာဏ်ပညာနှင့် ထာဝစဉ်ယှဉ်စပ်နေသော ဥပေက္ခာစိတ်ဖြင့် အနူးအညွတ်ခွင့်ပြုတော်မူပါလိမ့်မည်။

အနွဝန်တောအတွင်း၌ အရှင်ရာဟုလာအား အရဟတ္တဖိုလ် ရောက်အောင် ဟောကြားခဲ့သည့် တရားတော်ကို နာရသဖြင့် အရိယာ

ဉာဏ်အဆင့်ဆင့်ကို ရရှိသော နတ်များတွင် တာဝတိံသာနတ်တို့လည်း အပါအဝင်ဖြစ်ကြ၏။ ပါရမီဖြည့်ဖေါ်ဖြည့်ဖက်၊ တရားနာဖက်၊ ကျွတ်တမ်းဝင်ဖက်ဖြစ်သော ထိုတာဝတိံသာနတ်တို့ထံသို့ ကြွရောက်၍ သားတော်မြတ်စွာ ရာဟုလာ ရဟန္တာပုဂ္ဂိုလ်ကြီး ပရိနိဗ္ဗာန်ပြုလေသည်။

တာဝတိံသာနတ်တို့ထံမှောက်၌ ပရိနိဗ္ဗာန်ပြုရာတွင် လူ့ပြည်မှာကဲ့သို့ ဈာပနအခမ်းအနား ကျင်းပဖွယ်မရှိသဖြင့် ပရိနိဗ္ဗာန်ပြုသည်နှင့် တစ်ပြိုင်နက် ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်ကို တေဇောဓာတ် လောင်ကျွမ်းသွားစေရန် အဓိဋ္ဌာန်ပြုခဲ့လိမ့်မည်ဟု မှန်းဆကြရပေသည်။

ဝဏ္ဏသိရိ

# ကျမ်းညွှန်း


| အခန်းစဉ် | ကျမ်းအမည် |
|---|---|
| ၂၄။ | သဠာယတနသံယုတ်၊ ရာဟုလောဝါဒသုတ်ပါဠိတော် နှင့် အဋ္ဌကထာ |
| ၂၅။ | သုတ်မဟာဝဂ်၊ မဟာပဒါနသုတ် အဋ္ဌကထာ |
| ၂၆။ | အင်္ဂုတ္တရ၊ ဧကကနိပါတ်၊ ဧတဒဂ္ဂဝဂ်အဋ္ဌကထာ |
| ၂၇။ | မဟာဝဂ်၊ ဣန္ဒြိယသံယုတ်၊ ဇရာသုတ်ပါဠိတော်၊ အပဒါန်ပါဠိတော်၊ မဟာပဇာပတိဂေါတမီထေရီ အပဒါန်၊ ယသော်ဓရာထေရီအပဒါန် |
| ၂၈။ | သုတ်မဟာဝဂ်၊ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၊ နိမိတ္တောဘာသကထာ။ |

# ကျမ်းညွှန်း


| အခန်းစဉ် | ကျမ်းအမည် |
|---|---|
| ၁ မှ ၆။ | ဗုဒ္ဓဝံသအဋ္ဌကထာ၊ ဂေါတမ ဗုဒ္ဓအခန်း |
| ၃။ | ဒသကနိပါတ်၊ မဟာဓမ္မပါလဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု |
| ၇ မှ ၁၂။ | ဗုဒ္ဓဝံသအဋ္ဌကထာ၊ ဂေါတမ ဗုဒ္ဓအခန်း၊ ဝိနည်း မဟာဝဂ်အဋ္ဌကထာ၊ မဟာခန္ဓက၊ ရာဟုလဝတ္ထု |
| ၁၄။ | ဝိနည်းစူဠဝဂ္ဂပါဠိတော်၊ သံဃဘေဒကက္ခန္ဓက |
| ၁၅။ | ပါစိတျာဒိအဋ္ဌကထာ၊ သဟသေယျသိက္ခာပုဒ်အဖွင့် |
| ၁၆။ | ထေရီဂါထာအဋ္ဌကထာ၊ မဟာပဇာပတိဂေါတမီ ဝတ္ထု |
| ၁၇။ | ပါစိတ်၊ သဟသေယျသိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ |
| ၁၈။ | ခုဒ္ဒကပါဌ၊ ကုမာရပဉှာသုတ် |
| ၁၉။ | မဇ္ဈိမပဏ္ဏာသ၊ အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ် ပါဠိတော်နှင့် အဋ္ဌကထာ |
| ၂၀။ | သုတ္တနိပါတ် ရာဟုလသုတ်ပါဠိတော် |
| ၂၁။ | အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်၊ ဂေါတမီသုတ်ပါဠိတော် နှင့် အဋ္ဌကထာ |
| ၂၂။ | အင်္ဂုတ္တရအဋ္ဌကထာ၊ ဧတဒဂ္ဂဝဂ်၊ ဘဒ္ဒကစ္စာနာထေရီ ဝတ္ထု၊ တိကနိပါတ်၊ အဗ္ဘန္တရဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု |
| ၂၃။ | မဇ္ဈိမပဏ္ဏာသ၊ မဟာရာဟုလောဝါဒသုတ်ပါဠိတော် နှင့် အဋ္ဌကထာ |

* လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဆင်းရဲခြင်းများမှ လွတ်မြောက်စေရန် ဗုဒ္ဓမြတ်စွာကိုယ်တိုင်ဟောကြားခဲ့သော အဆုံးအမ ဩဝါဒတို့သည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၌ တည်ရှိပါသည်။

* အဘယမင်းသား၊ ဥပါလိသူကြွယ်၊ သစ္စကပရိုဇ်၊ လူဆိုးကြီး အင်္ဂုလိမာလ၊ ဗကဗြဟ္မာ စသော ပုဂ္ဂိုလ်တို့အား ချေချွတ်ဆုံးမခဲ့ပုံများ။

* ဗျာန်သမာပတ်အဆင့်ဆင့် ဝင်စားပုံ၊ အဘိညာဉ်တန်ခိုးအမျိုးမျိုး ပန်ဆင်းပုံ၊ မင်္ဂိုလ်နိဗ္ဗာန် မျက်မှောက်ပြုပုံ စသည် . . . စသည်များ . . .

သုတ္တန်ဒေသနာ (၁၅၂) ပုဒ်တို့၏ အနက်အဓိပ္ပာယ်များကို မြန်မာစကားပြေဖြင့် ပီပြင်သိပ်သည်းစွာ ဖော်ပြထားသော

ပိဋကတ်အနှစ်ချုပ်

# မဇ္ဈိမနိကာယ်

ဓမ္မာစရိယ ဦးမောင်မောင်လေး

စာမျက်နှာ (၄၀၀) ကျော်၊ နော်ဝေစက္ကူချောဖြင့် ထွက်နေပါပြီ။

ပထမတွဲ-ရ၀ိ/- ဒုတိယတွဲ-၆၀ိ/-

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)

စာမူခွင့်ပြုချက်အမှတ် (၅၅/၂၀၀၂) (၁)

* ကျီးတို့၏ အလယ်၌ ဟင်္သာသည် မတင့်တယ်။
* မြည်းတို့၏ အလယ်၌ မြင်းသည် မတင့်တယ်။
* နွားတို့၏ အလယ်၌ ခြင်္သေ့သည် မတင့်တယ်။
* သူမိုက်တို့၏ အလယ်၌ ပညာရှိသည် နေခြင်းငှာ မတင့်တယ်။
* လူသည် သတ္တဝါတို့တွင် အသိဉာဏ်အရှိဆုံးသော သတ္တဝါ ဖြစ်သည်။

# စွယ်စုံနီတိကထာ

## ချောင်းဦး မောင်စန္ဒာ

## ပြုစုသည်

**အရွယ်ကြီး၊ ဆိုက်ကြီး စာမျက်နှာ (၂၅၀) ကျော်**

**နော်ဝေစက္ကူဖြင့် မကြာမီ ထွက်ပါတော့မည်။**

**တစ်အုပ် - ငါးရာကျပ်။**

**စပယ်ဦးစာပေဖြန့်ချိရေး**
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)

* "ပုံပြင်" ဟူသည် ကလေးများအတွက်သာ မဟုတ်။
အရွယ်မရွေး၊ လူတန်းစားမရွေး၊ ပင်ပန်းနွမ်းနယ်နေသူများ၊ စိတ်နောက်ကျို
နေသူများအတွက် ပုံပြင်တစ်ပုဒ်ဖတ်ပြီးတိုင်း ပြုံးရွှင်ကြည်နူးစေရမည်။

* ယနေ့တိုင် ကျော်ကြားနေသော တစ်ထောင့်တစ်ညပုံပြင်များမှာလည်း ပညာရှိ
အမတ်ကြီး၏သမီးက အယူသည်းနေသော ဘုရင်ကြီးကို ပုံပြင်ကလေးများ
ပြောပြရင်း အမြင်မှန်ကို ရစေသကဲ့သို့ . . .

* ဤ "မြန်မာ့ရိုးရာရယ်စရာ ပုံပြင်" ကလေးများမှာလည်း ကလေး၊ လူငယ်၊
လူရွယ်၊ လူလတ်၊ လူကြီးများအားလုံးကို စိတ်ရွှင်လန်းတက်ကြွစေရမည်။

# မြန်မာ့ရိုးရာ ရယ်စရာပုံပြင်များ

## စပယ်ဦး စာတည်းအဖွဲ့ဝင်တစ်ဦး

## ပြုစုသည်

ပုံပြင်တိုင်းကို အတွင်းသရုပ်ဖော် ပန်းချီပုံပေါင်းများစွာဖြင့်...

**မကြာမီ ထွက်ပါတော့မည်။**

**တစ်အုပ် — နှစ်ရာ့ငါးဆယ်ကျပ်။**

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)


သားတော်မြတ်စွာရာဟုလာ
ဝဏ္ဏသိရိ